www.burmeseclassic.com

ဧအောင်ချမ်းသာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့



ဖွားတော်မူရာ လုမ္ဗိနီ



ပွင့်တော်မူရာ ဗုဒ္ဓဂယာ



# မဇ္ဈိမဒေသ

# ဘုရားဖူးလမ်းညွှန်



တရားဦးဟောတော်မူရာ မိဂဒါဝုန်



ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံ

လုမ္ဗိနီ အင်ဂျင်နီယာ ဦးမောင်မောင်လေး

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

၁၃၆၆-ခုနှစ်၊ တော်သလင်းလ၊

ရန်ကုန်မြို့၊ ကမ္ဘာအေး၊သာသနာရေးဝန်ကြီးဌာန၊

သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညွှန့်မောင်

(၅၂၄/၀၂၄၀၅)မှ ထုတ်ဝေ၍သာသနာရေးဦးစီးဌာန

အတွက် ဦးမြင့်စန်း(၀၃၀၁၂)စန်းသော်တာ ပုံနှိပ်တိုက်

၁၅၈၊ ၁၉လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့တွင် ပုံနှိပ်သည်။

အတွင်းစာစီ - သဲသဲဇွန်၊ အိအိဇင်

ကြယ်တံခွန် ကွန်ပျူတာနှင့်စာစီ

အမှတ်(၁၃၉)၊ ၃၂လမ်း၊ ရန်ကုန်မြို့။

မျက်နှာဖုံးဖလင်-SUN:N SCAN GRAPHICS

မျက်နှာဖုံးဒီဇိုင်း

နှင့်စီစဉ်သူ - လုမ္ဗိနီအင်ဂျင်နီယာ ဦးမောင်မောင်လေး


ပုံနှိပ်ခြင်း - ပထမ အကြိမ်

(၂၀၀၄-ခုနှစ်၊ အောက်တိုဘာလ)

အုပ်ရေ - ၁၀၀၀၀

တန်ဖိုး - ဓမ္မဒါန

(မာတ်ပုံများကို ဦးသန်းဇော်က မေတ္တာဖြင့် ကူညီပါသည်။)

www.burmeseclassic.com

# မာတိကာ

## ( ပထမပိုင်း )


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| * | ကျမ်းဦးပဏာမ | ၁ |
| ၁။ | သံဝေဇနိယလေးဌာန | ၂ |
| ၂ | ဖူးမြော်သင့်ပါလှလေးဌာန | ၈ |
| ၃။ | မြတ်ဗုဒ္ဓ၏ဖြစ်တော်စဉ်အကျဉ်း | ၂၀ |
| ၄။ | ကြည့်ရှုဖူးမြော်၊ မြတ်ဗုဒ္ဓနေရာတော် | ၃၆ |
| | (က) မဇ္ဈိမဒေသ | ၃၆ |
| | (ခ) ပတ္တနား | ၄၀ |
| | (ဂ) ရာဇဂြိုဟ် | ၄၃ |
| | (ဃ) နာလန္ဒာ | ၄၆ |
| | ခေတ်သစ်နာလန္ဒာကျောင်းတော် | |
| | (င) ဗုဒ္ဓဂယာ | ၄၈ |
| | (စ) မိဂဒါဝုန် | ၅၃ |
| | (ဆ) သာဝတ္ထိ | ၅၅ |
| | (ဇ) လုမ္ဗိနီ | ၅၇ |
| | (ဈ) ကုသိနာရုံ | ၅၉ |
| | (ည) ဝေသာလီ | ၆၄ |
| ၅။ | လှည့်လည်ကြည့်ရှုဖူးမြော်မည့်အစီအစဉ် | ၆၆ |
| ၆။ | နေရာအလိုက် နှစ်ခြိုက်ရွှင်ပျော်ကုသိုလ်တော် | ၇၀ |
| ၇။ | ဘုရားဖူးများသိရှိလိုက်နာရန်အချက်အလက်များ | ၇၄ |
| ၈။ | အိန္ဒိယနှင့်နီပေါနိုင်ငံရှိမြန်မာဘုန်းတော်ကြီးကျောင်းများနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ်များ | ၉၂ |


## ( ဒုတိယပိုင်း )


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| * | စကားအမှာပါးစရာ | ၉၄ |
| ၉။ | စုပေါင်းရွတ်ဆိုရန်ပန်ကြားလွှာ | ၉၈ |
| ၁၀။ | အဖွဲ့လိုက်စုပေါင်းရွတ်ဆိုရန် | ၉၉ |
| ၁၁။ | လေကြောင်းခရီး အန္တရာယ်ကင်းဂါထာ | ၁၀၃ |
| ၁၂။ | ယာဉ်(ကား၊ရထား)ဖြင့် သွားစဉ်ရွတ်ပွါးရန် | ၁၀၄ |
| ၁၃။ | ခြေလျှင်ခရီးသွားအန္တရာယ်ကင်းဂါထာ | ၁၀၄ |
| ၁၄။ | မဟာကပ္ပိနမင်းကြီး၏သစ္စာဂါထာ | ၁၀၅ |
| ၁၅။ | ကုန်းလမ်းခရီးအန္တရာယ်ကင်းခရီးသွားဂါထာ | ၁၀၆ |
| ၁၆။ | သမ္ဗုဒ္ဓေဂါထာတော်ကြီး | ၁၀၇ |
| ၁၇။ | အကာဂါထာတော်ကြီး | ၁၀၈ |
| ၁၈။ | အလုံးစုံအောင်မြင်သောဂါထာ | ၁၀၉ |
| ၁၉။ | အကျဉ်းအကျပ်အခက်အခဲပျောက်ဂါထာတော် | ၁၁၀ |
| ၂၀။ | မကြံစည်နိုင်သော အကျိုးထူးများပေးနိုင်သောဂါထာ | ၁၁၁ |
| ၂၁။ | ကန်တော့ချိုး | ၁၁၂ |
| ၂၂။ | သီလတောင်း | ၁၁၃ |
| ၂၃။ | ဆွမ်း၊ ပန်း၊ ရေချမ်း၊ အမွှေးတိုင် ကပ်လှူရန် | ၁၁၄ |
| ၂၄။ | နတ်ပင့်အမွှန်း | ၁၁၆ |
| ၂၅။ | နတ်ပို့အမွှန်း | ၁၁၇ |
| ၂၆။ | စစ်ကိုင်း ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ဗုဒ္ဓဂယာဘုရားရှိခိုး | ၁၁၉ |


www.burmeseclassic.com

www.burmeseclassic.com


၂၇။ ရာဇဂြိုလ်မြို့တွင် ရှုတ်ဖတ်ပူဇော်ရန် ၁၂၄
၂၈။ နာလန္ဒာတွင် ရှုတ်ဖတ်ပူဇော်ရန် ၁၃၇
၂၉။ ဗုဒ္ဓဂယာတွင် ရှုတ်ဖတ်ပူဇော်ရန် ၁၄၀
၃၀။ မိဂဒါဝုန်တွင် ရှုတ်ဖတ်ပူဇော်ရန် ၁၈၅
၃၁။ သာဝတ္ထိတွင် ရှုတ်ဖတ်ပူဇော်ရန် ၂၀၉
၃၂။ လုမ္ဗိနီတွင် ရှုတ်ဖတ်ပူဇော်ရန် ၂၂၄
၃၃။ ကုသိနာရုံတွင် ရှုတ်ဖတ်ပူဇော်ရန် ၂၂၅
၃၄။ ဝေသာလီတွင် ရှုတ်ဖတ်ပူဇော်ရန် ၂၃၁
၃၅။ ဆုတောင်းအမျှဝေ ၂၃၈
၃၆။ ဘုရားဂုဏ်တော်၊တရားဂုဏ်တော်၊သံဃာဂုဏ်တော် ၂၃၉
၃၇။ ဆုတောင်းနိဂုံးဂါထာ ၂၄၀
၃၈။ မှိုင်ဖြင့်မီးကိုးကား ကျမ်းစာများ ၂၄၁


**ဘုရားဖူးသွားလျှင်**

. . . . ဘုရားစေတီကို ရှိခိုးပူဇော်ဖူးမြော်ခြင်းငှာ သွားကုန်သော သူတို့သည် မိမိတို့နေအိမ်မှ ထွက်သည်မှစ၍ လမ်းတစ်လျှောက်လုံး သားငယ်မြေးပုတို့နှင့် အုတ်အုတ်ကျက်ကျက်မရှိစေဘဲ

" ဗုဒ္ဓေါ ဗုဒ္ဓေါ တိဃောသော အတိဒုလ္လဘတရော ကာကထာ ဗုဒ္ဓဘာဝေါ" ဟူသော နမက္ကာရအတိုင်း ဗုဒ္ဓေါ ဗုဒ္ဓေါတိ ဃောသော = ဘုရားဘုရားဟူသော အသံကိုပင် အတိဒုလ္လဘတရော = အလွန်ရခဲ၏။ ဗုဒ္ဓဘာဝေါ = ဘုရားအဖြစ်ကို၊ ကာကထာ = အဘယ်မှာ ဆိုဖွယ်ရာ စကားရှိချေအံ့နည်း။ အတိဒုလ္လဘ တရောစေ = အလွန်ရခဲလှတော့သည်သာလျှင်တည်းဟု မိမိသွားမည့်အရပ်တွင် သက်တော်ထင်ရှားဘုရားကိုယ်တော်ကြီးကို တွေ့ရတော့မည်အလားကဲ့သို့ ဝမ်းပါးရွှင်ပျပီတိသောမနသဿနှင့် ယှဉ်သောစိတ်ကိုရှေ့ထား၍ ဘုရားဖူးသွားကုန်ရာ၏။ (မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး)



( ပထမပိုင်း )

# ကျမ်းဦးပဏာမ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အရဟတော - လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ ဝပ်စင်းကော်ရော်ပူဇော်ခြင်းကို ခံယူတော်မူထိုက်ထသော၊

အရဟတော - တစ်ထောင့်ငါးရာတည်းဟူသော ကိလေသာအကန့်အကွက်တို့ကို၊ ချိုးဖျက်တော်မူတတ်ကသော၊

အရဟတော - လူမင်းတကာတို့၏ ဆရာ၊ နတ်မင်းတကာတို့၏မကိုင်း၊ ဗြဟ္မာမင်းတကာတို့၏ သရဖူဖြစ်တော်မူပေထသော၊

သမ္မာသမ္ဗုဒ္ဓဿ - သစ္စာလေးရပ်တရားမြတ်ကို ဆရာမကူ သယမ္ဘူဉာဏ်တော်မြတ်ဖြင့် ကိုယ်တော်တိုင်သိတော်မူပေထသော၊

တဿဘဂဝတော - ဣဿရိယ၊ ဓမ္မ၊ ယသ၊ သီရိ၊ ကာမ၊ ပယတ္တဟုဆိုအပ်သော၊ ဘုန်းတော်ခြောက်စုံ၊ တန်ခိုးဂုဏ်နှင့်ပြည့်စုံတော်မူသော၊ ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးအား၊

နော အမှာတံ - ရှပ်နာမ်နှစ်ဖြာငါးခန္ဓာကို၊ သူငါမှည့်ခေါ် ဘုရားတပည့်တော်တို့၏၊

နမော နမက္ကာရော - ရိုသေမြတ်နိုး၊ ရှိခိုးခြင်းသည်

အတ္ထုဘာဝတု - စင်စစ်မသွေ ဖြစ်ပါစေသတည်း။

လုမ္ဗိနီအင်ဂျင်နီယာ ဦးမောင်မောင်လေး

www.burmeseclassic.com

www.burmeseclassic.com



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## "၁။ သံဝေဇနိယ လေးဌာန"

ရာသီကား ကဆုန်လ၊ နေရာကား ကုသိနာရုံရှိ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တော်၊ အချိန်ကား မဟာသက္ကရာဇ် (၁၄၈) ခုနှစ်၊ ကဆုန်လပြည့်။ ကြည့်လေရာရာ တောပန်းတောင်ပန်းတို့ ဝေဆာဖူးပွင့်နေသည်။ စိမ်းမြည့်မှောင်သော တောတောင်ဝန်းကျင်တို့၌ ပန်းရနံ့တို့ဖြင့် ကြိုင်လှိုင်နေကြသည်။

အောက်ခြေမှစကာတပင်လုံး ပွင့်နေကြသောအင်ကြင်းပန်းတို့ကားကြည့်မဝအောင်လှပနေပါတော့သည်။ ပင်လုံးကျွတ်ပွင့်နေကြသော အင်ကြင်းပန်းတို့ကား စိမ်းလဲ့တောက်ပြောင်နေသော တောတွင်း သစ်ပင် သစ်ရွက်များနှင့် ပနံရလှပေတော့သည်။ အင်ကြင်းပင်ကိုင်းကြားတို့၌ကား ရောင်မျိုးငါးထွေ စုံပြေလှပ ပိတုန်းမတို့၏ ပျားပန်းခတ်လှုပ်ရှားမှုသံ တဝီဝီသည် ဂီတသံအလား ထင်မှတ်မှားရပေသည်။ တောင်လေသုတ်ဖြူး ဆော်ကာမြူးလာရာ ပျားပိတုန်းအသံတို့နှင့်အတူ မွှေးကြိုင်သင်းပျံ့သည့် ပန်းရနံ့တို့ကိုပါ ဆောင်ကြဉ်းလာပေတော့သည်။

ယခင်ကဆို ဒီလိုအချိန်မျိုးမှာ ပင်လုံးကျွတ်မပွင့်တတ်ပါ။ ယခု အခါကား မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်အတွင်း မြောက်မှ တောင်သို့ ခင်းထားအပ်သော ညောင်စောင်းရှိ မြတ်ဗုဒ္ဓအား ပူဇော်ခြင်းဖြစ်ပေမည်။ ညောင်စောင်းခင်းထားရာ ခေါင်းရင်းနှင့်ခြေရင်းရှိ အင်ကြင်းပင်ပျိုနှစ်ပင်စလုံးကလည်း ပန်းမိုးများရွာချဘိအလား မြတ်ဗုဒ္ဓကိုယ်တော်ထက်သို့ တဖွဲဖွဲကြွေချလာပြန်ပါသည်။



အသေအချာကြည့်သော် လူ့ပြည်တွင် မမြင်ဘူးသေးသော ပန်းတို့ကိုပါ တွေ့လာရပါသည်။ ကောင်းကင်မှကျလာသည်မှာ မန္ဒာရဝ မည်သောနတ်ပန်းတို့ပါတကား။

ထိုကျလာသော ပန်းတို့ကား မွှေးကြိုင်လှပပေရာ နတ်တို့၏ အမွှေးနံ့သာ အထုံအခိုးတို့ဖြင့် ကျလာခြင်းဖြစ်ပါသည်။ သက်မဲ့ အင်ကြင်းပန်းတို့သာမက နတ်တို့ကပါ ပူဇော်သည့်အနေဖြင့် မန္ဒာ ရဝ နတ်ပန်း၊စန္ဒကူးနံ့သာမှုန့်တို့ကိုကြဲချ၍ ပူဇော်ခြင်းပင်ဖြစ်ပါသည်။

မြတ်ဗုဒ္ဓကား သက်တော် ( ၈၀ ) ရှိခဲ့ပြီး ( ၄၅ ) နှစ်တာ ကာလပတ်လုံး အနားယူသည်မရှိပဲ သတ္တဝါဝေနေယျတို့အကျိုးငှာ မနေမနား ခရီးသွားလာခဲ့ရာ ယခုညောင်စောင်းတွင် လဲလျောင်းလျက်ရှိနေပေပြီ။ မြတ်ဗုဒ္ဓအနီးမှ ပြုစုလုပ်ကျွေးသော ရှင်အာနန္ဒာသည် မြတ်ဗုဒ္ဓကိုကြည့်ရင်း မျက်ရည်ဝဲလာခဲ့ရသည်။ ဆည်းတားဆို့ပိတ်ငြားသော်လည်း မျက်ရည်တို့ကား ဘယ်ကဘယ်လိုကျလာသည်မသိ၊ မြတ်ဗုဒ္ဓကိုကြည့်ရင်း ဖူးမြော်ရင်း အမြင်များဝေဝါးကာ ရင်ထဲဆို့တက်လာခဲ့ရသည်။ နောင်တော်ကြီးဘုရားကား အမှန်ပင် ပရိနိဗ္ဗာန်စံဝင်တော်မူ ပေတော့မည်။ မိမိကားရဟန်းကိစ္စမပြီးသေး။ အာယုသင်္ခါရကပ်လုံး နေနိုင်ကြောင်း မိန့်ကြားခဲ့စဉ်ကလည်း တစ်ကပ်လုံးနေဖို့ မလျှောက်မိ၊ တွေးရင်းတွေးရင်း ဖြေမနိုင်ဖြစ်လာရာ တောရိပ်တောင်ရိပ်တို့ကလည်း အလွမ်းအပူကို ကူညီသလို ဖြစ်လာခဲ့သည်။ မျက်တောင်ကို တဖျပ်ဖျပ်ခတ်ရင်း မျက်ရည်ကိုထိန်းပါသော်လည်း မျက်ရည်တို့ကားမရပ်၊ ရင်ထဲပလောင်ဆူကာ သတိတို့ မကပ်တော့၊ ကြာလျှင်ခက်မည်စိုး၍ ဘုရားအနားမှ အသာထွက်ကာ မလ္လာမင်းတို့၏ ညီမူရာညီလာခံအနီး တိုင်ကြီးအားမှီကာ အားရ

www.burmeseclassic.com

www.burmeseclassic.com



ပါးရင်ိုချလိုက်ချင်တော့သည်။ တတွေတွေစီးကျနေသော မျက်ရည်များကြားမှ မျက်စိအမြင်က ဗုဒ္ဓနှင့် ယခင်အတူတကွ သွားလာနေထိုင်ခဲ့ကြသည်တို့ကို ပြန်လည် မြင်ယောင်လာတော့သည်သာ။

ဘုရားရှင် လက်ထက်တော်က ရဟန်းတို့သည် ဝါဆိုရန်နီးကပ်သောအခါ ကမ္မဋ္ဌာန်းသင်ယူရန်အတွက် ဘုရားရှင်ရှိရာသို့ လာရောက်စည်းဝေးလေ့ ရှိကြသည်။ ဝါကျွတ်သောအခါ မိမိတို့သင်ယူအပ်သော ကမ္မဋ္ဌာန်းကို အားထုတ်သဖြင့်ရရှိသော မဂ်တရားထူးကိုလျှောက်ထားရန် ဘုရားရှင်ရှိရာသို့ လာရောက်စည်းဝေးကြလေ့ရှိခဲ့သည်။ ယခုအခါ မြတ်ဗုဒ္ဓမရှိပါက လာရောက်ကြတော့မည်မဟုတ်ပေ။ သာဝတ္ထိက ဇေတဝန်ကျောင်း၊ ရာဇဂြိုဟ်က ဝေဠုဝန်ကျောင်းတို့သည်လည်း ခြောက်ကပ်လျက်ရှိကာ ပရိသတ်တို့ကင်းမဲ့ကြပေတော့မည်။ မြတ်ဗုဒ္ဓထံလာဖူးသူတို့အား ဧည့်ခံဝတ်မပြုရတော့ပြီ။ လာဖူးသူတို့ မေးမြန်း၍ မြတ်ဗုဒ္ဓဖြေကြားပါက သူတို့နှင့်အတူတရားနာနိုင်သေး၏။ ယခုအခါ နောင်တော်ကြီးဘုရား မရှိရှာတော့၍တရားနာရန် အခွင့်အရေးလည်း ဆုံးရှုံးရချေပြီ။ ဘုရားဖူးလာရဟန်းတို့ထဲမှ တရားဟောကောင်းသော ဓမ္မကထိက ဆရာတော်တစ်ပါးပါး ပါလာပါကလည်း တရားပွဲကျင်းပခဲ့ရ၏။ ယခုအခါတရားပွဲလည်း ကျင်းပ ခွင့်မရတော့ပြီ။ ညနေချမ်းအချိန် ပန်းဆီမီးတို့ဖြင့်ပူဇော်လာကြ၍ သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း စသည်တို့မှာ လူတို့ဖြင့်မပြတ်ပဲ ဘုရားဖူးလာ ပရိသတ်တို့ဖြင့် စည်ပင်ကြသော်လည်း ယခုမြတ်ဗုဒ္ဓပရိနိဗ္ဗာန် စံဝင်တော်မူပါက လာကြတော့မည်မဟုတ်ပေ စသည်ဖြင့် တွေးရင်း၊ စဉ်းစားရင်း ငေးငေးမှိုင်မှိုင်ထိုင်နေစဉ် မြတ်ဗုဒ္ဓကရှင်အာနန္ဒာကို ခေါ်တော်မူခဲ့ပါသည်။



ငိုကြွေးရခြင်း အကြောင်းစုံတို့ကိုလည်း မြတ်ဗုဒ္ဓမေးမြန်းသဖြင့် ပြန်လည်တင်ပြလျှောက်ထားခဲ့ပါသည်။

"မြတ်စွာဘုရား - အရပ်ရှစ်မျက်နှာတို့၌ ဝါကပ်၍ဝါကျွတ်ပြီးသောရဟန်းတို့သည် မြတ်စွာဘုရားကို ဖူးမြော်ကြရန် ရှေးအခါကကြွလာကြကုန်၏။ ထိုသို့ကြွလာသော ကြည်ညိုမြတ်နိုးဖွယ်ဖြစ်သည့်ရဟန်းတို့ကို ရှေးအခါက တပည့်တော်များ ဖူးမြော်ခွင့် ဆည်းကပ်ခွင့်ရခဲ့ပါကုန်၏။ မြတ်စွာဘုရား - ရှင်တော်ဘုရား ပရိနိဗ္ဗာန်စံတော်မူသွားပြီးနောက် အခါ၌ကား ကြည်ညိုမြတ်နိုးဖွယ်ဖြစ်သည့် ရဟန်းတို့ကို ရှေးအခါကလို တပည့်တော်များ ဖူးမြော်ခွင့်၊ ဆည်းကပ်ခွင့်ကိုရကြတော့မည် မဟုတ်ပါဘုရား"ဟု အရှင်အာနန္ဒာက မြတ်ဗုဒ္ဓကိုလျှောက်ထားခဲ့ပါသည်။ ထိုအခါ မြတ်စွာဘုရားက " ချစ်သားအာနန္ဒာ - မစိုးရိမ်၊ မပူဆွေး၊ မငိုကြွေးလင့်၊ ချစ်ခင်မြတ်နိုးအပ်သောသူအားလုံးတို့နှင့် ရှင်ကွဲကွဲကွာခြင်း၊ သေကွဲကွဲကွာခြင်း၊ ဘဝခြားလျှက်ကွဲကွာခြင်းတို့ကို ရှေးမဆွကပင် ငါဘုရားဟောကြားခဲ့ပြီမဟုတ်လော။ ချစ်သားအာနန္ဒာ - ဤအရာ၌ အသစ်ဖြစ်ပေါ်လာခြင်း၊ ထင်ရှားဖြစ်ပေါ်ခြင်း၊ ပြုပြင်ပေးရခြင်း သဘောရှိ၍ ပျက်စီးခြင်းသဘောရှိသောတရားကို မြတ်စွာဘုရားပင် ဖြစ်လင့်ကစားမပျက်စီးပါစေလင့်ဟု လိုလားတောင့်တချက်အတိုင်း အဘယ်မှာရနိုင်အံ့နည်း။ သင်ချစ်သားသည် ကုသိုလ်ကောင်းမှုတို့ကို များစွာပြုပြီးသူဖြစ်၏။ ကမ္မဋ္ဌာန်း အလုပ်ကိုအားထုတ်ရစ်လော့၊ လျှင်စွာပင်ရဟန္တာဖြစ်ပေလိမ့်မည်" ဟုသောကပျောက်ရေး အားပေးတရားဟောကြားတော်မူခဲ့ပါသည်။ ဆက်လက်၍ မြတ်စွာဘုရားက "ချစ်သားအာနန္ဒာ - သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသား

www.burmeseclassic.com



အဖို့ဖူးမြော်ထိုက်၍ ယင်းသို့ဖူးမြော်သသူအား သံဝေဂရစေမည့်ဌာန တို့သည် လေးပါးရှိကုန်၏။

( ၁ ) ချစ်သားအာနန္ဒာ - လုမ္ဗိနီအင်ကြင်းတော ဌာနသည် "ဤဌာန၌ မြတ်စွာဘုရား ဖွားမြင်တော်မူ၏" ဟု ကြံစည်အောက်မေ့ကာ သဒ္ဓါတရားနှင့် ပြည့်စုံသောအမျိုးကောင်းသားအဖို့ရာ ဖူးမြော်ထိုက်၍ ယင်းသို့ဖူးမြော်သသူအား သံဝေဂရစေမည့် ဌာနတစ်ပါးဖြစ်ပေသည်။

( ၂ ) ချစ်သားအာနန္ဒာ - မဟာဗောဓိ မဏ္ဍိုင်ဌာနသည် "ဤဌာန၌မြတ်စွာဘုရားသည် အမြတ်ဆုံးသော သမ္မာသမ္ဗောဓိဉာဏ်တော်ကိုရရှိတော်မူ၏" ဟု ကြံစည်အောက်မေ့ကာ သဒ္ဓါတရားနှင့်ပြည့်စုံသောအမျိုးကောင်းသားအဖို့ ဖူးမြော်ထိုက်၍ ယင်းသို့ဖူးမြော်သသူအားသံဝေဂရစေမည့် ဌာနတစ်ပါးဖြစ်ပေသည်။

( ၃ ) ချစ်သားအာနန္ဒာ - မိဂဒါဝုန်တောအရပ်သည် "ဤဌာန၌ မြတ်စွာဘုရားသည် အမြတ်ဆုံးသော တရားတော်ဓမ္မစက်ကို ဟော မြွက်လည်စေတော်မူ၏" ဟုကြံစည်အောက်မေ့ကာ သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသားအဖို့ ဖူးမြော်ထိုက်၍ ယင်းသို့ဖူးမြော်သသူအား သံဝေဂရစေမည့် ဌာနတစ်ပါးဖြစ်ပေသည်။

( ၄ ) ချစ်သား အာနန္ဒာ - ကုသိနာရုံပြည်အရပ်သည် " ဤဌာန၌ မြတ်စွာဘုရားသည် ခန္ဓာကြွင်းမရှိသော ငြိမ်းခြင်းသဘော အနုပါဒိသေသ နိဗ္ဗာနဓါတ်ဖြင့် ပရိနိဗ္ဗာန်စံဝင်တော်မူ၏"ဟု ကြံစည်အောက်မေ့ကာ သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသားအဖို့ရာ ဖူးမြော်ထိုက်၍ ယင်းသို့ဖူးမြော်သသူအား သံဝေဂရစေမည့် ဌာနတစ်ပါးဖြစ်ပေသည်။



ချစ်သားအာနန္ဒာ - သဒ္ဓါတရားနှင့် ပြည့်စုံသော ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာဒါယကာ၊ ဥပါသိကာဒါယိကာမများတို့သည် ၁။ ဤ လုမ္ဗိနီဌာန၌ မြတ်စွာဘုရား ဖွားမြင်တော်မူ၏ဟုလည်းကောင်း၊ ၂။ ဤမဟာဗောဓိ အောင်မြေဌာန၌ မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်တော်ကို ရတော်မူ၏ ဟူ၍လည်းကောင်း၊ ၃။ ဤမိဂဒါဝုန်တော၌ မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော တရားတော် ဓမ္မစက်ကို မြွက်လည်စေတော်မူ၏ဟူ၍လည်းကောင်း၊ ၄။ ဤကုသိနာရုံဌာန၌ မြတ်စွာဘုရားသည် ခန္ဓာကြွင်းမရှိသော ငြိမ်းခြင်းသဘော = အနုပါဒိသေသနိဗ္ဗာနဓါတ်ဖြင့် ဝင်စံတော်မူ၏ ဟူ၍လည်းကောင်း၊ ကြံစည်အောက်မေ့လျက် လာရောက်ကြလိမ့်မည်။ ချစ်သားအာနန္ဒာ - စေတီပုထိုးတို့ကို ဖူးမြော်ရန်သွားလာလှည့်လည်ကြသော သူတို့သည် ကြည်ညိုစိတ်ရှိကြလျက် သေကုန်လျှင် ထိုသူအားလုံးတို့သည် ကိုယ်ခန္ဓာပြတ်ကြွေသေသည်မှ နောက်ကာလ၌ ကောင်းသောလားရာ နတ်ရွာသုဂတိသို့ ရောက်ရှိကြလိမ့်မည်"ဟု မိန့်တော်မူခဲ့ပါသည်။

ဤသို့လျှင် မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုခါနီးအချိန်ဝယ် ညီတော်အာနန္ဒာကို သံဝေဂဖြစ်ဖွယ်ရာ အပါယ်တံခါးပိတ်မည့် နေရာဌာနတော်တို့အား မိန့်ကြားတော်မူခဲ့ပါသတည်း။

*****

www.burmeseclassic.com

www.burmeseclassic.com



## “ ၂။ ဖူးသင့်ပါလှ၊ လေးဌာန ”

ဗုဒ္ဓဘာသာဝင်များအဖို့ ဘုရားအထင်အရှားရှိ၏။ ဖွားမြင်တော်မူခဲ့သောဒေသ၊ နန်းစံခဲ့ရာ၊ တောထွက်ခဲ့ရာဒေသ၊ ဘုရားအဖြစ်အကျင့်များ ကျင့်ခဲ့ရာဒေသနှင့် ဘုရားပွင့်ရာဒေသတို့ကား အထင်အရှားရှိ၏။ မှန်းသမ်းရမ်းဆ၍ ကိုးကွယ်ကြရခြင်း မဟုတ်ပါ။ ထို့အတူ ကျင့်ဆောင်လိုက်နာရန် ချမှတ်ခဲ့သည်တို့ကိုလည်း လူလွှတ်၊ လူကြုံဖြင့် ပြောကြားခြင်းမျိုးမဟုတ်ပဲ ကိုယ်တိုင်ဟောကြားခဲ့ခြင်းဖြစ်၏။

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ကမ္ဘာကြီးကိုဖန်ဆင်းသော၊ သူပြောသမျှ လက်ခံရမည်ဆိုသော တန်ခိုးရှင်ထာဝရသခင်မျိုး မဟုတ်ပါ။ ငါပြောသလိုလုပ်ကြည့်စမ်းပါ။ ငါကတော့ ဒီလိုနိဗ္ဗာန်ရောက်ကြောင်းလမ်းကို တွေ့ခဲ့တယ်ဆိုပြီး လမ်းပြသွားသော ဘုရားရှင်မျိုးသာဖြစ်ပါသည်။ တနည်းပြောရလျှင် အစမ်းသပ်ခံနိုင်စွမ်းရှိသော လမ်းစဉ်ဖြစ်သည်ဆိုသော အချက်ကိုမြင်ပါက ထေရဝါဒဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်လာရသည်ကို ဂုဏ်ယူမိကြမည်ဖြစ်ပါသည်။

ထိုသို့ မြတ်နိုးအပ်ဆုံးသော ရတနာဖြစ်သည့် မြတ်ဗုဒ္ဓကား လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ကျော်က မဇ္ဈိမဒေသခေါ် အိန္ဒိယနိုင်ငံတွင် မွေးဖွားခဲ့သည်။ သတ္တဝါ ဝေနေယျတို့အကျိုးငှာ အစ၏ကောင်းခြင်း၊ အလယ်၏ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်းသဘောရှိသော ဓမ္မသစ္စာလမ်းစဉ်တို့ကိုလည်း ပြသခဲ့၏။ ထိုထိုဒေသတို့ကား စာရေးသူတို့နှင့် ထိကပ်နီးစပ်နေသော ခြံစည်းရိုးသာခြားသည့် အိန္ဒိယနိုင်ငံနှင့်နီပေါနိုင်ငံတို့တွင် ရှိပါသည်။



ထိုဒေသတို့အနက် သံဝေဂရစေနိုင်သော ဌာနလေးဌာနဖြစ်သည့် “ ဖွား၊ ပွင့်၊ ဟော၊ စံ ဤလေးတန် မှတ်ရန် သံဝေဇနီယလေးဌာန ” တို့ကား ဗုဒ္ဓဘာသာဝင်များအဖို့ ဖူးမြော်ထိုက်သောအလေးအမြတ်ပြုကာ ဦးခိုက်ပူဇော်ထိုက်သော ဌာနများဖြစ်ကြပါသည်။

ရှေးပဝေသဏီကာလကပင် အဆိုပါဒေသတို့သို့ ခက်ခဲပင်ပန်းစွာ သွားရောက်ဖူးမြော်လေ့ ရှိကြပါသည်။ ဗုဒ္ဓဘာသာဝင်အများစုဆန္ဒအရှိဆုံးမှာလည်း မသေခင်တစ်ခေါက် ဗုဒ္ဓဂယာအရောက်သွားရောက် ဖူးမြော်လိုကြခြင်းဖြစ်၏၊

ပုထုဇဉ်လူသားတို့သည် များသောအားဖြင့် မကောင်းမှု၌သာ မွေ့လျော်တတ်မြဖြစ်၏။ သေခါနီးအချိန်ကာလတွင်မိမိအာရုံနှင့် နှလုံးသားကို ကုသိုလ်တို့ဖြင့် ထုံမွှန်းထားသင့်၏။ သို့မှသာ လာခြင်းကောင်းသလို ပြန်ခြင်းလည်းကောင်းပါမည်၊ ထိုသို့ဆိုပါက နောက်ဆုံးအာရုံကို သံဝေဂဉာဏ်ယူ၍ ဗုဒ္ဓဂယာ ဘုရားဖူးသွားခဲ့ရသည်တို့ကို စွဲမြဲအာရုံအလေ့ထုံနိုင်ကြပါလျှင် မြတ်ဗုဒ္ဓမိန့်ကြားတော်မူခဲ့သလို အပါယ်တံခါးပိတ်၍ ကောင်းသောဘုံဘဝသို့ရောက်နိုင်ကြမည် ဖြစ်ပါသည်။

မြတ်ဗုဒ္ဓသည် ရနိုင်ခဲသော ဒုလ္လဘတရားကို နေ့စဉ်ဟောကြားလေ့ရှိပါသည်။ ဘုရားအဖြစ်ရခဲသည်။ သာသနာတွင်း သဒ္ဓါတရားနှင့်ပြည့်စုံသော လူအဖြစ်ရခဲသည်။ သဒ္ဓါတရားဖြစ်ပေါ်ရမှုလည်းရခဲသည်။ ရှင်ရဟန်းအဖြစ်ကိုလည်း ရခဲသည်။ သူတော်ကောင်းတရားကို နာကြားရန်ရခဲပါသည်။ ထိုရနိုင်ခဲသော ဒုလ္လဘတရားငါးပါးတို့တွင် ယခုကာလကား ဘုရားပွင့်တော်မူပြီး၊ ဘုရား

www.burmeseclassic.com

www.burmeseclassic.com



သာသနာတွင်းဖြစ်၍ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘတရားနှင့် ပြည့်စုံနေပါသည်။ ဤမြတ်စွာဘုရား သာသနာတွင်းဝယ် လူဖြစ်လာရသော မနုဿတ္တဘာဝ ဒုလ္လဘတရားလည်း ယခုရရှိနေကြပြီ ဖြစ်ပါသည်။

သတင်းစာ၊ ရေဒီယိုတို့တွင်ပါရှိသော လူ့ဒါန်းမှု သတင်းအစုစုတို့ကလည်း သဒ္ဓါသမ္ပတ္တိ ဒုလ္လဘကို ပြည့်စုံစေနိုင်ကြောင်း မြင်သိနိုင်ပါသည်။

အမျိုးသားများမှာ ရဟန်းဖြစ်ခွင့်၊ အမျိုးသမီးများမှာ သီလရှင်ဝတ်ခွင့်ရသော ယခုကာလမှာ ပဗ္ဗဇိတဘာဝဒုလ္လဘ အခွင့်အရေးပင် ဖြစ်ပါသည်။ ဆရာတော် သမားတော်များ တီဗီမှတသွယ်၊ ကက်ဆက်မှတဖုံ၊ ~~ဘင်မှတနည်း၊ ဥပုသ်ဖရပ်တွင်တသွယ် ဟောပြ~း ပြသဆုံးဆုံးမမှုတို့ကား သဒ္ဓမ္မသာဝန အတိဒုလ္လဘတစ်ရပ်ဖြစ်ပါသည်။ ထိုသို့ရနိုင်ခဲ့သော ဒုလ္လဘတရား~~ါး ပြည့်စုံစွာရရှိသည့် ခေတ်ကာလတွင်း တိုတောင်းသော လူ~~ ခိုက်မှာ သံဝေဂရစေမည့် သံဝေဂယူထားတတ်ရန် အထူးလိုအပ်လှပ~~။ သံဝေဂမပါ တရားမရှာနှင့်ဟု အဆိုရှိသလို သံဝေဂရရန် အားထုတ်သင့်လှပါ သည်။ ထိုသို့သံဝေဂရရန်ဆိုပါက အကောင်းဆုံးမှာ မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့သည့်အတိုင်း "သံဝေဇနီယ လေးဌာန"ကို ဖူးမြော်ရန် သွားရောက်ခြင်းဖြင့် သံဝေဂအထူးပွါးနိုင်ကြပါသည်။

အထူးသတိပြုရန်မှာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ဟောကြားတော်မူခဲ့သော သံဝေဂရနိုင်သည့် သံဝေဇနီယလေးဌာနတို့မှာ စာရေးသူတို့ မြန်မာပြည်မှာ မရှိပါ။ အိန္ဒိယနှင့်နီပေါနိုင်ငံတို့မှာသာ တည်ရှိကြခြင်းဖြစ်ပါသည်။




ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော်
ဘုရားရှင်မြတ် ၊ ဗောဓိခါတ် ၊ ပွင့်လတ်ဂယာပြည်၊
(သံဝေဇနီယဌာန နှင့် အဝိဇဟိတဌာန)

www.burmeseclassic.com

www.burmeseclassic.com




ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော်အတွင်းရှိ ရုပ်ပွားတော်




ဘုရားအဆူဆူပွင့်တော်မူရာ ဗောဓိပင်နှင့်ရွှေပလ္လင်(ပထမ သတ္တာဟ)




အနိမိသစေတီတော် (ဒုတိယ သတ္တာဟ)

www.burmeseclassic.com

www.burmeseclassic.com




ရတနာစင်္ကြံတော် (တတိယ သတ္တာဟ)




ရတနာဃရ ရွှေအိမ်တော် (စတုတ္ထ သတ္တာဟ)




အဇပါလ ဆိတ်ကျောင်းညောင်ပင်နေရာ (ပဉ္စမ သတ္တာဟ)




မုစလိန္ဒအိုင် (ဆဋ္ဌမ သတ္တာဟ)

www.burmeseclassic.com

www.burmeseclassic.com




ရာဇာယတန လင်းလွန်းပင်နေရာ (သတ္တမ သတ္တာဟ)




မြတ်စွာဘုရားဓါတ်တော်ကိန်းဝပ်တော်မူရာ မူလဂန္ဓကုဋီတိုက်အတွင်းရှိ
တရားဦးဓမ္မစကြာဟောကြားတော်မူနေသောပုံတော်




ဥရုဝေလတောရှိ ဒုက္ကရစရိယာကျင့်တော်မူရာ လှိုဏ်ဂူအတွင်းရှိ
ဆင်းတုတော်ပုံ



ပဉ္စဝဂ္ဂီငါးပါးတို့ မြတ်စွာဘုရားအား ခရီးဦးကြိုဆိုရာ
ချောက်ခဏ္ဍီစေတီတော်

www.burmeseclassic.com

www.burmeseclassic.com




တရားဦးဓမ္မစကြာဟောတော်မူရာ ဓမ္မရာဇိကစေတီတော်၊ သံဝေဇနိယဌာန နှင့် အဝိဇဟိတဌာန




အနတ္တလက္ခဏာသုတ် ဟောတော်မူရာ ဓမ္မေခစေတီတော် ၊ သံဝေဇနိယဌာန နှင့် အဝိဇဟိတဌာန

www.burmeseclassic.com

www.burmeseclassic.com




နန္ဒိယသူကြွယ် လှူဒါန်းသော ကျောင်းတော်(မိဂဒါဝုန်၊ ဗာရာဏသီ)




သာဝတ္ထိမြို့ရှိ တန်ခိုးပြာဋိဟာ ပြတော်မူရာသရက်ဖြူပင်ကုန်း




နီပေါနိုင်ငံ ၊ လုမ္ဗိနီရှိ မြန်မာဓမ္မကျောင်းတော်ဥယျာဉ်အတွင်း၌ ဘုရားလောင်းသိဒ္ဓတ္ထ၏ ဖွားတော်မူပြီးစ ခြေလှမ်းခုနစ်လှမ်းလှမ်းတော်မူပုံ ဒေါ်သဇင်မြင့်အောင်မှ လှူဒါန်းပါသည်။ (၂၀၁၀-၂၀၁၁) ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com




သာဝတ္ထိပြည်မှ ဇေတဝန်ကျောင်းတော်ရာ (ဘုရားရှင်တိုင်း မစွန့်အပ်သော အဝိဇဟိတဌာန)




အလောင်းတော်မြတ် ၊ မင်းသိဒ္ဓတ် ၊ ဖွားလတ်လုမ္ဗိနီ၊ (သံဝေဇနိယဌာန)

www.burmeseclassic.com

www.burmeseclassic.com




လုမ္ဗိနီဥယျာဉ်တော်အတွင်းရှိ သီရိဓမ္မာသောကမင်းကြီး၏
အထိမ်းအမှတ်ကျောက်တိုင်




ဖွားမြင်ရာ လုမ္ဗိနီဒေသရှိ ညောင်ပင်ကြီးနှင့်ရေကန်တော်




မြတ်စွာဘုရားနောက်ဆုံးရေသပ္ပါယ်တော်မူခဲ့သောနေရာ
ကုသိနာရုံဒေသ (မာထကုန်ဝ)




သာဓာဓါတ် မီးသင့်လောင်တော်မူရာ အင်္ဂါရစေတီတော်
ကုသိနာရုံဒေသ (မကုဋဗန္ဓနစေတီတော်)

www.burmeseclassic.com

www.burmeseclassic.com




အရှင်သာရိပုတ္တရာ မွေးဖွားရာနှင့် ပရိနိဗ္ဗာန်ပြုရာဌာန
(ယခုအခါ – အိန္ဒိယနိုင်ငံ ၊ ဗီဟာပြည်နယ်၊ ရာဇဂြိုဟ်မြို့အနီး)



ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်ထိပ်ရှိ မြတ်စွာဘုရား၏
ကျောင်းတော်ရာ





ဒုတိယသင်္ဂါယနာ တင်တော်မူခဲ့ရာ ဝေသာလီ(ဗီဟာပြည်နယ်)



စစ်ကြိုခေတ်တွင် ဒေါ်သဇင်မြင့်အောင်၏ အဘိုးလှူဒါန်းခဲ့သော
ရာဇဂြိုဟ်မြန်မာဘုန်းတော်ကြီးကျောင်း

www.burmeseclassic.com

www.burmeseclassic.com





ဗုဒ္ဓဂယာဘုရားဖူးသွားမည်ဆိုပါက အိမ်ကဘုရားအားနာပါဦး ရွှေတိဂုံဘုရားကြီး အားနာပါဦးဟု လူတို့ပြောတတ်ကြပါသည်။ မြတ်ဗုဒ္ဓမိန့်တော်မူခဲ့သလို " တိဌန္တေနိဗ္ဗုတေစာပိ၊ သမေစိတ္တေ သမံ ဖလံ၊ စေတော ပဏိဓိဟေတူဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂတိံ "ဆိုသည်မှာ သက်တော်ထင်ရှား၊ မြတ်ဘုရားနှင့်၊ ရုပ်ပွါးစေတီအလီလီကို၊ တူညီစိတ်ထား၊ ပူဇော်ငြားက၊ အလားတူမျှ၊ ကောင်းကျိုးရ၏၊ ဟုဆိုလိုပါသည်။ ဘုရားမြတ်စွာ၏ ရုပ်ပွား, ပုထိုးစေတီတို့ကို ကြည်ညိုစိတ်အားဖြင့် သက်ရှိထင်ရှား ဘုရားဖူးရသလို စိတ်ထားပါက ကောင်းကျိုးအတူတူ ရရှိနိုင်ကြပါသည်။ သို့ရာတွင် ကုသိုလ်စေတနာအောဝင်၍ ကြည်ညိုမှုဖြစ်သော်လည်း သံဝေဂရမည် မဟုတ်ပါ။ ထို့ကြောင့် သံဝေဂရလို ပါသည်။ အပါယ်တံခါးပိတ်လိုပါသည် ဆိုပါက သံဝေဇနိယလေးဌာန ဘုရားဖူးသွားပါ။ ဗုဒ္ဓဂယာဘုရားဖူးသွားပါဟုတိုက်တွန်းနှိုးဆော် လိုပေသည်။

တချို့ ရိုးရာယုံကြည်မှုအရ ကွယ်လွန်သူမိဘများထားရှိရာအုတ်ဂူများသို့ တစ်နှစ်တစ်ကြိမ် သွားရောက်၍ ဂါရဝပြုလေ့ရှိကြပါသည်။ အုတ်ဂူအားဆေးသုတ်ခြင်း၊ ပတ်ဝန်းကျင်မြေများညှိခြင်း လမ်းများပြင်ဆင်ခြင်း၊ ဆီမီးအမွှေးတိုင်များ ထွန်းညှိပူဇော်၍ ကုသိုလ်ယူလေ့ရှိကြပါသည်။ မြတ်စွာဗုဒ္ဓသည် သတ္တဝါအားလုံးအကျိုးတွက် ကိုယ်ကျိုးစွန့်ကာ လမ်းပြပေးတော်မူခဲ့ပါသည်။ မြတ်ဗုဒ္ဓပွင့်ထွန်းပေါ်ပေါက်လာမှ ကုသိုလ်၊ အကုသိုလ်ခွဲခြားနိုင်ကြပါသည်။ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ ကလည်း "ဘုရားရှင်တော်၊ မပွင့်ပေါ်လျှင်၊ လူတော်အများ၊ စိတ်ကောင်းထားသည်း ဤကားကုသိုလ်၊ အကုသိုလ်နှင့်၊ ထိုထိုဘုံဘဝ၊ မသိရ များလှ

www.burmeseclassic.com

www.burmeseclassic.com



အပြစ်တွေ။ ဘုရားရှင်တော် ပွင့်ထွန်းပေါ်၍ ဟောဖော်ညွှန်ကြား မြတ်တရားကြောင့်၊ ဤကားကုသိုလ် အကုသိုလ်နှင့် ထိုထိုဘုံဘဝ သိကြရ၊ များလှကျေးဇူးတွေ၊ ကျေးဇူးတော်ရှင်၊ ဘုရားရှင်ကို ဦးတင်မပြတ်၊ ကျေးဇူး ဆပ်ဖို့၊ ပရိယတ်နှင့်၊ ပရိပတ်နှစ်ဖြာ၊ သာသနာကို ကောင်းစွာကြိုးကုတ်၊ လွန်အားထုတ်၊ အဟုတ်ကျင့်ကြစေ" ဟု ခွန်းချိုနှုတ်ဆင့် မှာတမ်းဖွင့်ခဲ့ဘူးပါသည်။ သို့ပါ၍ ကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓသခင် ပရိနိဗ္ဗာန်ပြုရာ စေတီတော်နှင့်တကွ မြတ်ဗုဒ္ဓသီတင်းသုံးခဲ့ရာ နေရာတော်မြတ်တို့ကို သွားရောက်ဂါရဝပြု ပူဇော်သင့်လှပါတော့သည်။ ဤသို့ဆိုပါလျှင် အနှိုင်းမဲ့ကျေးဇူးရှင် မြတ်ဗုဒ္ဓအား ပူဇော်ရန်အတွက် ဗုဒ္ဓဂယာသို့ သွားရောက်ပြီး လေးနက်မိဋ္ဌာန်ဖြင့် ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့သင့်လှပါတော့သည်။

လူနှင့်ပတ်ဝန်းကျင်မှာ အညမညသဘောအရ နှီးနွယ်ဆက်စပ်နေကြစမြဲဖြစ်ပါသည်။ မိမိမည်မျှကောင်းကောင်း ပတ်ဝန်းကျင် မကောင်းပါက စိတ်ချမ်းသာမှုမရနိုင်ပါ။ ထို့ကြောင့်သင့်တင့်သော အရပ်ဖြစ်သောပတိရူပဒေသအရပ်မှာ အမှန်ပင်လိုအပ်လှပါသည်။ လူကောင်းသူကောင်းများ ဆုံ ဆည်းရာနေရာသို့ မကောင်းသောလူများမလာရောက်နိုင်သလို လူဆိုးလူမိုက်များ ရှိရာနေရာတို့ကိုလည်း သူတော်ကောင်းများ ရှောင်ရှားလေ့ရှိကြပါသည်။ အိမ်၌နေစဉ် အိမ်မှုတာဝန်များဖြင့် မအားလပ်ကြသကဲ့သို့ ရုံး၌လည်း များပြောလှသော ရုံးလုပ်ငန်း တာဝန်များကြောင့် တခြားသို့ စိတ်ရောက်... မလွယ်ကူပါ။ တရားရှုမှတ်ရာတွင် မိမိနေအိမ်ထက် တိတ်ဆိတ်အေးချမ်းသော တရားစခန်းက ပိုအဆင်ပြေပါသည်။ နေအိမ်... ဘာဝနာတရားပွါးနေလျှင် အိမ်မှုကိစ္စများကြောင့် စိတ်မဖြောင့်... နိုင်ပါ။ တရားစခန်းမှာ မိမိနှင့်တရားထိုင်ဖက် အဖော်များရှိ...



...ဝီရိယကို အထူးကောင်းစေပြီး သူတို့တရားထိုင်သည်ကို အားကျပြီး ...ခါလည်း တရားနှင့်တသားတည်းကျပြီး မွေ့လျော်နှစ်ခြိုက်ကာ တရားပိုမိုထိုင်နိုင်ပါသည်။ ထို့အတူ ဘုန်းကြီးကျောင်းများသွားပါက ...ကောင်းမှုကုသိုလ်စကားများ ကြားရပြီးကုသိုလ်စိတ်များ တိုးပွါး...ရသည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။

ထိုသို့ ပတ်ဝန်းကျင် အခြေအနေ၏ လှုံ့ဆော်မှုများသည် ...ကုသိုလ်နှင့်အကုသိုလ်၏ ဝိရောဓိတရားကို ဖြစ်ပေါ်စေနိုင်ပါသည်။ ထိုသို့ဖြစ်ခြင်းမှာ " ဟိတ်ဓါတ် " ကြောင့်ဖြစ်ပါသည်။ မကောင်း...သောနေရာ၊ ပတ်ဝန်းကျင်မှာ မကောင်းသောဟိတ်ဓါတ်များ လွှမ်း...မိုးနေပြီး၊ ကောင်းသောနေရာ၊ ပတ်ဝန်းကျင်မှာ ကောင်းသောဟိတ်...ဓါတ်များလွှမ်းမိုးနေတတ်ကြပါသည်။ မိမိနေအိမ်မှာ တရားထိုင်ရ...သည်ထက် တရားရိပ်သာမှာ တရားထိုင်ရသည်မှာ ပိုမိုတိုးတက်နိုင်...ပါသည်။ အဘယ့်ကြောင့်ဆိုသော် မိမိနေအိမ်ထက် တရားရိပ်သာ...မှာကောင်းသော ဟိတ်ဓါတ်များ ဖုံးလွှမ်းနေသောကြောင့် ဖြစ်ပါ...သည်။ ထိုသို့ဆိုပါလျှင် တရားစခန်းထက် ဘုရားတိုင်း၊ ဘုရားတိုင်း ...အပ်သော၊ တရားထူးရရှိရာနေရာ၊ တရားဟောကြားခဲ့ရာနေ...ရာများဆိုပါက ဟိတ်ဓါတ်မြင့်မားစွာ ရှိနိုင်မည်ဖြစ်ကြောင်းနားလည်...သိမှတ် သတိချပ်သင့်သည်ဖြစ်ပါသည်။

အမှန်လည်း သံဝေဇနီယလေးဌာနတို့မှာ ကောင်းသောဟိတ်...ဓါတ်များ လွှမ်းမိုးပြည့်စုံနေသဖြင့် တရားထိုင် တရားရှုမှတ်ရသည်...မှာအထူးပင် ထူးခြားလှပါသည်။ ထို့ကြောင့် ကောင်းသောဟိတ်...ဓါတ်များ ရရှိလိုပါက မဇ္ဈိမဒေသ သံဝေဇနီယ လေးဌာနသို့ ဘုရား...ဖူးသွားသင့်လှပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားဟော ကျမ်းအထိုထိုတွင် နတ်၊ ဗြဟ္မာများတည်ရှိပုံ နတ်များတရားနာယူပုံ၊ တရားမေးလျှောက်ကြပုံတို့ကို ဖတ်ရှုရပါသည်။ ထိုနတ်တို့မှာ စာရေးသူတို့ ရိုးရိုးမျက်စိဖြင့် ရှုမြင်မစွမ်းနိုင်ပါ။ လွန်စွာနူးညံ့သော ရုပ်မျိုးဖြစ်ကြ၍ တွေ့မြင်ရဖို့ မလွယ်ပါ။ နတ်များမှာ လူ့ပြည်လာလျှင်လည်း လူ့နံ့မခံနိုင်ကြပါ။ မင်္ဂလသုတ်တရားလာမေးလျှောက်စဉ်ကလည်း မတ်တပ်မေးလျှောက်ပြီး တရားပြီးပြီးချင်း နတ်ပြည်ပြန်သွားခဲ့သည်ဟု အဆိုရှိပါသည်။ ဟိုနေရာ သည်နေရာတို့တွင် နတ်တွေရှိနိုင်ကောင်းသည်ဟုသာ မှန်းဆအာရုံယူကြရပါသည်။

ဗုဒ္ဓပွင့်ထွန်းခဲ့ရာ မဇ္ဈိမဒေသကား ဘုရားအဆူဆူတိုင်းတို့ပွင့်ထွန်းပေါ်ပေါက်ခဲ့ရာ ဗုဒ္ဓဂယာဗောဓိမဏ္ဍိုင်၊ တရားဦးဓမ္မစကြာဟောကြားရာ မိဂဒါဝုန်စသောနေရာတို့မှာ ဘုရားမြတ်စွာရှိစဉ်က နတ်များစွာရှိခဲ့ပြီး တချို့မှာ ကျွတ်တမ်းဝင်သွားကြပါသည်။ တချို့မှာ ကျွတ်တမ်းမဝင်ကြသေးပဲ နတ်အဖြစ်ဖြင့် တည်ရှိနေကြပါသေးသည်။ လူတို့ သက်တမ်းနှစ်၅၀မှ အောက်ဆုံးနတ် တစ်ရက်ရှိ၍ လူတို့သက်တမ်း နှစ်၁၀၀မှာ ဒုတိယနတ်တစ်ရက်ဖြင့် ဆတိုးတွက်ဆပါကဘုရားပွင့်စဉ်က ရှိခဲ့သောနတ်များ ယနေ့တိုင်ရှိနေကြပါလိမ့်ဦးမည်။

အတွေးဖြင့်မှန်းဆ၍ နတ်တွေရှိနေနိုင်ကြကြောင်း လက်ခံရမည် ဖြစ်ပါသည်။ လူ့ဘဝအရ နှစ်ပေါင်း၂၅၀၀ ကျော်သည် နတ်တို့သက်တမ်းအရ သိပ်မကြာသေးပါ။ ဘုရားပွင့်စဉ်က ကြည်ညို နေကြသောနတ်တို့မှာ ဘုရားမြတ်စွာပရိနိဗ္ဗာန်ပြုစဉ်က " မြတ်စွာဘုရားသခင်သည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန်စံတော်မူခဲ့သည်တကား၊ လောကဌ် ပညာမျက်စိအလင်းသည် အလွန်လျင်မြန်စွာ



ကွယ်ပခဲ့တကား " ဟုငိုယိုမည်တမ်းကြသော နတ်များစွာရှိခဲ့ကြပါသည်။ ယခုတိုင် ထိုနတ်များ ရှိနေနိုင်ကြပါသေးသည်။

" လူလိုမှ နတ်လို၊ နတ်လိုမှ ဗြိဟ်မ " ဆိုစကားအရ သံဝေဇနီယလေးဌာနဝယ် ယနေ့ထိရှိကြကုန်သော နတ်များကို စာရေးသူတို့ ပြုလုပ်ကြကုန်သော ဒါန၊ သီလ၊ ဘာဝနာတို့ကို အမျှပေးနိုင်ကြပါသည်။ မြတ်ဗုဒ္ဓ၏ နေရာတော်မြတ်အနီးမှာ ယနေ့ထက်တိုင်ရှိနေကြသော နတ်တို့ကလည်း စာရေးသူတို့ ဘုရားဖူးလာပြီး အလှူဒါနများကို အမျှပေးလျှင် သာဓုခေါ်ဖို့ စောင့်နေကြမည်ဖြစ်ပါသည်

ပမာအားဖြင့် မြို့သစ်တွင် မြေကွက်ရသူများမှာ ရှေးဦးစွာဝင်းခြံခတ်ရာတွင် ရပ်ကွက်လူကြီးများကို အသိပေး၍လာရောက်ကြပြီးနောင် ခဏ, ခဏ လာရာတွင် ရပ်ကွက်လူကြီးတို့က မှတ်မိ၍ အသိအမှတ်ပြုလာကြပါသည်။ ထိုအခါ မိမိဝင်းခြံလေးအားကြည့်ရှုစောင့်ရှောက်ပါရန် မှာကြားခွင့်ရရှိစမြဲဖြစ်ပါသည်။

မဇ္ဈိမဒေသ ရောက်တုံးရောက်ခိုက် မိမိတို့ပြုလုပ်သောကောင်းမှုများ၏ သာဓုအနုမောဒနာကို ရရှိအပ်သည့် နတ်များကလည်းဝမ်းမြောက်ဝမ်းသာ ပီတိဖြစ်နေကြပေမည်။ မိမိတို့ကလည်း မိမိတို့၏ ကုသိုလ်ကောင်းမှုများကို အမျှအတန်းပေးဝေကြပါမည်။ ထိုအခါ ရောက်နှင့်ရှိနှင့်ပြီးကြသော နတ်များက မိမိတို့အားသိရှိမှတ်သားကာ ကူညီနိုင်ကြမည်ဖြစ်ပါသည်။

မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် စံဝင်တော်မူပုံမှာ ၃ မျိုးရှိပါသည်။ ၁-ကိလေသပရိနိဗ္ဗာန်၊ ၂-ခန္ဓပရိနိဗ္ဗာန်၊ ၃-ဓါတုပရိနိဗ္ဗာန်တို့ ဖြစ်ပါသည်။ ကိလေသပရိနိဗ္ဗာန်ကို ဗောဓိပင်နှင့်ရွှေပလ္လင်တွင် သဗ္ဗညုတဘုရားဖြစ်ပြီးစကပင် ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ ခန္ဓပရိနိဗ္ဗာန်မှာ

www.burmeseclassic.com

www.burmeseclassic.com



မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တော်ရှိရာ ကုသိနာရုံ အင်ကြင်းရဂုံ၌ ခန္ဓပရိနိဗ္ဗာန် စံဝင်တော်မူခဲ့ပြီးဖြစ်ပါသည်။ ဓါတုပရိနိဗ္ဗာန်ဆိုသည်မှာ ဖြစ်လျှင်ပျက်ရ သဘာဝအတိုင်း မြတ်ဗုဒ္ဓ၏သာသနာကွယ်ပချိန်တန်လျှင် တစ်ကမ္ဘာလုံးရှိ ဂေါတမဗုဒ္ဓ၏ ဓါတ်တော်မွေတော်တို့သည် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရှိ ဘုရားအဆူဆူပွင့်ထွန်းပေါ်ပေါက်ခဲ့ရာ ဗောဓိညောင်ပင်အောက်တွင် နိမ္မိတဘုရားအဖြစ်စုရုံးရောက်ရှိကြပြီး နောက်ဆုံးတရားဟောပါလိမ့်ဦးမည်၊ ထိုအခါလူပုဂ္ဂိုလ်များမရှိကြတော့ပဲ နတ်များ၊ ဗြဟ္မာများသာ တရားနာယူ၍ကျွတ်ထိုက်သူတို့ ကျွတ်ကြရပါဦးမည်။

အကယ်၍ ဘုရားဖူးသူတော်ကောင်းသည် ထိုဓါတုပရိနိဗ္ဗာန်မပြုမီအထိ တရားထူးအသိထူးမရှိသေးပဲ နိဗ္ဗာန်မကူးနိုင်သေးသော်-နတ်အဖြစ်ဖြင့် နောက်ဆုံးတရားနာပြီး ကျွတ်တန်းဝင်နိုင်ပါသေးသည်။ ထိုအခါ ယနေ့ရှိနေနှင့်ကြပြီးသောနတ်တို့က ဗုဒ္ဓဂယာရောက်ဖူးသော ဘုရားဖူးခရီးသည်၏ ကုသိုလ်အမျှပေးဝေမှုကိုအသိအမှတ်ပြုပြီး နေရာပေးကြမည်မလွဲ ဖြစ်ပါသည်။

ထို့ကြောင့် ဘဝများစွာ သံသရာမှ ကျင့်ကြံကြိုးကုတ်အားထုတ်ခဲ့သောတရားများသည် ပါရမီအဖြစ် တစ်ဆင့်ထက်တစ်ဆင့်မြင့်သထက်မြင့်၍ ရင့်ကျက်ကာ နောက်ဆုံးဓါတုပရိနိဗ္ဗာန် စံဝင်ခါနီးအချိန်၏ အထောက်အပံ့ကောင်းများ ရရှိနိုင်ပါမည်။ နိမ္မိတရုပ်ပွါးတော်တရားဟောပြီးက မီးသင့်လောင်ကျွမ်းကာ ဓါတ်တော်များမကျန်တော့ပဲ ဂေါတမဘုရားသာသနာ ကွယ်ပသွားပါမည်။

ဗုဒ္ဓဂယာ မြေမြတ်မဟာကို ရောက်ဖူး၍ရှိနှင့်ကြပြီးသောနတ်တို့အား အမျှအတန်းပေးဝေ မိတ်ဆက်ပြီး နောက်ဆုံးဓါတု



ပရိနိဗ္ဗာန်ပွဲတွင် ကျွတ်တန်းဝင်နိုင်ရန်အတွက် သံဝေဇနီယလေးဌာနသို့ သွားဖို့ရန် နှိုးဆော်လိုက်ရပါသည်။

မြန်မာနိုင်ငံတွင် မြို့ရွာအနှံ့အောင်မြေများ ရှိကြပါသည်။ ရွှေတိဂုံဘုရားမှစ၍ ဘုရားစေတီပုထိုး အမျိုးမျိုးတို့တွင် အောင်မြင်မှုရရှိရန် အောင်မြေနင်းလေ့ရှိကြပါသည်။ များစွာသော ဗုဒ္ဓအောင်မြေများမှာ မဇ္ဈိမဒေသရှိနေရာတော်မြတ်များမှ မြေများကိုယူပြီးမှအောင်မြေခါတ်ဆင်ကြရပါသည်။

ဗုဒ္ဓဂယာဘုရားဖူးသွားလိုက်ပါက အောင်မြေကိုနင်းမိလျက်သားဖြစ်သွားရမည်သာ ဖြစ်ပါသည်။ ဗုဒ္ဓဂယာသည် ထူးမြတ်သောမြေပြင်ဖြစ်ပါသည်။ ကမ္ဘာကြီးစတင်လျှင် အရင်ဖြစ်ပေါ်ပြီး နောက်ဆုံးမှသာပျက်ရစမြေဖြစ်ပါသည်။ တခြားအောင်မြေတို့မှာ အနည်းငယ်သာအောင်မြေပါရှိပြီး ဗုဒ္ဓဂယာ အစရှိသော မဇ္ဈိမဒေသရှိအောင်မြေတို့မှာ ကမ္ဘာမြေကြီးထု ၂ သိန်း ၄ သောင်းထုအတိုင်းတည်ရှိနေသည်မှာ ကမ္ဘာပေါ်ရှိအောင်မြေများစွာတို့၏ အရှင်ပင်ဖြစ်ပါသည်။

ထို့ကြောင့် ဘုရားဖူးအပေါင်း သူတော်ကောင်းတို့အနေဖြင့်အောင်မြေနင်းလိုပါက မဇ္ဈိမဒေသ သံဝေဇနီယလေးဌာနသို့ သွားရောက်ဖူးမြော်ကြည်ညိုရင်း အောင်မြေနင်းခရီးအဖြစ် သွားသင့်ပါကြောင်းလည်း ထပ်လောင်းနိုးဆော်အပ်ပါသည်။

မြတ်ဗုဒ္ဓသည် ဓမ္မခရီးသွားခြင်းကို အားပေးတော်မူခဲ့သည်သာဖြစ်ပါသည်။ မွေးဖွားစကာလမှာပင် မြောက်သို့ ( ၇ ) လှမ်းကြွလှမ်းခဲ့ပြီး သက်တော် ( ၂၉ )နှစ်တွင် တောထွက်ခါ ရှင်ရဟန်းပြုခဲ့ပါသည်။ ဘုရားဖြစ်ရန် ဥရုဝေလတောသို့ ခြေလျှင်ခရီးကြွသွား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီး မဟာဗောဓိပင်သို့လည်း ခြေလျှင်ခရီးသွားခဲ့ပါသည်။ သဗ္ဗညု တပိုင်ရှင် ဗုဒ္ဓဖြစ်တော်မူရာတွင် ပထမဆုံး တရားဦးဓမ္မစကြာဟော ကြားရန်ဗုဒ္ဓဂယာမှ ( ၁၈ )ယူဇနာ ဝေးကွာသော မိဂဒါဝုန်တောသို့ ကြွချီတော်မူခဲ့ပြီး ပဥ္စဝဂ္ဂီတို့အား တရားဦးဟောကြားခဲ့ပါသည်။ သက်တော် ၈၀ အထိ ( ၄၅ )နှစ်တာ ကာလပတ်လုံး အနားမယူ အပင်ပန်းခံ၍ ဓမ္မခရီး သွားလာခဲ့ပါသည်။ ကျွတ်ထိုက်သသူ နတ်လူပြဟ္မာ သတ္တဝါတို့အား နိဗ္ဗာန်သောင်သို့ ဖောင်ကူးတို့ဖြင့် သယ်ပို့ဆယ်တင် ပေးတော်မူခဲ့ပါသည်။ မဟာပရိနိဗ္ဗာနသုတ်တွင် ပင်သဒ္ဓါတရား ကောင်းသောပုဂ္ဂိုလ်များ သံဝေဇနီယဌာနသို့ ဘုရားဖူးလာမည့်အကြောင်း မိန့်မှာတော်မူခဲ့ပါသည်။ အသင်ဘုရားဖူးတို့ လာရောက်ကြမည်ကို မြတ်ဗုဒ္ဓကိုယ်တော်မြတ်ကြီးသိရှိပြီး ကြည်ညို စိတ်ဖြင့် သံဝေဂရစွာ ဖူးမြော်ကြသူတွေအဖို့ မကောင်းသော ဒုဂ္ဂတိ ဘဝသို့ မရောက်စေနိုင်ကြောင်း ဟောကြားထားခဲ့ပါသည်။

တိုတောင်းသော လူ့ဘဝရလာခိုက် ရအောင်ယူတတ်ဖို့လို အပ်လှပါသည်။ ဆင်တတ်မှလှ၊ ယူတတ်မှရဆိုသည့်အတိုင်း အရ တော်သော ယခုဘဝတာလေးမှာ လူ့ဘဝရတုံးရခိုက်မှာ သံဝေဂ ဉာဏ်ရရန်၊ မိဘသဖွယ် မြတ်ဗုဒ္ဓအား ပူဇော်ရန်၊ ဟိတ်ခါတ်ယူ၍ ခါတုပရိနိဗ္ဗာန်ပွဲတွင် ကျွတ်တမ်းဝင်ရန်၊ အောင်မြေနင်းရန်အတွက် စာရှုသူဓမ္မမိတ်ဆွေအပေါင်းအား **မဇ္ဈိမဒေသသံဝေဇနီယလေးဌာန** သို့သွားရောက်ဖူးမြော် ကုသိုလ်တော်ယူကြပါရန် နိဗ္ဗာန်အကျိုးမြော် ၍နှိုးဆော်တိုက်တွန်းလိုက်ရပါသတည်း။



- သံဝေဂဉာဏ်၊ ရဖို့ရန်၊ အမှန်သွားသင့်သည်၊
- မိဘဏလား၊ မြတ်ဘုရား၊ သွားရောက်ဖူးသင့်သည်၊
- ဟိတ်ခါတ်ရရန်၊ ရည်စိတ်သန်၊ တေန်သွားသင့်သည်၊
- အောင်မြေနင်းက၊ အောင်မြင်ရ၊ မုချသွားသင့်သည်၊
- တသက်တာမှာ၊ တစ်ခါသာ၊ သွားကာဖူးသင့်သည်၊
- သံဝေဇနီယ၊ လေးဌာန၊ ဖူးကြအလီလီ၊
- အပါယ်လေးဝ၊ မလားရ၊ လားရ လူ့နတ်ပြည်၊
- ဗုဒ္ဓဘုရား၊ ဟောမိန့်ကြား၊ မှတ်သားသင့်လှသည်၊
- သင်လည်းသွားကာ၊ ဖူးမြော်ပါ၊ နှိုးဆော်ပါရသည်၊
- အောင်ချမ်းသာမှု၊ သင့်ဆန္ဒ၊ ပြည့်ဝစေရမည်၊

<u>ခရီးသည်တို့ အသိကြွယ်ဖို့</u>

ခရီးနှင့်မကင်းသူတိုင်း ခရီးတို၊ရှည် သွားကြရရာ ဦးစွာ ကိုယ်နှိုက်က အားအင်ရှိဖို့လို၏။ အသိဉာဏ်ရှိဖို့လို၏။ သင့် အား - တစ်ခဏခရီးလော၊ ဘဝခရီးလော၊ သံသရာခရီး သော . . . .

မည်သို့ဖြစ်စေ၊ အားအင်အသိဉာဏ်ကား မရှိထား၍မရ၊ သင်လျှောက်ရမည့်ခရီးက လမ်းညွှန်ကိုချည်း အဖော်ကိုချည်း တိုးလိုက်ပါနေရုံနှင့်မပြီး။ ခရီးပါရဂူ၊ အကောင်းဆုံး၊ စိတ် ရဆုံး ခရီးညွှန်ကြီး ဖြစ်တော်မူသော ဗုဒ္ဓက ဤသို့ဟော တော်မူ၏။

- အိပ်မပျော်သောသူ ညဉ့်တာရှည်၏၊
- အားအင်ကုန်ခန်း ပင်ပန်းသူ ခရီးရှည်၏၊
- သူတော်ကောင်းတို့၏ လမ်းညွှန်ဓမ္မကို မရရှိသော လူမိုက်များ သံသရာခရီး ပိုရှည်၏၊

www.burmeseclassic.com

www.burmeseclassic.com



" ၃။ မြတ်ဗုဒ္ဓ၏ဖြစ်စဉ်တော်အကျဉ်း "

ဂေါတမမြတ်စွာဘုရား၏

ဗုဒ္ဓဝင်အကျဉ်းချုပ်ဆောင်ပုဒ်

မ-သိ-ကြ-လတ်၊ တွေး-ဆ-အပ်၊ နေ့မြတ်ခုနစ်ထွေ။

သန်-ဖွား-တော-ပွင့်၊ စက်-စု-သင့်၊ ရှင်ပင့်သာကီဆွေ။

ရှင်းလင်းချက်

၁။ မ = ကြာသပတေးနေ့တွင်

သန် = ပဋိသန္ဓေနေတော်မူပါသည်။

၂။ သိ = သောကြာနေ့တွင်

ဖွား = ဖွားမြင်တော်မူပါသည်။

၃။ ကြ = တနင်္လာနေ့တွင်

တော = တောထွက်တော်မူပါသည်။

၄။ လတ် = ဗုဒ္ဓဟူးနေ့တွင်

ပွင့် = ဘုရားပွင့်တော်မူပါသည်။

၅။ တွေး = စနေနေ့တွင်

စက် = ဓမ္မစကြာတရား ဟောတော်မူပါသည်။

၆။ ဆ = အင်္ဂါနေ့တွင်

စု = စုတိပရိနိဗ္ဗာန်စံတော်မူပါသည်။

၇။ အပ် = တနင်္ဂနွေနေ့တွင်

သင့် = တေဇောဓာတ်(မီးသင့်)လောင်တော်မူပါသည်။



## ထယ်ထီဆရာတော်ဘုရားကြီး ရေးသားသော
## ဗုဒ္ဓဝင်ဘုရားဖွဲ့ခိုးယိုး

### သန္ဓေယူသောနေ့ ( မ=သန် )

သုံးလူ့ရှင်ပင်၊ ကျွန်ုပ်ထိပ်တင်၊ သောင်းခွင်စကြဝဠာ၊ နတ်ဗြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ရတုနဂို၊ ရွှန်းရွှန်းစိုသည်၊ ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်။ နတ်လူငြိမ်းဖို့ ကိန်းပါကို။

### ဖွားတော်မူသောနေ့ ( သိ=ဖွား )

သန္ဓေယူကာ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြဲ၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့ရှိစေ လူမွန်နိ၌၊ မဟီလိုက်ဆူ၊ ဖွားတော်မူသည်၊ နတ်လူအောင်မြို့ သင့်ပါတို့။

### တောထွက်သောနေ့ ( ကြ=တော )

ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်၊ ပျိုနုနယ်၌၊ သုံးဆွယ်ရွှေနန်း၊ သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်၊ ဘုန်းသစ်လျှံ ရွှေစံတော်မူ၍၊ ရွယ်မူနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နန်းတည်ထိုက်ကြောင့်၊ ရွှေစိတ်ငြင်ငြို၊ သံဝေပိုက၊ ဝါဆိုလပြည့်၊ ကျားထင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရပ်လှုံသည်၊ စုံမြိုင်ပင်ရိပ်ခန်းမှာကို။

www.burmeseclassic.com

www.burmeseclassic.com



### ဘုရားဖြစ်သောနေ့ ( လက် = ဖွင့် )

တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊ ခါတော်တပုံ၊ ပွင့်ချိန်ကြုံက၊ တဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊ မြေ့ပရမေ၊ ပလ္လင်ဗွေထက်၊ ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊ မငြိုးကြည်ဖြူ၊ နေတော်မူလျက်၊ ရန်မြူခပင်း၊ အမိုက်သင်းကို၊ အရှင်းပယ်ဖျောက်၊ အလင်းပေါက်တ၊ ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည်၊ သုံးဘော်လူတို့ငြိမ်းပါကို။

### ဓမ္မစကြာဟောသောနေ့ ( ဈေး=ခက် )

ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဘွား၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီတသောင်း၊ တိုက်အပေါင်းမှ၊ ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊ တရားနတ်စည်ရွှမ်းတယ်ကို။

### ယမိုက်ပြာဋိဟာသောနေ့ ( ဆ=ဓု )

တရားနတ်စည်၊ ဆော်ရွှမ်းလည်က၊ သုံးမည်ဘုံသိုက်၊ တသောင်းထိုက်ဝယ်၊ ကျွတ်ထိုက်သသူ၊ နတ်လူဗြဟ္မာ၊ သတ္တဝါကို၊ ခေမာသောင်သို့၊ ဖောင်ကူးတို့ဖြင့်၊ ဆောင်ပို့ပြီးခါ၊ ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊ စုံပြည့်ကြွယ်က၊ ရာလေးဆယ့်ရှစ်၊ သက္ကရာဇ်ဝယ်၊ နယ်မလ္လာတိုင်း၊ စံနှိုင်းမယုတ်၊ ကုသိနာရုံ၊ အင်ကြင်းစုံ၌၊ တဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ၊ စံတော်မူသည်၊ ဂုဏ်ဆူသောင်းလုံးကျော်တယ်ကို။



### တေဇောဓာတ်လောင်သောနေ့ ( အပ်=သင့် )

နိဗ္ဗူစံပြီ၊ ရှုမအိသား၊ သိင်္ဂီရွှေလှော်၊ အလောင်းတော်[illegible] ထိုရော်ကဆုန်၊ လဆုတ်ကြုံ၍၊ ဂဠုန်နေ့ဝယ်၊ ခိုးငွေ့မနှော၊ [illegible]တေဇောလျှင်၊ ရှင်စောဉာဏ်စက်၊ မိဋ္ဌာန်ချက်ဖြင့်၊ လျှံတက်[illegible]ရော်၊ မီးပူဇော်သည်၊ မွေတော်ရှစ်စိတ် ကြွင်းတယ်ကို။

### ဓာတ်ခွဲတော်မူခြင်း

ထိုခုနစ်နေ့၊ သာချမ်းမြေ့ကို၊ ဆွေ့ဆွေ့ကြည်ဖြူ၊ အာရုံ[illegible]၊ သုံးလူတို့နတ်၊ မြတ်ထက်မြတ်သား၊ အထွတ်ခေါင်ဖျား၊ [illegible]တော်ဘုရားကို၊ သုံးပါးမှန်စွာ၊ ဝန္ဒနာဖြင့်၊ သဒ္ဒါဖြိုးဖြိုး၊ ကျွန်[illegible]ည်၊ ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။

### ဂေါတမမြတ်စွာဘုရား၏ ဗုဒ္ဓဝင်အကျဉ်း

ဂေါတမမြတ်စွာဘုရား အလောင်းတော်သည် ပါရမီကို [illegible] ရသေ့ဘဝမှစ၍ ဖြည့်ကျင့်ခဲ့သည်၊ ဖြည့်ကျင့်ပုံမှာ . . .

ဂေါတမဘုရား ပွင့်တော်မူရာ ဤဘဒ္ဒကမ္ဘာမှ ပြန်၍ [illegible]သော် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းအထက်၌ အမရဝတီ [illegible]တော်ဝယ် သုမေဓာသဋ္ဌေးသားဖြစ်ခဲ့ဖူးသည်။ မိဘများ စွန့်[illegible]သော ပစ္စည်းများကို စွန့်လှူ၍ သံဝေဂဖြစ်ပြီး တောထွက်[illegible]သေ့ဝတ်သွားသည်။ ရမ္မာဝတီ မြို့သူမြို့သားတို့က ဒီပင်္ကရာ[illegible]ဘုရားကြွလာမည်ဖြစ်၍ လမ်းပြုပြင်ဆင်နေကြရာ ရသေ့[illegible]ပါဝင်လုပ်အားပေးသည်။ မပြီးမီဘုရားကြွလာသောကြောင့် [illegible] ခန္ဓာကိုယ်ကို ရွှံ့ညွန်တွင် တံတားသဖွယ်ပြု၍ထားသည်။

www.burmeseclassic.com

ဒီပင်္ကရာမြတ်စွာဘုရားက "နောင်အခါ ငါကဲ့သို့ ဘုရားဖြစ်လိမ့်မည်"ဟု ဗျာဒိတ်ပေးတော်မူသည်။

လုပ်အားပေးသည့် လူအုပ်ထဲတွင် သုမိတ္တာအမျိုးသမီးတစ်ဦးပါလာရာ ရသေ့ကလေး၏ပါရမီကို ကူညီဖြည့်ရပါလို၏ဟု ဆုတောင်းလေသည်။ ပါလာသော ကြာပန်းရှစ်ပွင့်အနက် ၃ ပွင့်ကို ဘုရားလှူပြီး ၅ ပွင့်ကို သုမေဓာရသေ့အား လှူလိုက်သည်။ သုမိတ္တာကားယသော်ဓရာအလောင်းတည်း။ ထိုနေ့မှာ ကဆုန်လပြည့်။

## မွေးဖွားသည့်အခါ

ဂေါတမဘုရားအလောင်းသည် ပါရမီကို ဝေဿန္တရာမင်းကြီး၏ဘဝတွင် ပြီးပြည့်စုံသည်။ ထို့နောက်တုသိတာနတ်ပြည်တွင်သေတကေတု နတ်သားဖြစ်ခိုက် နတ်ဗြဟ္မာများက ဘုရားဖြစ်ချိန်တန်ပါကြောင်း တောင်းပန်၍ ကြည့်ခြင်းငါးမျိုးကိုကြည့်ပြီး ဝန်ခံတော်မူသည်။ ကပိလဝတ်နေပြည် သုဒ္ဓေါဒနမင်းကြီး၏မိဖုရားမာယာဒေဝီ၏ဝမ်း၌ ဝါဆိုလပြည့်ကြာသပတေးနေ့တွင် သန္ဓေယူသည်။ လုမ္ဗိနီဥယျာဉ်၌ မွေးဖွားသည်။ ဖွားရက်မှာ သက္ကရာဇ် ၆၈ ခု ကဆုန်လပြည့် သောကြာနေ့ဖြစ်သည်။ မွေးဖွားပြီးနောက် "ငါအဦးဆုံး၊ ငါအကြီးဆုံး၊ ငါအမြတ်ဆုံး" ဟူသော စကားကြီး ၃ ခွန်းပြောသည်။ ဘုရားလောင်းကို မွေးဖွားပြီးနောက် ခုနစ်ရက်အရတွင် မယ်တော်မာယာစုတေသည်။ ဓမ္မတာသဘောကြောင့် မှတ်ပါ။ မိထွေးတော်ဂေါတမီက ဘုရားအလောင်းကို တာဝန်ယူပြုစုရသည်။ မယ်တော်မာယာစုတေရခြင်းမှာ သားဖွားခြင်းနှင့်စပ်သော ဒုက္ခကြောင့်မဟုတ်။ ဘုရားလောင်းတို့ ကိန်းဝပ်ရာဝမ်းတိုက်၌ နောက်ထပ်



ည်သူမျှ ပဋိသန္ဓေမနေထိုက်သောကြောင့် ဓမ္မတာသဘောအရ ားပြီး ( ၇ ) ရက်အရတွင် စုတေရသည်။

## တောထွက်သည့်အခါ

ဘုရားလောင်း၏ အမည်ကို သိဒ္ဓတ္ထဟု မှည့်သည်။ ဏ္ဏားခုနစ်ယောက်က လူ့ဘဝနှင့်နေလျှင် စကြာမင်း, ရဟန်းဝတ်လျှင်ဘုရားဖြစ်မည်ဟု နိမိတ်ဖတ်ကြသည်။ အငယ်ဆုံး ပုဏ္ဏား (ကောဏ္ဍည)က မုချဘုရားဖြစ်မည်ဟု အတပ်ဟောသည်။ ၁၆ နှစ်အရွယ်၌ သုပ္ပဗုဒ္ဓမင်းကြီး၏သမီး ဒေဝဒတ်၏အမ ယသော်ဓရာနှင့်လက်ထပ်သည်။ ရွှေနန်းသုံးဆောင်တွင် တလှည့်စီနေပြီး ထီးနန်းစည်းစိမ် ၁၃ နှစ် စံစားသည်။ ဥယျာဉ်အသွား သူအို,သူနာ,သူသေ, ရဟန်း နိမိတ်ကြီးလေးပါးတွေ့ရ၍ သံဝေဂဖြစ်သည်။ သက်တော် ၂၉ နှစ်အရွယ်၌ သားတော်ကလေး ရာဟုလာ မွေးဖွားသည့်နေ့ညမှာပင် ကဏ္ဍကမြင်းကိုစီး၍ နောက်ပါဆန္နအမတ်နှင့်အတူ တောထွက်တော်မူသည်။ မာရ်နတ်က တောမထွက်ရန် ဟန့်တားသည်။ အနော်မာမြစ်ကမ်းအနီး ဆံတော်ကိုပယ်သည်။ သိကြားမင်းက ဆံတော်ကိုယူ၍ တာဝတိံသာ၌ စေတီတည်ပြီး ဌာပနာသည်။ စူဠာမဏိစေတီဟု အမည်တွင်သည်။

( ဗုဒ္ဓဝံသ၊ ၄၊ ၃၃၃ )

ဆန္နအမတ်နေပြည်တော်ပြန်၍ အကြောင်းစုံပြောကြားသည်။ ကဏ္ဍကမြင်းမှာ သခင်နှင့်ခွဲရ၍ ရင်ကွဲနာကျပြီးသေရာ တာဝတိံသာ၌ နတ်ဖြစ်သည်။ ကဏ္ဍကနတ်သားဟုတွင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယဋ္ဌိကာရဖြပ္ဗာကြီးက ပရိက္ခရာရှစ်ပါးကို လာဆက်သည်။ သိဒ္ဓတ္ထမင်းသား၏ ဝတ်လဲတော်ပောင်းကိုယူ၍ ဖြပ္ဗာ့ပြည်တွင်စေတီတစ်ဆူ တည်ပြီးဌာပနာသည်။ ဒုဿစေတီအမည်တွင်၏။ အောက်ပါတို့ကို မှတ်သားသင့်ပါသည်။


သိဒ္ဓတ္ထ = အကျိုးအားလုံးပြီးစီးသူ
ရာဟုလာ = ရာဟုကဲ့သို့ ဖမ်းယူနှောင်ဖွဲ့မည့်သား
ဒုက္ကရစရိယာ = ခဲယဉ်းစွာပြုရသောအကျင့်

### ဘုရားဖြစ်သည့်အထိ

ဘုရားအလောင်းတော်သည် ဒုက္ကရစရိယာအကျင့်ကို ၆-နှစ်ကြာမျှ ကျင့်မိသည်။ ကျင့်သည့်နေရာမှာ ဥရုဝေလတောဖြစ်သည်။ ပဥ္စဝဂ္ဂီတို့က ဝတ်ကြီးဝတ်ငယ်ပြုသည်။ ဒုက္ကရစရိယာအကျင့်ကိုမှားမှန်းသိ၍ မဇ္ဈိမ ပဋိပဒါအကျင့်ကို ပြောင်းလဲကျင့်သည်။ ပဥ္စဝဂ္ဂီတို့က အထင်သေးပြီး စွန့်သွားကြသည်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့ နံနက်အချိန် သေနာနိဂုံးမှ သုဇာတာ ယနာနို့ဆွမ်းလာကပ်သည်။ ထိုဆွမ်းကို ၄၉ လုတ် ဘုန်းပေးပြီးရွှေခွက်ကို နေရဥ္စရာမြစ်၌ "ဘုရားဖြစ်မည်မှန်လျှင် ဤရွှေခွက်ရေညာသို့ ဆန်တက်ပါစေ"ဟု အဓိဋ္ဌာန်ဖြင့်မျှောသည်။ ရွှေခွက်ချင်းထိ၍ ကာလနဂါးကြီး နိုးသည်။ ညနေချမ်းအခါ ထိုနေရာမှ မဟာဗောဓိသို့ကြွသည်။ လမ်းတွင် သောတ္ထိယမြက်ထမ်းသမားက မြက်ရှစ်ဆုပ်လှူ၍ အလှူခံသည်။ ညောင်ပင်အောက်တွင် အဓိဋ္ဌာန်ဖြင့် ဖြန့်ခင်းရာ ၁၄ တောင် ပမာဏရှိသော ပလ္လင်ပေါ်ပေါက်လာသည်။ ဘုရားမဖြစ်သမျှ ဤနေရာမှ ငါမထဟု ဆုံးဖြတ်တော်မူသည်။ မာရ်နတ်ရောက်လာပြီး ပလ္လင်လုသည်။ လု၍

## သတ္တဋ္ဌာန – သတ္တသတ္တာဟ – မြေပုံ




၁ ။ ဗောဓိပင်မှာ - ပထမ
၂ ။ အနိမိသ - ဒုတိယ (အရှေ့မြောက် ၆၄ လံ)
၃ ။ ရတနာစင်္ကမ - တတိယ (မြောက် ၆ လံ)
၄ ။ ရတနာဃရ - စတုတ္ထ (အနောက်မြောက် ၁၃၈ လံ)
၅ ။ အဇပါလ - ပဉ္စမ (အရှေ့ ၁၉၂ လံ)
၆ ။ မုစလိန္ဒ - ဆဋ္ဌမ (အရှေ့တောင် ၁၁၄ လံ)
၇ ။ ရာဇာယတန - သတ္တမ (တောင် ၂၄၀ လံ)

သတ္တဋ္ဌာန (စာမျက်နှာ – ၂၇)

www.burmeseclassic.com

www.burmeseclassic.com



ရေ ဖြည့်ဆည်းဖူးခဲ့သော ပါရမီတို့ကြောင့် မာရ်နတ်ရှုံးသွားသည်။ တစ်စုံတစ်ယောက်သော ရန်သူမျှမအောင်နိုင်သောကြောင့် အပရာဇိတာပလ္လင်ဟုခေါ်သည်။ ထိုနေရာ၌ ပု-ဒိ-အာ ဉာဏ်တော်သုံးပါးကို ရရှိပြီး ဘုရားဖြစ်တော်မူသည်။ ဘုရားဖြစ်သည့်နေ့မှာ မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့။

**သတ္တဌာနခုနစ်ပါး ( ၇×၇ = ၄၉ ရက် )**

၁။ ပလ္လင်္ကသတ္တာဟ = ပလ္လင်ပေါ်တွင် ( ၇ ) ရက်၊ ဖလသမာပတ်ဝင်စား

၂။ အနိမိသသတ္တာဟ = ပလ္လင်ကိုမမှိတ်သောမျက်စိဖြင့် ( ၇ ) ရက်ကြည့်

၃။ စင်္ကမသတ္တာဟ = စင်္ကြံ ( ၇ ) ရက်ကြွ၊ သမာပတ်ဝင်စား

၄။ ရတနာဃရသတ္တာဟ = ရတနာအိမ်တော်၌ အဘိဓမ္မာကို ( ၇ ) ရက်ဆင်ခြင်

၅။ အဇပါလသတ္တာဟ = ဆိတ်ကျောင်းညောင်ပင်၌ (၇) ရက်သမာပတ်ဝင်စား

၆။ မုစလိန္ဒသတ္တာဟ = ကျည်းပင်ရင်းမှာ ( ၇ ) ရက် သမာပတ်ဝင်စား

၇။ ရာဇာယတနသတ္တာဟ = လင်းလွန်းပင်၌ ( ၇ ) ရက် သမာပတ်ဝင်စား

ရာဇာယတနသတ္တာဟ၌စံနေတော်မူစဉ် တဖုဿနှင့်ဘလ္လိက ကုန်သည်ညီနောင် ရောက်လာဖူးမြော်ကြသည်။ ဆံတော်ရှစ်ဆူ

www.burmeseclassic.com

www.burmeseclassic.com



ချီးမြှင့်တော်မူသည်။ ဥက္ကလာသို့ ပြန်ရောက်သောအခါ ရွှေတိဂုံ စေတီတော်တွင် ဌာပနာ၍ ကိုးကွယ်ပူဇော်ကြသည်။

**ဓမ္မစကြာတရားဟော**

သတ္တဌာနစံနေတော်မူပြီးနောက် ဗောဓိပင်မှ ဗာရာဏသီ အနီး မိဂဒါဝုန်တောသို့ကြွ၍ ကောဏ္ဍည, ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိ ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦး ဟောတော်မူသည်။ ဗောဓိပင်မှ မိဂဒါဝုန်သို့အလာ လမ်းခရီးတွင် ဥပကတက္ကတွန်းကြီး နှင့်တွေ့သည်။ အမည်ကိုမေးသောကြောင့် မြတ်စွာဘုရားက သူ၏ အမည် အနန္တဇိနဟု ဖြေကြားတော်မူသည်။

**ပရိနိဗ္ဗာန်စံတော်မူ**

ဘုရားဖြစ်ပြီးနောက် ၄၅-ဝါတိုင်တိုင် သတ္တဝါများအကျိုးငှာ မနားမနေ တရားဟောတော်မူသည်။ နောက်ဆုံးဝါကို ဝေဠုဝရွာ၌ ကပ်တော်မူသည်။ ဝါကျွတ်သော် သာဝတ္ထိပြည်သို့ကြွသည်။ သာဝတ္ထိ မှရာဇဂြိုဟ်သို့ကြွ၍ ရှင်မောဂ္ဂလာန်၏ဈာပနကို သဂြိုဟ်သည်။ ရာဇဂြိုဟ်မှ ဝေသာလီ၊ ဝေသာလီမှ ပါဝါပြည်သို့ကြွ၍ ပန်းထိမ်သည် စုန္ဒကပ်လှူသော ဝက်ပျို့သားဆွမ်းဟင်းကို ဘုဉ်းပေးတော်မူရာ ဝမ်း တော်လားသော ရောဂါရသည်။ ပါဝါပြည်မှ ကုသိနာရုံသို့ဆက်ကြွ ပြီး သုဘဒ္ဒပရိဗိုဇ်အား နောက်ဆုံးချွတ်တော်မူသည်။ သက်တော် ၈၀ ဝါတော် ၄၅ ဝါအရ သက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့် အင်္ဂါနေ့ တွင် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တွင် ပ နိဗ္ဗာန်စံတော်မူလေသည်။



**နောက်ဆုံးစကားတော်**

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ

ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။

"ချစ်သားတို့ . . . နောက်ဆုံးစကား မှာကြားခဲ့သည်။ ပြုပြင်မှု ကြောင့်ဖြစ်သော သင်္ခါရတရားမှန်သမျှ ပျက်စီးတတ်သောသဘော ရှိ၏။ မမေ့မလျော့ မပေါ့ဆသော သတိတရားနှင့် နေထိုင်ကြ"

**တေဇောဓာတ်လောင်၊ ဓါတ်တော်ကြွင်း**

မြတ်စွာဘုရား၏ ရုပ်ကလာပ်တော်ကို မလ္လာမင်းတို့ကဦး ဆောင်ပြီး သဂြိုဟ်သည်။ မဟာသက္ကရာဇ် ၁၄၈ ခု ကဆုန်လဆုတ် ၁၂ ရက် တနင်္ဂနွေနေ့တွင် တေဇောဓာတ် လောင်တော်မူသည်။ ဓါတ်တော်(မွေတော်) ရှစ်စိတ် ကြွင်းကျန်သည်။

၁။ အကြီးစားဓာတ်တော် - ပဲနောက်စေ့အရွယ်၊ အသားမှဖြစ်၊ ရွှေရောင်၊ ၅-ကွမ်းစား။

၂။ အလတ်စားဓာတ်တော် - ဆန်ကျိုးပိုင်းအရွယ်၊ အရိုးမှဖြစ်၊ ပုလဲရောင်၊ ၅-ကွမ်းစား။

၃။ အငယ်စားဓာတ်တော် - မုံညင်းစေ့ရွယ်၊ အသွေးမှဖြစ်၊ ချယားပွင့်အဆင်း၊ ၆-ကွမ်းစား။

www.burmeseclassic.com

www.burmeseclassic.com



မီးသဂြိုဟ်ရာ၌ မပြုမကွဲ ပင်ကိုယ်အတိုင်း တည်ရှိသော ဓာတ်တော်များမှာ ညှပ်ရိုးတော် ၂-ဆူ၊ စွယ်တော် ၄-ဆူ၊ နဖူးသင်းကျစ် ၁-ဆူ၊ ပေါင်း ၇-ဆူ ဖြစ်သည်။ ဓာတ်တော်များကို (၇)ပြည်ထောင် မင်းများအား ဒေါနပုဏ္ဏားကြီးက ခွဲဝေပေးသည်။ အချို့ဓာတ်တော်များကို အရှင်မဟာကဿပနှင့် အဇာတသတ်မင်းတို့ တိုင်ပင်ပြီး စက်ယန္တယားအစောင့်ထား၍ သိမ်းဆည်းမြှုပ်နှံထားခဲ့သည်။ နောင်နှစ်ပေါင်း ၂၃၅ နှစ်ကြာသောအခါ သီရိဓမ္မာသောကမင်းကြီးက တူးဖော်၍ စေတီပေါင်း ၈၄၀၀၀ တည်ထားကိုးကွယ်စေပြီးသာသနာပြန့်ပွားအောင် ဆောင်ရွက်ခဲ့သည်။

### သင်္ဂါယနာတင်

ပိဋကတ်တော်များ မပျောက်ပျက်ရအောင် မမှားမယွင်း စုပေါင်းရွတ်ဆိုခြင်း (ထိန်းသိမ်းခြင်း)ကို သင်္ဂါယနာခေါ်သည်။

၁။ ပထမ သင်္ဂါယနာကို ရာဇဂြိုဟ်ပြည်၌ သာသနာနှစ် ( ၁ )ခုတွင် တင်သည်။

၂။ ဒုတိယ သင်္ဂါယနာကို ဝေသာလီပြည်၌ သာသနာနှစ် ( ၁၀၀ )တွင် တင်သည်။

၃။ တတိယ သင်္ဂါယနာကို ပါဋလိပုတ်ပြည်၌ သာသနာနှစ် ( ၂၃၅ )တွင် တင်သည်။

၄။ စတုတ္ထ သင်္ဂါယနာကို သီဟိုဠ်ပြည်၌ သာသနာနှစ် ( ၄၅၀ )တွင် တင်သည်။

၅။ ပဉ္စမ သင်္ဂါယနာကို မြန်မာပြည်မန္တလေးမြို့၌ သာသနာနှစ် ( ၂၄၁၂ )တွင် တင်သည်။



၆။ ဆဋ္ဌ သင်္ဂါယနာကို မြန်မာပြည် ရန်ကုန်မြို့၌ သာသနာနှစ် ( ၂၄၉၈ ) မြန်မာသက္ကရာဇ် ၁၃၁၆-ခု၊ ခရစ်နှစ် ၁၉၅၄ ခုနှစ်တွင် တင်သည်။

* ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို ရန်ကုန်မြို့ ကမ္ဘာအေးလိုဏ်ဂူတော်ကြီး၌ ၁၃၄၂ ခုနှစ်တွင် ကျင်းပသည်။

**********

### မြတ်စွာဘုရား လေးဆယ့်ငါးဝါ ဝါဆိုစဉ်ဘုရားဖို့ခိုး

သုံးလူသခင်၊ ငါးမာရ်သင်၍၊ ပလ္လင်ပတ်ရံ၊ သတ္တဌာန်ဝယ်၊ သတ္တဟာန်ဖွဲ့၊ စံပယ်ခဲ့ပြီး၊ တဆယ့်ရှစ်ယူဇနာ၊ ထိုမှကြွာသည်။ ဓာရာနဝရ မိဂဒ၌ နန္ဒိယဝိဟာ၊ ပထမဝါတည်၊ ဒွါ,တိ,ဇယ၊ ရာဇဂဟာ၊ သဋ္ဌုဝန်ပျော်၊ ငါးသော်ဝေသာလီ၊ လိစ္ဆဝီဝိဟာ၊ ဆဝါမကုဠ၊ သတ္တမ ဆေတီသာ၊ အဋ္ဌာဘဂ္ဂ၊ နဝမကောသမ္ဗီ၊ ယောသီရွှေဘုံ၊ ရဂုံပလိလေယျ၊ သာမတည့်၊ နာဠပုဏ္ဏားရွာ၊ ကောဒသည်၊ ဝေရဉ်ဇာရသ်၊ တောင်မြတ်စာလိယ၊ တေရသတည့်၊ စုဒ္ဒသ ငါ၊ သာဝတ်တောင်စွန်၊ ဇေတဝန်စံမှီ၊ ကပ္ပိပန္နရသ်၊ ကျောင်းမြတ်နိဂြောဓ၊ သောဠသမိ၊ အာဠဝီတည့်၊ ဝိရိဋ္ဌုဗ၊ သတ္တရသာ၊ ဆယ့်ရှစ်ဝါနှင့်၊ နဝါဒသ၊ စာလိယဆို၊ ရာဇဂြိုဟ်ဝိသ၊ ဤထိုမျှကား၊ ပထမဗောဓိ၊ အနိဗဒ်ဝါ၊ နောင်လာတွက်ဖွဲ့၊ နှစ်ဆယ့်လေးတန်၊ ဇေတဝန်ပုဗ္ဗာ၊ လှည့်လည်ကာဖြင့်၊ ခေမာနီးသော်၊ ရှာကြီးဝေဠုဝ၊ ဝါတော်မှူ၍၊ ပဉ္စစတ္တာလီ၊ အသီတျာယု၊ တိုင်သမှုမြင်း ဤလူ့သက္ကရာဇ်၊ အင်္ဂ, ဇော, ဇော်၌၊ နှစ်သစ်ကဆုန်၊ ပုဏ္ဏမီ့မြဲ့၊ အင်္ဂါနေ့တွင်၊ နိဗ္ဗာန်ဝင်သား၊ ရှင်တော်ဘုရားကို၊ ညွတ်တွားမန္ဒနာ၊

www.burmeseclassic.com

www.burmeseclassic.com



ပူဇော်ပါ၏ဘုရား။ ( ကျိုးသဲလေးထပ် ဆရာတော်၏ ဇိနတ္ထပကာသနီ ကျမ်း နှာ-၁၆၆ မှ ဖော်ပြပါသည်။ )

**မြတ်စွာဘုရား ၄၅ နှစ် ဝါဆိုရာဌာနများ**

| ဝါတော်စဉ် | ဝါဆိုရာဌာန |
|---|---|
| ၁။ | ဗာရာဏသီ မိဂဒါဝုန်တော |
| ၂-၃-၄။ | ရာဇဂြိုဟ် ဝေဠုဝန်ကျောင်း |
| ၅။ | ဝေသာလီပြည် |
| ၆။ | မကုဠတောင် |
| ၇။ | တာဝတိံသာ |
| ၈။ | ဘဂ္ဂတိုင်း |
| ၉။ | ကောသမ္ဗီပြည် |
| ၁၀။ | ပါလိလေယျကတော |
| ၁၁။ | နာဠပုဏ္ဏားရွာ |
| ၁၂။ | ဝေရဉ္ဇာပြည် |
| ၁၃။ | စာလိယတောင် |
| ၁၄။ | သာဝတ္ထိပြည် ဇေတဝန်ကျောင်း |
| ၁၅။ | ကပိလဝတ်ပြည် |
| ၁၆။ | အာဠဝီပြည် |
| ၁၇။ | ရာဇဂြိုဟ်ပြည် |
| ၁၈-၁၉။ | စာလိယတောင် |
| ၂၀။ | ရာဇဂြိုဟ် |
| ၂၁ မှ ၄၄။ | သာဝတ္ထိပြည် ဇေတဝန်ကျောင်း |
| ၄၅။ | ဝေဠုဝရွာ |



**မှတ်ချက်** ။ ။ မြတ်စွာဘုရားသည် ဝါတော် ၂၀ အထိ အမြဲနေ လေ့မရှိပဲ ထိုထိုမြို့ရွာသို့ လှည့်လည်ပြီး ဝါဆိုတော်မူသည်။ ထို့ကြောင့် ဝါတော် ၂၀ အထိ အနိဗဒ္ဓဝါဟု ခေါ်၏။ ၂၁-ဝါ မှ ၄၅-ဝါအထိ နောက်ပိုင်း ၂၅-ဝါအနက် ၂၄-ဝါကို သာဝတ္ထိပြည်၌သာ အမြဲဝါဆိုတော်မူသည်။ နောက်ဆုံးဝါကို ဝေဠုဝရွာ၌ ဝါကပ်တော်မူသည်။ ထို့ကြောင့် နိဗဒ္ဓဝါ ၂၅-ဝါဟု မှတ်ပါ။

**ဘုရားစုံများအတွက် စုဒ္ဒဝင်အကျဉ်းမှတ်ရန်**

| | | | |
|---|---|---|---|
| ၁။ | လူအမည် | = | သိဒ္ဓတ္ထ |
| ၂။ | ဘုရားဘွဲ့ | = | ဂေါတမ |
| ၃။ | မိဘအမည် | = | သုဒ္ဓေါဒနမင်းနှင့်မာယာဒေဝီ |
| ၄။ | ကြင်ယာတော် | = | ယသော်ဓရာ ( ဘဒ္ဒကစ္စနာ ) |
| ၅။ | ရင်သွေးတော် | = | ရာဟုလာ |
| ၆။ | ယောက်ဖတော် | = | ဒေဝဒတ် |
| ၇။ | မိထွေးတော် | = | ဂေါတမီ |
| ၈။ | နေပြည်တော် | = | ကပိလဝတ်ပြည် ( သက္ကတိုင်း၊ မဇ္ဈိမဒေသ ) |
| ၉။ | ဖွားရာဌာန | = | လုမ္ဗိနီဥယျာဉ် ( ကပိလဝတ် နှင့်ဒေဝဒဟအကြား ) |
| ၁၀။ | နန်းစံနှစ် | = | ၁၃ နှစ်ကြာ ( ၁၆နှစ် မှ ၂၉နှစ် အထိ ) |
| ၁၁။ | နိမိတ်ကြီးများ | = | သူအို-သူနာ-သူသေ-ရဟန်း |
| ၁၂။ | ဗျာဒိတ်ခံယူသောဘဝ | = | သုမေဓာရသေ့ဘဝ |

www.burmeseclassic.com

www.burmeseclassic.com



၁၃။ ဗျာဒိတ်ခံယူသောနေ့ = ကဆုန်လပြည့်နေ့

၁၄။ ဗျာဒိတ်ပေးသောဘုရား = ဒီပင်္ကရာမြတ်စွာဘုရား

၁၅။ ပါရမီဖြည့်ဘက် = သုမိတ္တာအမျိုးသမီး ( ယသော်ဓရာအလောင်း )

၁၆။ ပါရမီဖြည့်ရာကာလ = လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ( သုမေဓာဘဝမှဝေဿန္တရာဘဝအထိ )

၁၇။ ပါရမီဖြည့်ရခြင်း၏ရည်ရွယ်ချက် = သတ္တဝါများအကျိုးဆောင်ရွက်ရန်

၁၈။ ဒုက္ကရစရိယာကျင့်ရသောနှစ် = ၆ နှစ်ကြာ ( ၉၇မှ ၁၀၃အထိ )

၁၉။ ဒုက္ကရစရိယာကျင့်သည့်နေရာ = ဥရုဝေလတော

၂၀။ ဘုရားဖြစ်ချိန်သက်တော် = ၃၅ နှစ်အရွယ်

၂၁။ ဘုရားပွင့်ရာသက်တမ်း = ၁၀၀ တန်း

၂၂။ အလုပ်အကျွေး = ပဉ္စဝဂ္ဂီငါးဦး ( ဒုက္ကရစရိယာကျင့်ခိုက် )

၂၃။ တရားဦးဟောသည့်နေရာ = ဗာရာဏသီ အနီး မိဂဒါဝုန်တော

၂၄။ ပထမဆုံးသာဝက = ပဉ္စဝဂ္ဂီငါးဦး

၂၅။ နောက်ဆုံးကျွတ်သောသာဝက = သုဘဒ္ဒပရိဗိုဇ်

၂၆။ လက်ျာရံအဂ္ဂသာဝက = အရှင်သာရိပုတ္တရာ

၂၇။ လက်ဝဲရံအဂ္ဂသာဝက = အရှင်မောဂ္ဂလာန်

၂၈။ အဆုံးအမသာသနာ = ပရိယတ္တိ-ပဋိပတ္တိ-ပဋိဝေဓ



၂၉။ ကျင့်စဉ်သိက္ခာ = သီလ-သမာဓိ-ပညာ

၃၀။ ချမှတ်သောလမ်းစဉ် = မဇ္ဈိမပဋိပဒါ (မဂ္ဂင်လမ်းစဉ်)

၃၁။ သန္ဓေယူသောနေ့ = မဟာသက္ကရာဇ် ၆၇ (ဝါဆိုလပြည့်၊ ကြာသပတေးနေ့)

၃၂။ ဖွားမြင်သောနေ့ = မဟာသက္ကရာဇ် ၆၈ (ကဆုန်လပြည့်၊ သောကြာနေ့)

၃၃။ တောထွက်သောနေ့ = မဟာသက္ကရာဇ် ၉၇ (ဝါဆိုလပြည့်၊ တနင်္လာနေ့)

၃၄။ ဘုရားဖြစ်သောနေ့ = မဟာသက္ကရာဇ် ၁၀၃ (ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့)

၃၅။ ဓမ္မစကြာဟောသောနေ့ = မဟာသက္ကရာဇ် ၁၀၃ (ဝါဆိုလပြည့်၊ စနေနေ့)

၃၆။ ပရိနိဗ္ဗာန်စံသောနေ့ = မဟာသက္ကရာဇ် ၁၄၈ (ကဆုန်လပြည့်၊ အင်္ဂါနေ့)

၃၇။ တေဇောဓာတ်လောင်သောနေ့ = ၁၄၈ ခု၊ (ကဆုန်လဆုတ် ၁၂ တနင်္ဂနွေနေ့)

ဗုဒ္ဓဝင်အကျဉ်းချုပ်ပြီး၏။

*****

www.burmeseclassic.com

www.burmeseclassic.com



## " ၄။ ကြည့်ရှုဖူးမြော် မြတ်ဗုဒ္ဓနေရာတော် "

အောင်ချမ်းသာ ဘုရားဖူးအဖွဲ့နှင့်လိုက်ပါကြသော ဘုရားဖူး များအတွက် မဇ္ဈိမဒေသ သံဝေဇနီယလေးဌာနသို့ မသွားသေးခင် သံဝေဇနီယလေးဌာနနှင့် မြတ်ဗုဒ္ဓ၏နေရာတော်များတို့အား သိရှိ ကြည်ညိုနိုင်ကြပါစေရန် အကျဉ်းချုပ်ဖော်ပြလိုပါသည်။

### (က) မဇ္ဈိမဒေသ

ဇကေနိပါတ်၊ အင်္ဂုတ္တိုရ်အဋ္ဌကထာအရ မဇ္ဈိမဒေသ၏ နယ်န မိတ်အပိုင်းအခြားမှာ

အရှေ့အရပ်၌ ဂဇင်္ဂလနိဂုံးရွာ

အရှေ့တောင်အရပ်၌ သလ္လဝတီမြစ်

တောင်အရပ်၌ သေတကဏ္ဏိက နိဂုံးရွာ

အနောက်အရပ်၌ ထူဏ (ပုဏ္ဏား) နိဂုံးရွာ

မြောက်အရပ်၌ ဥသီရဒ္ဓဇတောင်တန်းတို့ဖြင့် ပိုင်းခြားအပ် ၏။ မုရိုးစည်းကဲ့သို့ အလယ်၌ကြီး၍ အရင်းအဖျားသိမ်၏။ အဝန်းယူဇနာ ၉၀၀ ရှိ၏။ ( အလျားယူဇနာ ၃၀၀၊ အန ယူဇနာ ၂၅၀ )

( အရှင်ကိတ္တိ၏ ဣန္ဒိယကြေးမုံ )

ဗုဒ္ဓလက်ထက်တော်အခါက ဇမ္ဗူဒီပ (ဇမ္ဗူဒိပ်ကျွန်း) ဆိုသည် မှာယနေ့ အိန္ဒိယနိုင်ငံပင်ဖြစ်ပြီး မဇ္ဈိမဒေသဆိုသည်မှာ အိန္ဒိယနိုင်ငံ အတွင်းရှိ ဗီဟာပြည်နယ်၊ ယူပီပြည်နယ်များနှင့် နီပေါနိုင်ငံ တို့ပင်



ဖြစ်ပါသည်။ ထိုအချိန်က အိန္ဒိယတိုက်ငယ်တခုလုံးကို တိုင်းကြီး ၁၆ တိုင်းအဖြစ် ခွဲခြမ်းအုပ်ချုပ်ခဲ့ကြသည်။ ယင်းတို့အထဲမှ မဂဓတိုင်း ( ယခုဗီဟာ ပြည်နယ် ) နှင့် ကောသလတိုင်း (ယခုယူပီ ပြည်နယ်)တို့မှာ ဗုဒ္ဓဘာသာဝင်တို့အတွက် အရေးပါခဲ့သော အချက် အချာနေရာဒေသတို့ ဖြစ်ကြသည်။

ယခုအိန္ဒိယနိုင်ငံ၏မြို့တော် နယူးဒေလီမှာ ကုရုတိုင်းဖြစ်ခဲ့ ပြီးယင်း၌ သတိပဋ္ဌာနသုတ်တော်ကို ဟောတော်မူခဲ့ပါသည်။ နိုင်ငံ ရေးအရ မဟုတ်သော်လည်း ယဉ်ကျေးမှုအတတ်ပညာနှင့် အစဉ် အလာကြီးမားမှုတို့အရ ကာသိတိုင်း၊ ဗာရာဏသီမြို့တော်သည် ထည်းထိပ်တန်းက ရှိခဲ့ပေသည်။ ကာသိတိုင်းမှ ထုတ်လုပ်သည့် ပိုးသည်နှင့် ရေမွှေးတို့မှာ အထူးနာမည်ကြီးလှပြီး ဘုရားလောင်း သိဒ္ဓတ္ထမင်းသားသည်ပင် ယင်းတို့ကိုသုံးစွဲခဲ့ဘူးကြောင်း Middle Land and Middle way ( S.Dhamika ) က ဖော်ညွှန်းထားခဲ့ ပါသည်။

မာဂဓတိုင်း၏မြောက်ဘက်ရှိဝဇ္ဇီတိုင်းမှာ လိစ္ဆဝီနှင့်ဝိဒေဟ လူမျိုးများပြဋ္ဌာန်းသော တိုင်းရင်းသားလူမျိုးစုံပါဝင်သော စုပေါင်း အုပ်ချုပ်သည့် ဒီမိုကရေစီနိုင်ငံငယ်တစ်ခု ဖြစ်ခဲ့သည်။ မြို့တော်မှာ ဝေသာလီဖြစ်ပြီး မာဂဓဘုရင် အဇာတသတ်၏ ရန်စကျူးကျော်မှုကို ခံခဲ့ရသည်။ တဖက်တွင်လည်း အဆိုပါဒေသ အသီးသီးတို့မှ (မင်းစိုး ရာဇာများအပါအဝင်)ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များသည် မဇ္ဈိမဒေသ သို့အကြိမ်ကြိမ် ဘုရားဖူးလှည့်လည်ခြင်းများ ပြုခဲ့ကြသည်။

မြန်မာနိုင်ငံမှလည်း သွားရောက်ဖူးမြော်ခဲ့ကြပါသည်။ အိန္ဒိယ နိုင်ငံမှာ အရှေ့အနောက် မိုင် ၁၈၀၀ ရှိ၍ တောင်,မြောက်မိုင်

www.burmeseclassic.com

www.burmeseclassic.com



၁၃၀၀ ကျော်ရှိ၏။ ထိုသို့အရပ်ဒေသ ကျယ်ဝန်းသည့်အလျောက် ရာသီဥတုမတူ ကွဲပြားမှုရှိသည်။ အေးသည့်အပိုင်း၌ ရေခဲအောက် အေး၍ပူသည့်အပိုင်းသည် အပူလှိုင်းမိ၍ လူသေသည်အထိပူသည်။

ထို့ကြောင့် အိန္ဒိယဘုရားဖူးသွားလိုသူများအတွက် အကောင်းဆုံးရာသီမှာ အောက်တိုဘာနှင့် နိုဝင်ဘာလ ( သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းလ )တို့ဖြစ်သည်။ ဒုတိယအကောင်းဆုံးမှာ ဖေဖော်ဝါရီလနှင့် မတ်လ ( တပို့တွဲနှင့်တပေါင်းလ ) ဖြစ်သည်။ အအေးဒဏ်ခံနိုင်ပါက ဒီဇင်ဘာလနှင့် ဇန္နဝါရီလ ( နတ်တော်လနှင့်ပြာသိုလ ) တို့တွင်လည်း ဘုရားဖူးသွားနိုင်ပါသည်။

အောက်တိုဘာလ၊ နိုဝင်ဘာလနှင့် မတ်လတွင် သွားပါက အနွေးထည် သယ်ဆောင်ရန်မလို၊ ဒီဇင်ဘာလ၊ ဇန္နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် သွားလိုပါက အနွေးထည် အလုံအလောက် ယူရန်လိုပါသည်။

ဗုဒ္ဓဂယာတွင် နွေရာသီ၌ အပူချိန် ၂၈ စင်တီဂရိတ်မှ ၄၇ စင်တီဂရိတ် ဒီဂရီအထိ ပူတတ်သည်။ ဆောင်းရာသီ၌ ၂၈ စင်တီဂရိတ်မှ ၄ စင်တီဂရိတ် ဒီဂရီအထိအေးတတ်သည်။ မိုးရေချိန်မှာ ၁၁၈၆ မီလီမီတာရှိ၍ ဇွန်လလယ်မှ စက်တင်ဘာလအထိ မိုးရွာတတ်သည်။ ရာဇဂြိုဟ်နှင့် နာလန္ဒာတဝိုက်၌ ဆောင်းရာသီတွင် ၂၇. ၈ စင်တီဂရိတ်မှ ၁၀. ၆ စင်တီဂရိတ်ဒီဂရီအထိ အေးတတ်သည်။ နွေရာသီတွင် ၁၇. ၈ စင်တီဂရိတ်ဒီဂရီမှ ၃၇. ၈စင်တီဂရိတ်ဒီဂရီအထိ ပူတတ်သည်။ မိုးရေချိန်မှာ ၁၂၀၀ မီလီမီတာ ရှိသည်။ ဗာရာဏသီ , ကုသိနာရုံနှင့် သာဝတ္ထိမှာ ဗုဒ္ဓဂယာနှင့် မတိမ်းမယိမ်း ဖြစ်ပါသည်။



အိန္ဒိယနိုင်ငံကို တိုက်ကြီးတစ်တိုက်အဖြစ် အများကခေါ်ကြသည်။ အဘယ်ကြောင့်ဆိုသော် အိန္ဒိယနိုင်ငံသည် စတုရန်းကီလိုမီတာ ၃. ၂၉ သန်းမျှ ကျယ်ဝန်းပေသည်။ မြောက်ဘက်တွင် တရုတ်ပြည်၊ နီပေါနှင့်ဘူတန်နိုင်ငံ၊ အနောက်မြောက်ဘက်တွင် အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်၊ အရှေ့ဘက်တွင် မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်တို့ရှိကြသည်။ နိုင်ငံ၏သွယ်လျသော တောင်ဘက်ဖျားကို သီရိလင်္ကာကျွန်းနိုင်ငံမှ ပါ့လ်က်ရေလက်ကြားနှင့် မန္နာပင်လယ်အော်က ခွဲခြားထားပါသည်။

အနောက်မြောက်ဘက် ပါမီယာကုန်းပြင်မှ အရှေ့ဘက် ဗြဟ္မပုတ္တရမြစ်ဝှမ်းအထိ၊ မြောက်ဘက်နယ်စပ်တလျှောက် ကီလိုမီတာ ၂၄၀၀ မျှ ရှည်လျားသော ဟိမဝန္တာတောင်တန်း ရှိသည်။ ယင်းတောင်တန်းတွင် ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ် တည်ရှိသည်။

ကျွန်းဆွယ်၏ တောင်ပိုင်းကို နေရာယူထားသည်မှာ ဒက္ခိဏကုန်းမြေမြင့်ကြီးဖြစ်သည်။ ကညကုမာရီသည် အိန္ဒိယနိုင်ငံ၏ တောင်ဘက်ဖျား ဖြစ်သည်။

ဟိမဝန္တာတောင်တန်းနှင့် ဒက္ခိဏကုန်းမြင့် အကြားတွင် အင်ဒို-ဂင်္ဂါလွင်ပြင်ရှိသည်။ အရှေ့ဘက်တွင် ဗြဟ္မပုတ္တရမြစ်သည် ဂင်္ဂါမြစ်နှင့် ပေါင်းဆုံစီးဆင်းသွားပြီး ဒီရေတောများပေါများခြင်းကြောင့်ကျော်ကြားသည့် ကမ္ဘာ့အကျယ်ဝန်းဆုံး မြစ်ဝကျွန်းပေါ်ဒေသကြီးကို ဖြစ်ပေါ်စေပေသည်။ အရှေ့ဘက် ဘင်္ဂလားပင်လယ်အော်တွင်ကပ္ပလီကျွန်းစုနှင့် နဂ်ာဘာရီကျွန်းများရှိသည်။ အနောက်ဘက် အာရေဗျပင်လယ်တွင်မူ လက်ရှာဒွိကျွန်းများမှာ လခြမ်းသဏ္ဍာန် သန္တာကျွန်းတန်းများ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယနိုင်ငံသည် မြောက်လတ္တီတွဒ် ၈°. ၄′ နှင့် ၃၇°. ၆′ အကြား အရှေ့လောင်ဂျီတွတ် ၆၈°. ၇′ နှင့် ၉၇°. ၂၅′ အကြားတွင် တည်ရှိပြီး မြောက်မှတောင် ၃၂၁၄ ကီလိုမီတာ၊ အရှေ့မှအနောက် ၂၉၃၃ ကီလိုမီတာ ရှည်လျားသည်။

အောင်ချမ်းသာဘုရားဖူးအဖွဲ့ ကုသိုလ်ယူပို့ဆောင်ပေးသည့် ခရီးစဉ်အတိုင်း ဗုဒ္ဓ၏မြတ်နေရာတော်တို့ကို ဘုရားဖူးများလွယ်လင့်တကူဖတ်ရှုသွားနိုင်ရန် တင်ပြလိုပါသည်။

မြန်မာနိုင်ငံ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိန္ဒိယ လေကြောင်းလိုင်းဖြင့် ဗုဒ္ဓဂယာသို့တိုက်ရိုက်သွားပြီး ဗုဒ္ဓဂယာ၌ ဘုရားများဖူးကာ မိဂဒါဝုန်၊ သာဝတ္ထိ၊ လုမ္ဗိနီ၊ ကုသိနာရုံ၊ ဝေသာလီ၊ ပတ္တနား၊ ရာဇဂြိုလ်၊ နာလန္ဒာတို့ဖူးပြီး ဗုဒ္ဓဂယာသို့ ပြန်လည်ရောက်ရှိသည့် လက်ယာရစ်ခရီးနှင့် ဗုဒ္ဓဂယာမှ နာလန္ဒာ၊ ရာဇဂြိုလ်၊ ပတ္တနား၊ ဝေသာလီ၊ ကုသိနာရုံ၊ လုမ္ဗိနီ၊ သာဝတ္ထိနှင့် မိဂဒါဝုန်တို့ဖူးကာ ဗုဒ္ဓဂယာသို့ပြန်လည်ရောက်ရှိသည့် လက်ဝဲရစ်ခရီးတို့ဖြစ်ပါသည်။ တစ်ခါတရံ ရန်ကုန်မှ ကိုလ်းကတ္တားသို့ ပျံသန်းပြီး ကိုးလ်ကတ္တားမှ တဆင့် ဗုဒ္ဓဂယာသို့ ပျံသန်းသည့်ခရီးစဉ် အပြောင်းအလဲရှိတတ် ပါသည်။

## ( ၁ ) ပတ္တနား

ပါဋလိဂါမသည် ဗုဒ္ဓလက်ထက်တော်က ဂင်္ဂါမြစ်ကမ်းပါးရှိ သာမန်ရွာငယ်တစ်ခုမျှသာ ဖြစ်သည်။ သို့သော်ယင်းသည် မာဂဓတိုင်းနှင့် ဝဇ္ဇီတိုင်းတို့၏ နယ်စပ်ဖြတ်ကျော်သည့် နေရာတွင်တည်ရှိသဖြင့်အရေးပါလှသည်။အဇာတသတ်သည်ဝေသာလီပြည်နယ်ကို သိမ်းပိုက်နိုင်ရေး စီမံချက်ဖြင့် ဤရွာကိုခံတပ်မြို့အဖြစ် တိုးမြှင့်တည်



ဆောက်ခဲ့သည်။ မြို့တော် (ခန်းမ) ဖွင့်ပွဲတွင် ဘုရားရှင်ကိုယ်တိုင် ကြွလာရောက်ပြီး အနုမောဒနာတရား ဟောကြားခဲ့သည်။ ဗုဒ္ဓပရိနိဗ္ဗာန်ပြုတော်မူပြီး ပါဋလိဂါမ ( Patali village ) မှ ပါဋလိပုတ္တ (Patali city) ဖြစ်လာခဲ့သည်။

ပါဋိလိဂါမ ဟူသောရွာကြီးသည် ဘုရားရှင်လက်ထက်တော် အခါနှင့် ဘုရားရှင်လက်ထက်တော် မတိုင်မီအချိန်ကပင် သခွတ်ပင်များရှိသည်ကို အစွဲပြု၍လည်းကောင်း၊ လှည်းများရပ်နားစုဝေးရာ အရပ် ( စုရပ် ) ဖြစ်သောကြောင့်လည်းကောင်း၊ ပါဋလိဂါမဟူသော အမည်ကိုရကြောင်း စာများ၌တွေ့ရ၏။ အဆိုပါစာများကိုထောက်ရှု၍ "ပါဋလိဂါမ"ကို မြန်မာဘာသာအားဖြင့် "သခွတ်ပင်စုရွာ" "လှည်းဆိပ်ရွာ"ဟု အမည်ပေးနိုင်သည်။ ပါဋလိဂါမတွင် မြတ်ဗုဒ္ဓရောက်ခိုက် သီလမရှိသူ၏အပြစ် ၅ ပါးနှင့် သီလရှိသူတို့၏ အကျိုး ၅ ပါးကို ဟောကြားတော်မူခဲ့ဘူးသည်။ ထိုပါဋိပုတ်မြို့သည် မီးသင့်သောင်သောကြောင့် လည်းကောင်း၊ ဂင်္ဂါမြစ်ရေတိုက်စားသောကြောင့်လည်းကောင်း၊ အချင်းချင်းစိတ်ဝမ်း ကွဲပြားမှု( ၃ )မျိုးကြောင့် မြို့ပျက်လိမ့်မည်ဟု ဗျာဒိတ်စကားမှာကြားခဲ့သော မြို့ဖြစ်ပါသည်။

ပါဋလိပုတ်သည် ဂင်္ဂါမြစ်၏ တောင်ဘက်ခြမ်းတလျှောက် ရှည်လျားစည်ကားလှသည်။ ဗုဒ္ဓလက်ထက်တော်ကတည်းက ရှိလာခဲ့သော ကုက္ကုဋာရာမ (ကြက်ခြံ) ဥယျာဉ်သည် ဘီစီ ၂၅၃ တွင် ဥယျာဉ်အဖြစ်မှ ဘုန်းကြီးကျောင်းအဖြစ်သို့ ပြောင်းလဲခဲ့ပြီး အသောက မင်းကြီး၏ လှူဒါန်း ( ကြည့်ကြပ် )မှုဖြင့် သာသနာနှစ် ၂၃၆ ခုနှစ်တွင် တတိယသင်္ဂါယနာကို ရဟန္တာ ၁၀၀၀ တို့ဖြင့် ၉ လတိုင်တိုင်ကျင်းပကာ တင်တော်မူခဲ့သည်။ အသောကာရာမ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတော်ကို အိန္ဒိယရှေးဟောင်း သုတေသနဌာနမှ တူးဖော် တွေ့ရှိထားပြီးဖြစ်သည်။

နန်းတော်ရာကိုကား ယခုတိုင်ရှာမတွေ့သေးချေ။ ဖာဟီယန် ကအသောကမင်းကြီး၏ နန်းတော်ရာ အပျက်အစီးများကို ၎င်းကိုယ်တိုင်မြင်တွေ့ခဲ့ရသည်ဟု ဆိုသည်။ သံဃာ ၇၀၀ ကျော်မျှ နေထိုင်သောကျောင်းတော်ကြီး ၂ ကျောင်းမြင်တွေ့ခဲ့ရသည်ဟု ဆိုသည်။


ဗုဒ္ဓသည် ပရိနိဗ္ဗာန်စံတော်မူတော့မည့်နှစ်တွင် ပဋ္ဌနားမှ ( နောက်ဆုံးအကြိမ်အဖြစ် ) ထွက်ကြွတော်မူခဲ့သည်။ ထိုသို့ကြွတော်မူခဲ့ရာ နေရာတော်အား ဂေါတမတိတ္ထ ( Gatama Ford ) ဟုယနေ့တိုင်ခေါ်တွင်လျက် ရှိကြသည်။ မြို့တည်စဉ်တုံးက နတ်ဒေဝါများပါ၊ ပါဝင်ကူညီပြီးတည်သည်ဟု ဆိုပါသည်။

ပဋ္ဌနားမြို့သည် ဗီဟာပြည်နယ်၏ မြို့တော် ဖြစ်သည်။ ဂင်္ဂါမြစ်ကမ်းတွင်တည်ရှိပြီး ကိုလ်းကတ္တားမြို့မှ ၅၃၃ ကီလိုမီတာ ကွာဝေး၍ ဗာရာဏသီမြို့မှ ၁၄၂ ကီလိုမီတာ ဝေးကွာသည်။ ရာဇဂြိုဟ်နှင့် ၈၈ ကီလိုမီတာကွာဝေးပြီး မီးရထား၊ မော်တော်ကား လေယာဉ်တို့ ဖြင့်သွားရောက်နိုင်ပါသည်။

မြတ်ဗုဒ္ဓ၏ ဗျာဒိတ်စကားအတိုင်း ပါဋလိပုတ်၏သမိုင်းအစဉ် သည်တသွေမတိမ်း ဖြစ်ပျက်ခဲ့သည်။ ၁၉၁၂-၁၃ ခုနှစ် တူးဖော်မှုများအရ ဂုပ္ပတခေတ် အုဋ်အဆောက်အဦးများကို မြေကြီးအောက် ၌ပြာများဖုံးလွှမ်းလျက်သား တွေ့ကြရသည်။

**ဖူးမြော်လေ့လာရန်နေရာများ**

အသောကကျောင်းတော်ရာ၊ ဂိုဒေါင်အဝိုင်းကြီး၊ အသောက



www.burmeseclassic.com



ကြီး၊ ကျောက်စာဌာနပြတိုက်၊ မာရဝါရီသဋ္ဌေးကြီးပြတိုက်ကြသည်။

တတိယသင်္ဂါယနာတင်ရာ အသောကာရာမမှာ ယခုရေ အဖြစ်တွေ့ရပြီး ရေကန်ထဲတွင် ကျောင်းတိုင်ကျောက်တိုင် တ်တိုများရှိပြီးရေကန်ဘေးနားတွင် ကျိုးပဲ့နေသောအသောက သတိုင်ကို တွေ့ရသည်။

ပြတိုက်မှာလည်း ဗုဒ္ဓဘာသာ လက်ရာကောင်းများစွာရှိ သည်း ခန့်ထည်မှုမရှိလှပါ။ အဝလောကိတေသွာရ မိတ္တေယျ ရုပ်ပွါးတော်များမှာ သပ္ပါယ်လှပါသည်။

ဂိုဒေါင်အဝိုင်းကြီးမှာ အသောက ရိက္ခာသိုလှောင်သည့် ကြီးဟု ဆိုကြသော်လည်း အင်္ဂလိပ်အစိုးရလက်ထက်က ဗီဟာ ယ် အငတ်ဘေးမကြုံရအောင် ဆောက်လုပ်ထားသည့်အုတ် ကြီးသာဖြစ်သည်။

မာရဝါရီသဋ္ဌေးကြီး၏ပြတိုက်မှာ ဂဂါမြစ်ကမ်းခံတပ်ဟောင်း ရှိပြီး လူတိုင်းကြည့်ခွင့်မပြုပါ။ ရှေးဟောင်းပစ္စည်းများကို င်းထားခြင်းဖြစ်သည်။

## ( ဂ ) ရာဇဂြိုဟ်

ဗိမ္ဗိသာရမင်းကြီးသည် ပသေနဒီကောသလမင်းကြီး၏ နှမ ဝဒေဟီကို တောင်ညာစံထား၍ နန်းစံခဲ့သောမြို့ဖြစ်ခဲ့ပြီး အလောင်းတော် တောထွက်လာသောအခါ ဗိမ္ဗိသာရမင်းက ည်းစိမ်တဝက်ခွဲပေး၍ တောမထွက်ရန် တောင်းပန်ခဲ့သည်။ င်းပန်မရသဖြင့် ဘုရားဖြစ်က ပထမဦးဆုံးရာဇဂြိုဟ်သို့ကြွလာ

www.burmeseclassic.com

www.burmeseclassic.com



ရန်ကတိတောင်းခံခဲ့သည်။ ထိုကတိအတိုင်း မြတ်စွာဘုရားသည် ပထမဝါကို မိဂဒါဝုန်တွင် သီတင်းသုံးတော်မူခဲ့ပြီး ရာဇဂြိုဟ်ပြည်သို့ ကြွရောက်တော်မူလာရာ ဘုရင်ဗိမ္ဗိသာရက ဇမ္ဗူဒိပ်တွင် အဦးဆုံး ကျောင်းတော်ဝေဠုဝန်ကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ ဗိမ္ဗိသာရ မင်းကြီးနှင့် ဝေဒေဟီမိဖုရားတို့မှ အဇာတသတ်မင်းသားကို ဖွားမြင် ခဲ့သည်။ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံတော်မမူမီ ရှစ်နှစ်အလို၌ အဇာတ သတ်ဘုရင်သည် ခမည်းတော်ကို လုပ်ကြံ၍နန်းတက်ခဲ့သည်။ အဇာ တသတ်ဘုရင်သည် စဏ္ဍပဇ္ဇောတကို ခုခံတိုက်ခိုက်ရန် ရာဇဂြိုဟ် မြို့တော်ဟောင်း၏ မြောက်ဘက်၌ ခံတပ်မြို့သစ်ကို တည်ဆောက်ခဲ့ သည်။ ရာဇဂြိုဟ်မြို့ဟောင်းမှာ တံခါးမကြီး ၃၂ ခုနှင့် တံခါးငယ် ၆၄ ခု ရှိသည်။

အဇာတသတ်ဘုရင်၏ မြို့သစ်ခံတပ်မှာ မြန်မာဘုန်းတော် ကြီးကျောင်း၏ အနောက်ဘက်၊ လက်ရှိ ရာဇဂြိုဟ်မြို့သစ်မှနေ၍ တောင်ဘက်တွင် တည်ရှိသည်။ အလျား ၅ ကီလိုမီတာခန့် ရှည်လျား သောတံတိုင်းမြို့ရိုးဖြင့် ဝိုင်းပတ်ထားသည်။ တံတိုင်းနံရံသည်အချို့ နေရာတွင် ၃ မီတာခွဲ ( ၁၁ ) ပေခန့် မြင့်မားပြီး ၁၅ ပေမှ ၁ ပေအထိ ထူသည်။ တရုတ်ခရီးသည် ဖာဟီယန်လာရောက်စဉ်က တံတိုင်းအတွင်းဘက်တွင် ဘုန်းတော်ကြီးကျောင်း ၂ ဆောင်တွေ့ ပြီးမြို့တော်မှာ မှေးမှိန်ဆုတ်ယုတ်လာနေသည်ကို တွေ့ခဲ့ရသည် ဟူဟင်ဆင်လာသော အချိန်တွင် အပျက်အစီးများဖြင့် ခြောက်ကပ် နေသည်ကိုသာ တွေ့မြင်ခဲ့ရသည်ဟုဆိုပါသည်။ ကားလမ်း(အသစ်) ကိုရာဇဂြိုဟ်မြို့ကိုဖြတ်၍ ဖောက်လုပ်ထားပြီး ယင်း၏အနောက်ဘက် တွင်ရှေးဟောင်းမြို့တံခါးပေါက်ကို တွေ့နိုင်သည်။



ရာဇဂြိုဟ်ဆိုသည်မှာ ရာဇဂဟမှ လာသည်ဟုဆိုပါသည်။ ရာဇမှာမင်း၊ ဂဟမှာအိမ်ဖြစ်၍ မင်းအိမ်ဟုလည်းခေါ်ဆိုနိုင်သည်။ တောင်ငါးလုံး ဝန်းရံပတ်ခို ရာဇဂြိုဟ်ဟု အဆိုရှိပြီး၊ ထိုတောင်ငါး လုံးမှာ ဝေဘာရ၊ ဝေပုလ္လ၊ ပဏ္ဍဝ၊ ဣသိဂိလိနှင့် ဂိဇ္ဈကုဋ်တောင်တို့ ဖြစ်သည်။ တောင်ငါးလုံး ဝန်းရံပတ်သဖြင့် ဂီရိဗဇဟုလည်း အမည်ရ ခဲ့သေးသည်။ ရှေးခေတ်က ရာဇဂြိုဟ်ကို ဝသုမတီ၊ ဂီရိဗဇ၊ ကုသဂြ နှင့်ရာဇဂဟဟုခေါ်ပြီး ယခုအခါ ရာဂျဂီးရ် ( Rajgir ) ဟုခေါ်ပါ သည်။

ရာဇဂြိုဟ်မြို့၏ ထူးခြားသောဖြစ်ရပ်များမှာ မြတ်ဗုဒ္ဓ၏ ပထမဆုံးကျောင်းတော်ရာရှိခြင်း၊ ယောက်ဖတော် ဒေဝဒတ်က ဂိုဏ်း ခွဲလုပ်ကြံခြင်း၊ သားတော် အဇာတသတ်က ဖခင်ဘုရင်ကြီးကို အကျဉ်းထား၍ ချုပ်နှောင်ခြင်း၊ သမားတော်ဇီဝက၏ သရက်ဥယျာဉ် တွင်အဇာတသတ်ဘုရင် မြတ်ဗုဒ္ဓနှင့်တွေ့၍ တပည့်သာဝကဖြစ်ခြင်း၊ ပထမသင်္ဂါယနာတင်ခဲ့ခြင်း၊မြတ်ဗုဒ္ဓ၏ဓါတ်တော်များကိုစေတီတည် ခြင်းတို့ဖြစ်ပါသည်။ ယခုအခါ ရာဇဂြိုဟ်မြို့သည် ပတ္တနားမြို့၏ အရှေ့တောင်ဘက် ၆၅ မိုင် (၄၀) ကီလိုမီတာ ကွာဝေးသည်။ ဗီဟာပြည်နယ်အတွင်း ရှိသည်။ ဂယာမြို့မှ ကားလမ်းဖြင့် ကီလိုမီတာ ၇၀ ခန့် ကွာဝေးသည်။ နေ့စဉ်အဝေးပြေး အစိုးရဘတ်စ်ကားကြီးများ ရှိသည်။ ကိုလ်းကတ္တားမြို့မှ မီးရထားစီးလာလျှင် ဘတ်ခ်တီယာပူရ် လမ်းဆုံ၌ မီးရထားပြောင်းစီးရသည်။ ဘတ်ခ်တီယာပူရ်မှ ရာဇဂြိုဟ် သို့ ၅၄ ကီလိုမီတာဝေးကွာသည်။

www.burmeseclassic.com

www.burmeseclassic.com




### စူးစမ်းလေ့လာရန်နေရာများ

ရာဇဂြိုဟ်မြို့သစ်၊ အဇာတသတ် စေတီတော်၊ ဝေဠုဝန် ကျောင်းတော်၊ ရှည့်နက်များအစာကျွေးသောရေကန်၊ သြဝါဒပါတိ မောက်ပြသရာနေရာ၊ ဂျပန်ဘုန်းကြီးကျောင်း၊ ရေပူစမ်းနှင့်ရေချိုး ဆိပ်၊ ဝိပ္ပလိကျောက်ဂူ၊ ပထမသင်္ဂါယနာတင်ရာသတ္တပဏ္ဏိလိုဏ်ဂူ တောင်ထိပ်မြို့ရိုးနှင့် နန်းမြို့ရိုး၊ မဏိယာမတ်၊ ဆွန်ဘဏ္ဍာလိုဏ်ဂူ၊ ဗိမ္ဗိသာရအကျဉ်းထောင်၊ ဇီဝကသရက်ဥယျာဉ်၊ ဝိရှသ္တူစေတီ၊ ထိုင်ခုံစက်လှေခါး၊ ဂိဇ္ဈကုဋ်တောင်ထိပ်ကျောင်းတော်ရာ၊ ဗိမ္ဗိသာရလမ်း မဒ္ဒကုစ္ဆိကျောင်းနေရာ၊ ကျောက်လှည်းဘီးရာ တို့ဖြစ်ကြပါသည်။

### (ဿ) နာလန္ဒာ

နာလန္ဒာဆိုသည်မှာ ပညာ ( wisdom ) နှင့်အတူတူပင်ဖြစ်သည်။ ဗုဒ္ဓနှင့် မဟာဝီရတို့ ဤပတ်ဝန်းကျင်တွင် ခေတ်ပြိုင်သီတင်းသုံးခဲ့ကြသည်။ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့ မွေးရပ်မြေဖြစ်ပြီး အရှင်သာရိပုတ္တရာ၏ ဇာတိရွာ နာလက (ယခုသာရိတျာ) မှာ နာလန္ဒာကျောင်းတော်ရာနှင့် ကပ်လျှက်တည်ရှိသည်။ အရှင်သာရိပုတ္တရာ ဖွားတော်မူသောတိုက်ခန်းတွင် မယ်တော်ရူပသာရီပုဏ္ဏေးမကြီးအား ချွေချွတ်တော်မူခဲ့ပြီး အထိမ်းအမှတ် စေတီတော်တည်ထားသည်ဟုဆိုသည်။ အရှင်သာရိပုတ္တရာသည် ဖွားတော်မူသောတိုက်ခန်းမှာပင် ပရိနိဗ္ဗာန်ပြုတော်မူခဲ့ပါသည်။

ယခုတွေ့ရသော နလန္ဒာကျောင်းတိုက်ဟောင်းကြီးမှာ ရှေးအုတ်ဟောင်းတို့ဖြင့် ခံတပ်ကြီးတခုအလား အထင်မှားနိုင်သည်။ ဆောက်လုပ်ပုံစနစ်ကျပြီး စေတီနှင့်ဇရပ်များတစ်တန်း၊ တက္ကသိုလ်



www.burmeseclassic.com



ကျောင်းဆောင်ကြီးများတစ်တန်းဖြင့် နှစ်တန်းခွဲဆောက်ထားသည်။ ယခုအခြေအနေကို ကြည့်ပါက ဟိုယခင်က ခမ်းနားစွာ၊ လက်ရာမြောက်စွာ ဆောက်လုပ်ထားခဲ့ကြောင်း သိနိုင်ပါသည်။ ထိုကျောင်းဆောင်ကြီးကို ဗာလာဒိတျဘုရင်က ဆန်းကျယ် တင့်တယ်အောင် ဆောက်လုပ်ခဲ့သည်ဟု အဆိုရှိပါသည်။ အရှင်သာရိပုတ္တရာ၏ စေတီတော်၏ဒါယကာမှာ အသောကမင်းကြီးဖြစ်သည်။ မြတ်ဗုဒ္ဓသည် နောက်ဆုံးပရိ နိဗ္ဗာန်စံတော်မူမည့်နှစ်မှာပင် ရာဇဂြိုဟ်မှအပြန် နာလန္ဒာသို့ကြွတော်မူခဲ့သည်။ နာလန္ဒာတက္ကသိုလ်ကို နာဂအဇ္ဈုန ဆရာတော်က စတင်တည်ထောင်ခဲ့သည်။ ဘုရင့်နေပြည်တော်ထက်ပင်အမည် ထင်ရှားခဲ့သည်။ ကြီးကျယ်ထင်ရှား ခမ်းနားလှသော နာလန္ဒာတက္ကသိုလ်ကြီးကား ( ၁၁၉၇ မှ ၁၂၀၃ ) ထိ သက်တမ်းရှည်ခဲ့ပြီး မီးရှို့ဖျက်ဆီးခံခဲ့ရ၍ ပျက်စီးခဲ့ရပေသည်။

ယခု နာလန္ဒာ တက္ကသိုလ်ဟောင်းကြီးမှာ ရာဇဂြိုလ်မှပဋ္ဌနား သို့သွားသော မီးရထားလမ်း၌ရှိပြီး ရာဇဂြိုလ်ဘူတာမှ ( ၄ )မိုင်ရှိသည်။ ပဋ္ဌနားမြို့မှ ၅၅ မိုင် ( ၉၉ ကီလိုမီတာ ) ဝေးသည်။

ကိုလ်းကတ္တားမှ နယူးဒေလီဘက်သို့သွားသော မီးရထားကို စီးပါက ဘတ်စ်တီယာပူရ် ( ဘခ္ခိယမြို့ ) ဘူတာ၌ဆင်း၍ ဘတ်စ်တီယာပူရ်မှ ရာဇဂြိုလ်သွားသော မီးရထားကိုပြောင်း၍ စီးရသည်။ နာလန္ဒာဘူတာကိုဆင်း၍ တစ်မိုင်ခွဲလောက် လမ်းလျှောက်သွားလျှင် နာလန္ဒာကျောင်းဟောင်းသို့ ရောက်နိုင်သည်။ ယခုအခါအောင်ချမ်းသာဘုရားဖူးအဖွဲ့မှ ကားဖြင့်လိုက်လံပို့ဆောင်ပေးသဖြင့် အခက်အခဲမရှိ လွယ်ကူသက်သာစွာ သွားရောက်နိုင်ကြပြီဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com




## ခေတ်သစ်နာလန္ဒာကျောင်းတော်

၁၉၅၁ ခုနှစ်တွင် ဘိက္ခုဂဒိသ ကဿပကတည်ထောင်ခဲ့သည်။ အိန္ဒိယတွင် ဗုဒ္ဓစာပေများ ရှားပါးနေချိန်တွင် ဗုဒ္ဓစာပေပြန်လည်ဖွံ့ဖြိုးပြီး သာသနာတော် ထွန်းတောက်လာရန် ရည်သန်ပြီး ပါဠိနှင့်သုတေသန ဘွဲ့လွန်ဗုဒ္ဓတက္ကသိုလ်တစ်ခုအဖြစ် ထူထောင်ခဲ့ကြခြင်းဖြစ်သည်။ အိန္ဒိယတွင် ဗာရာဏသီ ဟိန္ဒူတက္ကသိုလ်၊ အာဂီဂါရ် မူဆလင်တက္ကသိုလ်နှင့် ထောင်ချီသော ခရစ်ယာန် ကောလိပ်ကျောင်းများရှိသော်လည်း ယနေ့အထိ တခုတည်းသော ဗုဒ္ဓဘာသာတက္ကသိုလ်မှာ နာလန္ဒာသာဖြစ်သည်။ ရှေးခေတ်နာလန္ဒာတက္ကသိုလ်မှာမဟာယာနဌာနချုပ် ဖြစ်ခဲ့သော်လည်း ခေတ်သစ်နာလန္ဒာမှာ ထေရဝါဒဗုဒ္ဓစာပေများကိုသာ အဓိကပို့ချသည့်တက္ကသိုလ်ဖြစ်သည်။ တက္ကသိုလ်သစ်ရှိ စာကြည့်တိုက်ကြီးတွင် ဘာသာအမျိုးမျိုးနှင့် ရေးသားထားသော ကျမ်းစာများ များပြားသောစာအုပ်စာတန်းမျိုးစုံတို့နှင့်အတူ မြန်မာနိုင်ငံမှလှူဒါန်းသော ဆဋ္ဌမူပိဋကတ်ကျမ်းစာများလည်းရှိသည်။ မြန်မာနိုင်ငံမှ ဆင်းရဲချို့တဲ့စွာ လာရောက်စာသင်ယူနေကြသော သံဃာများ ၈၀ ကျော်ရှိသည်။ ထိုသံဃာတော်တို့မှာဒကာ, ဒကာမတို့၏ ထောက်ပံ့ငွေများနှင့် ဘွဲ့လွန်ဒီဂရီများအောင်ကြိုးစားနေကြခြင်းဖြစ်သည်။ ထိုကျောင်းတိုက်ရှိ သံဃာတော်များသည် နောင်တချိန်တွင် အဆင့်မြင့်ဘွဲ့ရ ဆရာတော်များဖြစ်လာကြမည်ဖြစ်၍ ကြိုးစားလှူဒါန်းသင့်ကြပါသည်။

## ( င ) ဗုဒ္ဓဂယာ

ဗုဒ္ဓဂယာ မြေမြတ်မဟာကား ဘုရားအဆူဆူတိုင်းတို့၏ ပွင့်



www.burmeseclassic.com



ဆောက်မူရာ မြေမြတ်မဟာဖြစ်ပါသည်။ သံဝေဇနိယ လေးဌာနတွင် ပါဝင်ပြီး ဘုရားတိုင်းတို့၏ မစွန့်အပ်သော အဝိဇဟိတဌာနထူးလည်း ဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်တို့အတွက် အထူးမွန်မြတ် အရေးပါသောနေရာတော်ဖြစ်သည်။ ဘုရားရှင် သဗ္ဗညုတရွှေဉာဏ်တော်ကို ရ၍ဗုဒ္ဓအဖြစ်သို့ ရောက်ရှိသော ဒဿနီယသံဝေဇနိယ နေရာတော်ဖြစ်သည်။ ဗုဒ္ဓခေတ်မတိုင်မီက ဤဒေသတဝိုက်ကို ဥရုဝေလဟု ခေါ်တွင်ခဲ့ပြီး ဗုဒ္ဓခေတ်တွင် ဗောဓိမဏ္ဍလ၊ သမ္ဗောဓိ၊ ဗောဓိရုက္ခမူလစသည်ဖြင့် ခေါ်တွင်ခဲ့သည်။ ၁၃ ရာစုတွင် ဒေသခံများက ဗြာဟ္မဏယာခေါ် ဂယာမြို့ ( ဗိသနိုးနတ်ကွန်း ) နှင့်ကွဲပြားစေရန် ဗုဒ္ဓဂယာဟု ခေါ်တွင်ခဲ့ကြသည်။

မြတ်ဗုဒ္ဓသည် မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗောဓိပင်အနီး၊ အပရာဇိတပလ္လင်ထက်တွင် ဘုံသုံးပါး၏အထွတ်အထိပ် သဗ္ဗညုတဉာဏ်တော်ပိုင်ရှင် ဘုရားအဖြစ် ရောက်ရှိတော်မူခဲ့ပါသည်။

ဗုဒ္ဓဂယာသည် ဂယာမြို့အနီး တည်ရှိမှုကိုအစွဲပြု၍ခေါ်သည်။ ဗုဒ္ဓဂယာသည် ဂယာမြို့နှင့် ၇ မိုင် ( ၁၂ ကီလိုမီတာ ) ကွာဝေးသည်။ ဂယာမြို့သည် ဒိစကြိတ်မြို့ကြီးဖြစ်၍ ဗီဟာပြည်နယ်အတွင်း၌တည်ရှိသည်။ ရှေးခေတ်က မာဂဓတိုင်းဟုခေါ်၍ ယခုအခါဝိဟာရ ( = ဗီဟာ ) ခေါ် ဘုန်းကြီးကျောင်းများ လွန်စွာပေါများသဖြင့် ဗီဟာပြည်ဟု ခေါ်ကြသည်။ ဗီဟာပြည်နယ်၏မြို့တော်မှာပတ္တနား ( ပါဋလိပုတ် ) မြို့ဖြစ်သည်။

ကိုလ်းကတ္တားမှ ဂယာမြို့သို့ မီးရထားခရီး ၄၅၉ ကီလိုမီတာကွာဝေး၍ မီးရထားဖြင့် လာနိုင်သလို ကားလမ်းခရီးဖြင့်လည်းပါက

www.burmeseclassic.com

www.burmeseclassic.com



၄၈၀ ကီလိုမီတာ ဝေးကွာသည်။ တခါတရံ လေယာဉ်ခရီးစဉ် အခြေအနေအရ မြန်မာနိုင်ငံမှ နယူးဒေလီသို့ ခေတ္တရပ်နားပြီး ဗုဒ္ဓဂယာသို့ တိုက်ရိုက်လေယာဉ်ခရီး ရှိတတ်သည်။

ဗုဒ္ဓဂယာရှိ ဗောဓိပင်မှာ မြတ်ဗုဒ္ဓအလောင်းတော် မွေးဖွားစဉ်ကပေါက်ပွါးခဲ့သော ဖွားဖက်တော် ပရိဘောဂစေတီဖြစ်သည်။ ယခုဗောဓိပင်မှာ စတုတ္ထမျိုးဆက်ဖြစ်၍ အင်္ဂလိပ်ကျောက်စာဝန် ကာ္နန်ဂဟမ် ( Cunningham )က စိုက်ပျိုးထားခြင်းဖြစ်သည်။

မဟာဗောဓိစေတီတော်မှာ ဖိနပ်တော် ၄၈ ပေ ရှိပြီး ဉာဏ်တော် ၁၇၀ ပေ ရှိသည်။ ဗုဒ္ဓဘာသာ ဘုရားဖူးများအတွက် ကမ္ဘာ့အသပ္ပါယ်ဆုံး၊ အမြင့်မြတ်ဆုံး စေတီကြီးဖြစ်သည်။ အသောကမင်းကြီးဆောက်လုပ် လှူဒါန်းခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံမှ အေဒီ ၁၀၇၉ တွင်တစ်ကြိမ်၊ ၁၂၉၀ တွင်တစ်ကြိမ်၊ ရခိုင်မှမင်းလက်ယာက အေဒီ ၁၁၀၇ ခန့်တွင်တစ်ကြိမ် ပြုပြင်မွမ်းမံခဲ့ကြောင်း မှတ်တမ်းရှိသည်။ အေဒီ ၁၃ ရာစု ( ၁၂၉၀ ခန့် ) တွင် မူဆလင်များသိမ်းပိုက်ခဲ့၍ အိန္ဒိယ၌ ဗုဒ္ဓသာသနာ ကွယ်ပခဲ့ရသည်။ ဗုဒ္ဓဂယာပရဝုဏ်တစ်ခုလုံး အဖျက်ဆီးခံရပြီး တော်ရုံနှင့်မဖျက်နိုင်ခဲ့ကြသော စေတီတော်တစ်ဆူသာ ကျန်ခဲ့သည်။ ၁၆ ရာစုတွင် ဒေလီရှိပသီဘုရင်က ဤဒေသရှိ မဟန့်လာလ်ဂီးရ်အား အပိုင်ပေး၍ အုပ်ချုပ်ခွင့်ပြုလိုက်သည်။

အေဒီ ( ၁၈၁၁ ) တွင် မြန်မာပြည်မှ ဘိုးတော်ဘုရားက သတ္တဌာနရှာဖွေရေးအဖွဲ့ စေလွှတ်ခဲ့သည်။ ( ၁၈၃၃ ) ခုနှစ်တွင် မြန်မာနိုင်ငံမှ မင်းကြီးမဟာစည်သူနှင့်အဖွဲ့ ဘုရားဖူးရောက်လာခဲ့ပြီးရခိုင်ဘုရင် ( မင်းလကျာ )၏ ကျောက်စာကို တွေ့ရှိခဲ့ကြသည်။



...စဉ်ဘုရားဖူးအဖွဲ့များ လာရောက်ခွင့်ရရှိရေးနှင့် မဟာဗောဓိ...စေတီတော်ပြင်ဆင်ခွင့်ရရန် မင်းတုန်းမင်းမှ အိန္ဒိယနိုင်ငံဘုရင်ခံ...သို့ စာချွန်တော်ပို့ခဲ့ပြီး ရွှေ၊ ငွေ များနှင့်အတူ စိန်၊ မြ၊ ကျောက်နီ၊ ...စုစုပေါင်းလုံးရေ ၅၄၁၁ ( ထိုစဉ်ကရူပီးငွေ ၆ သန်းဘိုးမျှ ) ...သည်း လှူဒါန်းခဲ့ရာ အားလုံးနီးပါးကို မဟန့်အဆက်ဆက်က ...မြှုန်းပြီး ကြီးပွါးနေခဲ့ကြသည်။ (ဘုရားဖူးများသတိထားလှူသင့်...ပါသည်)။ ၁၈၇၅ ခုနှစ်တွင် မြန်မာနိုင်ငံခြားရေးဌာနမှ မဟာ...ဓိစေတီတော် ပြင်ဆင်ခွင့်နှင့် ကျောင်းဆောက်လုပ်ခွင့်တို့ ပါဝင်...သော အချက်( ၈ )ချက်ကို တောင်းဆိုပြီး သိန်းပေါင်းများစွာ အကုန်...ခံ၍ ပြုပြင်ခဲ့သည်။ ယခုမြင်တွေ့ရသော မဟာဗောဓိစေတီ...ပုံဟန်မှာ မင်းတုန်းမင်းကြီး၏ကုသိုလ်တော်ဖြစ်ပြီး အိန္ဒိယ...တ်စာဝန်တို့၏ လက်ရာဖြစ်သဖြင့် မြန်မာဘုရားဖူးများအဖို့...စရာဖြစ်ပါသည်။ The Light of Asia ရေးသားသူ ဆာအက်...အာနိုး ( Sir. EdwinArnol ) က ဗုဒ္ဓဂယာကို ဗုဒ္ဓဘာသာဝင်တို့...သို့ လွှဲအပ်သင့်ကြောင်း ပထမဆုံးလှုံ့ဆော်ကြိုးစားခဲ့သည်။ ...ခုနှစ်တွင် သီဟိုဠ်သား အနာဂါရိကဓမ္မပါလ ဘုရားဖူးရောက်...သည်။ ဓမ္မပါလသည် မဟာဗောဓိအသင်းကို သီဟိုဠ်၌စတင်...ည်ပြီး ဗုဒ္ဓဂယာပြန်လာကာ ဘာသာခြားတို့ လက်အောက်...ကြိုက်ခြယ်လှယ်ခွင့်ရနေသော ဗုဒ္ဓဂယာအတွက် အင်တိုက်...တိုက် ဆောင်ရွက်ခဲ့သည်။ ဓမ္မပါလသည် သူတော်စင်တစ်ဦး...ပြီး ဗုဒ္ဓဂယာကို ဗုဒ္ဓဘာသာဝင်တို့ လက်ထဲပြန်ရောက်ရန် အပြင်း...န် ကြိုးစားအားထုတ်ခဲ့သည်။ ၁၈၉၅ခုနှစ်တွင် ဂျပန်မှ လှူဒါန်း...သော ဗုဒ္ဓရုပ်ပွါးတော်ကို စေတီတော်အပေါ်ထပ်တွင် ပူဇော်


www.burmeseclassic.com



နေရာချထားစဉ် မဟာန့်၏လူများရောက်လာပြီး အကြမ်းဖက်ဆွဲထုတ်ခံရသည်။ ဤအတွက် နှစ်ပေါင်းအတန်ကြာ တရားဖြစ်ခဲ့ကြရပြီး အောက်ရုံးတွင် ဓမ္မပါလနိုင်သော်လည်း ကာလကတ္တားဟိုက်ကုတ်တွင်မဟာန့်၏ အယူခံချက်ကနိုင်သွားသည်။ ၁၉၀၆ခုနှစ်တွင် ဓမ္မပါလအား မင်းတုန်းမင်းဇရပ်တော်မှ နှင်ထုတ်ခံရသည်။ သို့တိုင် ဓမ္မပါလ၏ မလျှော့သောဇွဲကြောင့် (၁၉၅၃)ခုနှစ်ရောက်မှ အိန္ဒိယ လွှတ်တော်တွင် ဥပဒေပြဋ္ဌာန်းလျက် ဗုဒ္ဓဂယာမဟာစေတီတော်ကို မဟာန့်လက်ထဲက သိမ်းယူပြီးလျှင် ဗုဒ္ဓဘာသာဝင်(၄)ဦး၊ ဟိန္ဒူဘာသာဝင်(၄)ဦး ပါဝင်သည့် ကော်မတီလက်ထဲ အပ်နှံလိုက်လေသည်။ မဟာဗောဓိစေတီပတ်ဝန်းကျင်တွင် မြတ်ဗုဒ္ဓသီတင်းသုံးရာ သတ္တဋ္ဌာနနေရာများရှိပြီး စေတီအတွင်းတွင် ဘူမိဖဿမုဒြာဖြင့် ထုလုပ်ထားသော ရုပ်ပွါးတော်တစ်ဆူ ရှိပါသည်။ ရုပ်ပွါးတော်၏ ရှေ့ကြမ်းပြင်တွင် သျှိဝလိင်အင်္ဂါနေရာရှိပြီး ဟိန္ဒူများလာရောက်ကိုးကွယ်နေကြရာ ဘုရားဖူးများ အထူးသတိထားသင့်ကြပါသည်။

### ဖူးမြော်လေ့လာရန် ဌာနများ

ဗုဒ္ဓဂယာတွင် ဖူးမြော်လေ့လာရန် ဌာနများမှာ မဟာဗောဓိစေတီတော်၊ မဟာဗောဓိပင်၊ အပရာဇိတပလ္လင်တော်၊ သတ္တဋ္ဌာန်နေရာများ၊ ကျောက်လက်ရန်း၊ ရှေးဟောင်းစေတီငယ်များ၊ မင်းတုန်းမင်းဇရပ်တော်နှင့် မင်းတုန်းမင်းကျောက်စာ၊ မဟာန့်နန်းတော်၊ နေရဥ္ဇရာမြစ်၊ သုဇာတာအိမ်ရာ စေတီကုန်း၊ သုဇာတာဃနာနို့ဆွမ်း ဆက်ကပ်ရာနေရာ၊ ရွှေခွက်မျှောရာနေရာ၊ ဥရုဝေလကျောင်းသခ်မ်း ဒုက္ကရစရိယာကျင့်ရာလိုဏ်ဂူ တို့ဖြစ်ကြပါသည်။




မိဂဒါဝုန် (စာမျက်နှာ - ၄၃)

www.burmeseclassic.com



## ( ခ ) မိဂဒါဝုန်

မိဂဒါဝုန်ဟူသောအမည်မှာ မိဂဒါယမှ ပြောင်းရွှေ့လာသော တောအားဖြစ်သည်။ ( မိဂ=သမင်၊ ဒါယ=တော ) သားသမင်တို့ကို ဘေးမဲ့ပေးရာတောဟု ခေါ်ဆိုပါသည်။ နိဂြောဓသမင်မင်းဇာတ်တော်၌လာသည့်အတိုင်း ဘုရားအလောင်းတော် ရွှေသမင်မင်းကို အကြောင်းပြု၍ ဗာရာဏသီမင်းက သမင်တို့အားဘေးမဲ့ပေးခဲ့သည်။ သာရနာထမှ ဆာရနာထဖြစ်ပြီး ဒေသခံတို့က ဆာရနတ်သ် (Sarnath) ဟုခေါ်ဆိုကြသည်။ ကျမ်းစာတို့တွင် ဣသိပတနဟု လာရှိပြီး ရသေ့သူတော်ကောင်းများ ကောင်းကင်သို့တက်ရာ ကောင်းကင်မှဆင်းရာ နေရာတော်ဟု ဆိုပါသည်။

မြတ်ဗုဒ္ဓကိုယ်တော်တိုင် ဗုဒ္ဓဂယာမှ ၁၈ ယူဇနာကွာဝေးသော မိဂဒါဝုန်တောသို့ ခြေလျင်ကြွရောက်ခဲ့ပြီး ပဉ္စဝဂ္ဂီ ၅ ဦးတို့အား တရားဦးဓမ္မစကြာဟောကြားခဲ့ရာ သံဝေဇနီယဌာနဖြစ်သလို ဘုရားအဆူဆူတိုင်းတို့ တရားဦးဓမ္မစကြာဟောကြားလေ့ရှိသဖြင့် အဝိဇဟိတဌာနလည်း ဖြစ်ပါသည်။ မြတ်ဗုဒ္ဓသည် နေဝင်လထွက်ဓမ္မစကြာဆိုသည့်အတိုင်း မဟာသက္ကရာဇ် ( ၁၀၃ ) ခု၊ ဝါဆိုလပြည့် စနေနေ့ညနေချမ်းအချိန်တွင် မိဂဒါဝုန်သားမျိုးစုံသည့် ရဂုံတောပယ် ပဉ္စဝဂ္ဂီတို့အား တရားဓမ္မစကြာဟောတော်မူ၍ ၅ ရက်မြောက်နေ့တွင် အနတ္တလက္ခဏသုတ်တော် ဟောကြားတော်မူခဲ့ပြီး ၅ ဦးလုံးရဟန္တာများဖြစ်ခဲ့ကြပါသည်။ တရားရတနာနှင့် သံဃာရတနာ စတင်ပေါ်ထွန်းခဲ့ရာ နေရာထူးကြီးဖြစ်ပါသည်။ ယသသူဌေးသားနှင့် အပေါင်းအပါ ၅၄ ဦးတို့အား ဝါတွင်းမှာပင် ရဟန္တာဖြစ်ခဲ့ကြသောနေရာဖြစ်ပါသည်။ ဤဒေသတွင် ဓမ္မစက္က, အနတ္တလက္ခဏ သုတ်တော်များ

www.burmeseclassic.com

www.burmeseclassic.com




အပြင် အခြားသုတ္တန်အများအပြားကိုလည်း ဟောကြားတော်မူခဲ့ပါသည်။ နန္ဒိယသူဌေးက ကျောင်းဆောက်လှူခဲ့ပါသည်။ အေဒီ ၁၁၃၆ ခုနှစ်တွင် ကုမာရဒေဝီက ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းခဲ့သည်။ ၁၁၉၄ ခုနှစ်တွင် မာမွတ်ဂိုရီ၏စစ်တပ်ဖြင့် ကျူးကျော်တိုက်ခိုက်မှုကြောင့် ကျောင်းကန်ဘုရားများ ဖြိုဖျက်ခံခဲ့ရသည်။ ရဟန်းတော်အများစုမှာ အသတ်ခံကြရပြီး တချို့မှာတိဗက်သို့ထွက်ပြေးလွတ်မြောက်ခဲ့ကြသည်။ ထိုအချိန်မှစ၍ နှစ်ပေါင်း (၈၀၀) နီးပါးခန့်ကြာအောင် မိဂဒါဝုန်သည် တောချုံများအောက်တွင် မေ့ပျောက်ခံနေခဲ့ရသည်။ (၁၈၁၅)ခုနှစ်တွင် ကာနယ်မက်ကင်ဇီကလည်းကောင်း၊ (၁၈၃၄)ခုနှစ်တွင် ဆာအလက်စန္ဒား ကင်နင်ဂဟမ်ကလည်းကောင်း၊ စနစ်တကျ တူးဖော်ခဲ့ကြသည်။ သို့တိုင် ဒွန်ကန်တံတားအောက်တွင် မိဂဒါဝုန်မှရသည့် ရုပ်ပွါးတော် ( ၅၀ )ခန့် မြှုပ်နှံခံလိုက်ရသေးသည်။

(၁၈၅၁) ခုနှစ်တွင် မေဂျာဘိတိုးက ဆက်လက်တူးဖော်ပြီး ဓမ္မပါလ ( အနာဂါရိက ) က မိဂဒါဝုန်ကို ကမ္ဘာကစိတ်ဝင်စားလာအောင်နှင့်ရဟန်းတော်များ အမြဲတမ်းသီတင်းသုံးနိုင်အောင် ကြံဆောင်ခဲ့သည်။

မိဂဒါဝုန်သည် ဗာရာဏသီမြို့မှ ၆ မိုင်ခန့်ကွာဝေးသည်။ ဗာရာဏသီမြို့သည် ဂယာမြို့မှ ( ၁၅၅ ) ကီလိုမီတာကွာဝေးသည်။ ကိုလ်းကတ္တားမှ ( ၆၇၈ )ကီလိုမီတာကွာဝေးသည်။ လုမ္ဗိနီနှင့် (၃၁၂) ကီလိုမီတာ၊ သာဝတ္ထိပြည်နှင့် ကီလိုမီတာ ( ၃၃၁ ) ကီလိုမီတာကွာဝေးသည်။ ကိုလ်းကတ္တားမှ ဗာရာဏသီသို့ တိုက်ရိုက်ရထား၊ ကား၊ လေယာဉ်တို့ဖြင့် လာနိုင်သည်။ သို့မဟုတ် ပတ္တနားနှင့်ဂယာမြို့များမှတဆင့် ကား၊ ရထားတို့ဖြင့် လာနိုင်သည်။

သာဝတ္ထိ အခြေပြမြေပုံ




သာဝတ္ထိ (တာချက်နာ - ၅၅)

www.burmeseclassic.com

www.burmeseclassic.com



### ဖူးမြော်လေ့လာရန်ဌာနများ

ချောက်ခတ္တိစေတီ၊ ပြတိုက်၊ နန္ဒိယကျောင်းတော်ရာ၊ ကျောက်
ထိုင်၊ အသောကကျောက်တိုင်၊ ဓမ္မရာဇိကစေတီတော်၊ ကုမာရ
ကျောင်းတော်ရာနှင့် ရေချိုးဆိပ်၊ ဓမ္မေခစေတီ၊ မူလဂန္ဓကုဋိ
ရ ပဉ္စဝဂ္ဂီ ( ၅ )ပါး တရားဟောပုံရုပ်တုတော်။

### (ဆ) သာဝတ္ထိ

သာဝတ္ထိသည် ဗုဒ္ဓလက်ထက်တော်က ကောသလတိုင်း၏
တော်ဖြစ်ခဲ့ပြီး ရာဝတီခေါ် အစိရဝတီမြစ်ကမ်းပါး၌ တည်ရှိသည်။
အတ္ထိမှ သာဝတ္ထိဟုပြောင်းလဲလာကြောင်း အဆိုရှိပြီး အလုံးစုံ
သောမြို့ဟု ခေါ်နိုင်ပါသည်။ ပသေနဒီကောသလမင်းအုပ်ချုပ်ခဲ့
ဘုရားရှင်ကိုယ်တော်တိုင် နှစ်ခြိုက်ပျော်မွေ့၍ ( ၂၅ ) ဝါကာလ
လုံး သီတင်းသုံးနေထိုင်တော်မူခဲ့သည်။ သာဝတ္ထိမှ အနာထပိဏ်
သည် ယောက်ဖတော်ရှိရာ ရာဇဂြိုဟ်မြို့သို့ ကုန်ရောင်း
သွား မြတ်ဗုဒ္ဓနှင့်တွေ့၍ သာဝတ္ထိသို့ ပင့်ဆောင်ကာကျောင်း
ဆောက်၍ကိုးကွယ်ခဲ့ပြီး ဗုဒ္ဓသာသနာ ထွန်းရောင်ဝါ၍ လင်းရောင်
ခဲ့ရာဒေသထူးဖြစ်သည်။ အနာတပိဏ်ခေါ် အမည်ရင်းသုဒတ္တ
မင်းသား၏ ဥယျာဉ်တော်ကို ရွှေဒင်္ဂါးအပြည့်ခင်း၍ (၁၈)
ငွေ ဖြင့်ဝယ်ယူပြီး ဇေတဝန်ကျောင်းကို ( ၁၈ ) ကုဋေ
တုန်အကျခံ တည်ဆောက်ခဲ့သည်။ သာဝတ္ထိတွင်ဇေတဝန်ကျောင်း
သာမက ဝိသာခါသူဌေးမ ဆောက်လှူသော ပုဗ္ဗာရုံကျောင်း
ရှိခဲ့ပြီး ပုဗ္ဗာရုံကျောင်းမှာ ယခုအခါ ကန်ဒဘာရီရွာအောက်
နေပြီဟု ဆိုကြသည်။ ပသေနဒီကောသလမင်းက တိတ္ထိတို့

www.burmeseclassic.com


www.burmeseclassic.com



ကျောင်းဆောက်ရန် အခွင့်ပေးပြီးမှ ပြန်လည်ဝယ်ယူပြီး ဆောက်လှူ သော ဘိက္ခုနီမတို့အတွက် ကျောင်းဆောင် ရာဇကာရုံမှာ ယနေ့တိုင် ရှာမတွေ့ကြသေးပေ။

ဇေတဝန်ကျောင်းတော်အတွင်း မြတ်ဗုဒ္ဓသီတင်းသုံးတော်မူ ခဲ့သော ကျောင်းတော်ကြီးလေးဆောင်ရှိပြီး ဂန္ဓကုဋီ၊ ကရေရိကုဋီ၊ သလလာဂါရကုဋီ၊ ကောသမ္ဗကကုဋီ ဟုခေါ်ဆိုပြီး ဘုရားအဆူဆူ တိုင်းတို့၏ ညောင်စောင်းအခြေ လေးဘက်ချတော်မူလေ့ရှိရာ ဂန္ဓ ကုဋီကျောင်းတော်မှာ မြတ်ဗုဒ္ဓများတို့၏ အဝိဇဟိတဌာနထူးလည်း ဖြစ်သည်။ ဇေတဝန်ကျောင်းတော်တွင် မြတ်ဗုဒ္ဓသည် နေ့စဉ်တရား ဟောကြားတော်မူပြီး ကိုယ်စားအဖြစ်ကိုးကွယ်ရန် ဗောဓိညောင်ပင် ကိုခွင့်ပြုခဲ့၍ အာနန္ဒာဗောဓိပင်ဟု ထင်ရှားသည်။

သာဝတ္ထိရှိ အစိရဝတီမြစ်သည် ဘုရားရှင်လက်ထက်က ပဋာ စာရီသူဌေးသမီး၏သားကြီး ရေမျော၍ သားငယ်စွန်ချီခဲ့ရပြီး သာကီဝင်တစ်မျိုးလုံးကို သတ်ဖြတ်၍ပြန်လာသော ဝိဋဋူဘမင်းသား နှင့်စစ်တပ်ကြီးတို့ အပြန်ညအိပ်စက်နားနေ စခန်းချနေစဉ် ရေလွှမ်း မိုး၍ မျောပါအသက်ဆုံးခဲ့သောမြစ်ဖြစ်ပါသည်။ ယခု ရာဝတီမြစ်ဟု ခေါ်သည်။ သာဝတ္ထိသည်ကြီးကျယ်ခမ်းနားလှပြီး ဇေတဝန်ကျောင်း တော်ကြီးကလည်းခန့်ထည်ကြောင်း စာဆိုရှိသည်။ စိဉ္စမာဏဝိကာ နှင့်ဒေဝဒတ်တို့ မြေမျိုခဲ့သောဒေသလည်းဖြစ်သည်။ အထူးသဖြင့် မင်္ဂလသုတ်ပရိတ်တော်တွင်ပါဝင်၍ ဇေတဝန်ကျောင်းတော်မှ ထင်ရှားသည်။ တိတ္ထိတို့အားသရက်ဖြူကုန်းတွင် တန်ခိုးပြ၍နှိမ်နင်း တော်မူခဲ့ပြီး တာဝတိံသာနတ်ပြည်သို့ ၂ လှမ်း ၃ ဖဝါးဖြင့်ကြွ တော်မူခဲ့သည်။ ထိုတန်ခိုးတော်ပြခဲ့ရာ သရက်ဖြူကုန်းတွင် သီရိမွေ



www.burmeseclassic.com



သောတမင်းကြီးက စေတီတည်ထားပြီး ယခုအခါ အိန္ဒိယရှေးဟောင်း ဌာနမှ တူးဖော်သဖြင့် စေတီတော်၏ ရှေးအုတ်များကို ဖူးတွေ့နိုင် ရသည်။ သာဝတ္ထိကိုဒေသခံတို့က ဆရာဗစတီ ( Sravasti ) ဟု ခေါ်သည်။ ဇေတဝန်ကျောင်းကို ဆဟက်သ် ( Saheth ) ဟုခေါ်ပြီး သာဝတ္ထိ မြို့ဟောင်းကို မဟက်သ် (Maheth) ဟုခေါ် ဆိုကြသည်။

တာရာဏသီမြို့မှ ဂေါရက္ခပူရ်သို့ မီးရထားစီးပြီး ဂေါရပူရ်မှ ရထားပြောင်းစီးပြီး တာလ်ရာမ်ပူရ်မြို့သို့ သွားနိုင်သည်။ တာလ်ရာမ် ပူရ်မြို့ မှသာဝတ္ထိမြို့တော်ဟောင်းသို့ အငှားကား၊ ဆိုက္ကား၊ မြင်းလှည်း တို့ဖြင့်သွားနိုင်သည်။ တာရာဏသီမှ ကီလိုမီတာ ၃၃၁ ကီလိုမီတာကွာ ဝေးသည်။

### ဖူးမြော်ကြည့်ရှုရန်ဌာနများ

သာဝတ္ထိမြို့တော်ဟောင်း၊ ပုဗ္ဗာရုံကျောင်းနေရာ (ယခုကန်ဒ ဒေသရှိရာ)၊ ဇေတဝန်ကျောင်းတော်ရာ၊ အာနန္ဒာဗောဓိပင်၊ ယမက ပါဋိဟာရိယာ ( တန်ခိုးပြာဋိဟာ ) ပြတော်မူသည့် ကဏ္ဍမ္ဗသရက်ဖြူ ဆုံး၊ ဒေဝဒတ်နှင့် စိဥ္စမာဏ မြေမျိုသည့်နေရာတို့ ဖြစ်ကြပါသည်။

### ( ၈ ) လုမ္ဗိနီ

လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်က အင်ကြင်းတောကြီး ဖြစ်သည်။ သုဒ္ဓေါဒနမင်းကြီး၏ ကပိလဝတ်နေပြည်တော်နှင့် အဥ္စန မင်းကြီး၏ ဒေဝဒဟနေပြည်တော်အကြားရှိပြီး မယ်တော်မာယာ ဒေဝီသည် ကိုယ်ဝန်အရင့်အမာဖြင့် ဆွေမျိုးများရှိရာ ဒေဝဒဟသို့ အသွား ဤလုမ္ဗိနီသာမောအင်ကြင်းတောဝယ် မြတ်ဗုဒ္ဓအလောင်း


www.burmeseclassic.com

www.burmeseclassic.com



တော်ကို ဖွားမြင်ခဲ့သည်။ ဘုရားအလောင်းတော်မြတ်ကို မဟာသက္ကရာဇ်(၆၈)ခု၊ ကဆုန်လပြည့် သောကြာနေ့တွင် ဖွားမြင်ခဲ့ပြီး ဖွားပြီးပြီးချင်း ခြေ(၇)လှမ်းလှမ်းကာ၊ လက်ညှိုးထောင်၍ အမြတ်ဆုံး၊ အသာဆုံး၊ အကြီးဆုံး ဟုကြွေးကြော်ခဲ့ရာ နေရာထူးဖြစ်သည်။ ခြေလှမ်း(၇)လှမ်း လှမ်းကြွရာ အထိမ်းအမှတ် စေတီငယ်များ ကောင်းကင်မှ ရေပူရေအေး (၂)သွယ်ကျဆင်းရာ အထိမ်းအမှတ် မယ်တော်မာယာရေကန်တို့ ရှိသည်။ နှစ်ပေါင်းများစွာ တောခြုံများဖြင့်ဖုံးလွှမ်းခဲ့ပြီး (၁၈၉၆) တွင်ပြန်လည် ရှာဖွေတွေ့ရှိခဲ့သည်။ ဘီစီ ၂၅၀ တွင် သီရိဓမ္မာသောကမင်းကြီး ရောက်ရှိခဲ့၍ ကျောက်တိုင်ကြီးတစ်တိုင် စိုက်ထူထားခဲ့ပြီး ဗြဟ္မီအက္ခရာများ ရေးထွင်းထားသည်။ မိုးကြိုးဒဏ်ကြောင့် အက်ကြောင်းထင်လျှက် ရှိသောထိုကျောက်တိုင်ကို ကုသိနာရုံဆရာတော် အရှင်စန္ဒိမုနိက သံပြားဖြင့်ပတ်ပြီး သံတိုင်များကာရံခဲ့သည်။ ယခုလုံးပတ် ၉ ပေ၊ အမြင့် ၁၂ ပေ သာရှိပြီး ကျောက်တိုင်ထိပ်တွင် မြင်းရုပ်ပုံရှိသည်ဟု စာဆိုရှိသော်လည်း ယခုမရှိတော့ပါ။ ရှေးကအင်ကြင်းတော်ကြီးမှာ ယခုမရှိတော့ပါ။ မြန်မာနိုင်ငံတော်အစိုးရမှ လောကမဏိစူဠာစေတီတော်၊ အာနန္ဒာသိမ်တော်၊ ဘုန်းတော်ကြီးကျောင်း၊ ဇရပ်တော်နှင့် ဓမ္မာရုံတော်တို့ တည်ဆောက်လှူဒါန်းထားသည်။ လုမ္ဗိနီမှာ နီပေါနိုင်ငံအတွင်းတည် ရှိပြီး အိန္ဒိယနိုင်ငံနယ်စပ်မှ (၆) မိုင်ကွာဝေးသည်။ ခတ္တမန္ဒူမြို့မှ လေယာဉ်ဖြင့် တိုက်ရိုက်လာနိုင်ပြီး အိန္ဒိယနိုင်ငံ ဂေါရက္ခပူရ်မြို့မှ နီပေါနယ်စပ် နောင်တာနဝဆိုနောလီမှတဆင့် နယ်ခြားဂိတ်များကိုဖြတ်သန်းပြီး ဝင်ရောက်နိုင်သည်။

နီပေါနိုင်ငံ လုမ္ဗိနီတွင်ရောက်ရှိစဉ် အချိန်ရပါက ကပိလဝတ်မြို့ဟောင်းသို့လည်း သွားရောက်နိုင်ပါသေးသည်။




www.burmeseclassic.com

www.burmeseclassic.com



**ဖူးမြော်လေ့လာရန်ဌာနများ**

ဖွားတော်မူရာတိုက်ခန်းနှင့် အလောင်းတော်၏ခြေရာ၊ အသောကကျောက်တိုင်၊ ရေကန်ငယ်၊ စေတီငယ်များ။

## ( ၅ ) ကုသိနာရုံ

ကုသိနာရုံသည် မြတ်ဗုဒ္ဓပရိနိဗ္ဗာန် စံဝင်တော်မူရာဌာနဖြစ်ပြီး သံဝေဇနိယလေးဌာနတွင် ပါဝင်ကာ သံဝေဂအရဆုံးသောဌာနတစ်ခုလည်းဖြစ်ပါသည်။ သဗ္ဗညုမြတ်စွာဘုရားရှင်သည် (၄၅) ဝါကာလပတ်လုံး ကျွတ်ထိုက်သသူ နတ်လူပြဟ္မာသတ္တဝါတို့အား နိဗ္ဗာန်ဘောင်သို့ ဖောင်ကူးတို့ဖြင့် သယ်ပို့ဆောင်တင်ပေးတော်မူခဲ့ပါသည်။ မဟာသက္ကရာဇ် (၁၄၈) ခုနှစ်၊ ကဆုန်လအဖိတ်နေ့ညနေတွင် ကုသိနာရုံမြို့၏ အရှေ့ဖက် ၆ မိုင် ( ၃ ဂါဝုတ် ) အကွာရှိ ပါဝါမြို့သို့ ရောက်တော်မူ၏။ ထိုမြို့တွင် စုန္ဒအမည်ရှိ ရွှေပန်းထိမ်သည်၏ သရက်ဥယျာဉ်၌ တညဉ့်မျှကွန်းခိုနားနေတော်မူ၏။ စုန္ဒသူကြွယ်သည်မြတ်စွာဘုရားရှင်အား ဆွမ်းကပ်ရန် ညဦးကပင်အလွန်နူးညံ့သောဝက်ပျိုသားဟင်းကို စီမံထား၏။ နံနက်မိုးသောက်သော ကဆုန်လပြည့်နေ့တွင် မြတ်စွာဘုရားနှင့်တကွ သံဃာတော်တို့အား ဆွမ်းဆက်ကပ်၏။ ဘုရားရှင်က ဝက်ပျိုသားဟင်းကို ရဟန်းသံဃာများအားမကပ်စေရ၊ အခြားဆွမ်းဟင်းများကိုသာ ကပ်လှူစေ၏။

မြတ်စွာဘုရား ဘုဉ်းပေး၍ပိုလျှံသော ဝက်ပျိုသားဟင်းကို ကြွင်းသမျှ စားခွင့်မပြုပဲ ကျင်းတူး၍မြှုပ်စေ၏။ အကြောင်းမူ ထိုဝက်ပျိုသားဟင်းကို နတ်ပြဟ္မာတို့ နတ်ဩဇာ စုပေါင်းထည့်ထားသဖြင့် မြတ်စွာဘုရားမှတပါး မည်သည့်သတ္တဝါမျှ အစာကြေညက်

www.burmeseclassic.com



စေနိုင်မည်မဟုတ်သောကြောင့်တည်း။ ဆွမ်းဘုဉ်းပေးပြီးနောက် စုန္ဒ
အားတရားဟောကြားတော်မူ၍ ကုသိနာရုံပြည်သို့ ကြွချီတော်မူ၏။
မကြာမီပင် မြတ်စွာဘုရားသည် ဝမ်းတော်လား၍ ဝမ်းသွေးသွန်
တော်မူ၏။ ထိုရောဂါဝေဒနာကိုလည်း မြတ်ဗုဒ္ဓသည် သတိဖြင့်
ဆင်ခြင်သည်းခံလေသည်။ ကုသိနာရုံခရီးတွင် ရေငတ်ပင်ပန်း၍
တထောက်နားပြီး ရေသောက်အပမ်းဖြေရ၏။ ထိုစဉ်ကုသိနာရုံမှ
ပါဝါပြည်ဘက်သို့လာသော ပက္ကုသနှင့်တွေ့၍ ဗုဒ္ဓထံမှ တရားနာယူ
၏။ ဗုဒ္ဓဝတ်ရုံရန် အဝတ်ချော ( ၁ ) စုံကို ကပ်လှူ၏။ ဆက်လက်၍
၂၅ ခါနား၍သွားခါ ကကုဓါမြစ်တွင် သက်ဆင်း၍ ရေသပ္ပါယ်လေ
သည်။ ထိုအချိန်တွင် စုန္ဒသူကြွယ်၏ ဆွမ်းအကျိုးအာနိသင်ကို ဟော
ကြားတော်မူ၏။

ထို့နောက် ကုန်းပေါ်ရှိ သရက်တော၌ လျောင်းစက်နားနေ
၏။ ပြီးသော် ဟိရညဝတီမြစ်တစ်ဖက်သို့ကူးခါ မလ္လာမင်းတို့၏
အင်ကြင်းဥယျာဉ်သို့ ဝင်လေသည်။ " အာနန္ဒာ၊ အင်ကြင်းပင်အစုံ
တို့၏အကြား၌ မြောက်အရပ်သို့ ဦးခေါင်းပြုကာ ညောင်စောင်းကို
ခင်းလေ၊ အာနန္ဒာ ငါပင်ပန်း၏။ လျောင်းစက်အံ့ " ဟု ဗုဒ္ဓကမိ
မိန့်လေသည်။ အရှင်အာနန္ဒာသည် ညောင်စောင်းကိုခင်း၏။ ထို
ညောင်စောင်းထက်တွင် ဗုဒ္ဓသည်လက်ယာနံတောင်းဖြင့် လျောင်း
စက်လေသည်။ ထိုအခါ ပန်းမျိုးစုံလည်း ဖူးပွင့်ကြကုန်၏။ သစ်သီး
စုံလည်း သီးကုန်ကြ၏။ မကြာမီ မလ္လာမင်းတို့လည်း ရောက်ရှိလာ
တော့သည်။

ဗုဒ္ဓမြတ်စွာ ပွင့်တော်မူသောအခါ တိတ္ထိနှင့်နတ်လူပြဟ္မာတို့
သည်ဘုရားရှင်ကို တုပြိုင်လာကြသော်လည်း ဘုရားရှင်က ရန်သူဟူ



သောမထားပဲ သူတို့အကျိုးလိုလားသော မေတ္တာဓါတ်၊ ထက်မြက်
ဉာဏ်တော်မြတ်ဖြင့် အမြဲအောင်နိုင်တော် မူခဲ့ပါသည်။

ထိုသို့ လူနတ်ပြဟ္မာ သတ္တဝါဟူသမျှတို့ ဆန့်ကျင်ဘက်ပြုလာ
သည် အရှုံးမရှိ အနိုင်သာရှိခဲ့ပါသော်လည်း အိုဘေး၊ နာဘေး၊
ဘေးဟူသော ဘေးရန်ကြီးသုံးပါးကိုကား ဗုဒ္ဓမြတ်စွာသည် အနိုင်
အရှုံးခံခဲ့ရပါသည်။

မြတ်စွာဘုရား၏ သက်တော်ရှစ်ဆယ် ( ဝါတော် - ၄၅ဝါ )
သောနေ့၌ ဝမ်းတော်လားသောရောဂါကို ပါဝါမြို့၌ ခံစားရ
ည်။ ထိုနေ့မှာပင် ပရိနိဗ္ဗာန်စံသောအားဖြင့် သေဘေးဒဏ်ကို
တော့မည်။ ဘုရားရှင်ချွတ်မှ ကျွတ်မည့်သတ္တဝါတို့လည်း ကျွတ်
ဝင်ပြီးကြလေပြီ။

ဗုဒ္ဓမြတ်စွာသည် သုဘဒ္ဒကိုအကြောင်းပြု၍ အားတော်နည်း
နေပါသော်လည်း ကုသိနာရုံမြို့တော်ကို နေဝင်ချိန်လောက်
ရောက်ကြွတော်မူခဲ့၏။ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်ဝယ်
အားအပ်သော ညောင်စောင်းပေါ်၌ လျောင်းတော်မူပါသည်။

ထိုအခါ ခေါင်းရင်းနှင့်ခြေရင်းရှိ အင်ကြင်းပင်ပျိုစုံတို့သည်
ခါ့ပွင့်သော ပန်းတို့ဖြင့် ပင်လုံးကျွတ်ပွင့်ကုန်၍ မြတ်စွာဘုရားရှင်
ကိုယ်တော်ထက်သို့ ပန်းပွင့်များ မပြတ်မစဲကြဖြန့်လေ၏။ မန္ဒာရဝ
ည်သောနတ်ပန်းတို့သည်လည်း ကောင်းကင်မှကျလာကုန်၏။
တ်တို့သည် မြတ်စွာဘုရားရှင့်အား နတ်ပန်းနံ့သာတို့ဖြင့် ပူဇော်၍
တ်သီချင်း၊ နတ်တူရိယာတို့ကို သီဆိုတီးမှုတ်ကြကုန်၏။

မိုးသောက်ယံ၌ အ ရဟဏ်မတက်ခင် ရဟန်းတော်တို့အား
ဩဝါဒပေးတော်မူသည်။ ဤဩဝါဒတော်သည် နောက်ဆုံးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတရားတော်ကို မိန့်တော်မူပြီးသောအခါ ဈာန်သမာပတ်တို့ကိုဝင်စားပြီး အရုဏ်တက်ခါနီးတွင် ဝိပါက်ကမ္မဇရုပ် အကြွင်းမရှိသော ဖနုပါဒိသေသ ပရိနိဗ္ဗာန်ဝင်စံတော်မူ၍ ဒုက္ခဇာတ်သိမ်းချုပ်ငြိမ်းတော်မူခဲ့ပါသည်။

ကုသိနာရုံသည် မြတ်ဗုဒ္ဓလက်ထက်တော်အခါက မလ္လာမင်းတို့၏မင်းနေပြည်ဖြစ်ခဲ့ပြီး ယခုအခါ ကုရှိနဂါရ်အမည်ရှိသော ရွာငယ်လေးတစ်ခုသာလျှင် ဖြစ်ပါတော့သည်။

ကဆိယာမြို့နှင့် ( ၅ ကီလိုမီတာ ) ကွာဝေးပြီး အိန္ဒိယနိုင်ငံ ဥတ္တရပရာဒေ့ရှ်ပြည်နယ် ကုရှိနဂါရ်ဒိစကြိတ်အတွင်း၌ တည်ရှိသည်။

ကုသိနာရုံသို့လာလိုလျှင် ဗာရာဏသီမှ ဂေါရက္ခပူရ်မြို့သို့ မီးရထားဖြင့်လည်းကောင်း၊ ဘတ်စ်ကားဖြင့်လည်းကောင်း ( သို့ ဟုတ် ) အငှားကားတို့ဖြင့် သွားနိုင်ပါသည်။ ဂေါရက္ခပူရ်မြို့မှ ကုသိနာရုံသို့ ( ၅၃ ) ကီလိုမီတာ ကွာဝေးသည်။

ကုသိနာရုံမှာ မြတ်ဗုဒ္ဓပရိနိဗ္ဗာန်စံဝင်တော်မူရာ ဖြစ်သဖြင့် မြတ်ဗုဒ္ဓနိဗ္ဗာန်ရွှေဘုံ စံဝင်ခိုလှုံပုံ ရုပ်တုတော်ရှိပြီး မထုရာမြို့သား ဒိန်မှထုလုပ်ထားခြင်း ဖြစ်ပါသည်။ ရုပ်တုတော်မှာ ညှိုးလျှသော မျက်နှာတော်၊ ဖူးကြွသောပါးတော်နှင့် ခြေတော်အစုံ၊ နွမ်းရိပြေလျော့ ကျနေသောကိုယ်တော်နေဟန် တို့ကိုအနီးကပ်ဖူးတွေ့ရသော ဗုဒ္ဓဘာသာဝင် ဘုရားဖူးတို့မှာ ဘုရားရှင်အား နှမြောတသပြီးဝမ်းနည်းမိကြရပါသည်။ မဟာဝိဟာရကျောင်းနေ ရဟန်းတော် ဟရိဗလဆွာမိက လှူဒါန်းထားခဲ့ခြင်း ဖြစ်ပါသည်။ ထိုလျောင်းတော်မူ ဗုဒ္ဓမြေသားဆင်းတုတော်မှာ ခြေဖဝါးတော်မှ ဦးသျှောင်တော်အထိ



အရှည် ခန်းတော် ၅ ပေ ၆ လက်မရှိသည်။ မြောက်သို့ ဦးခေါင်းပြုတော်မူ၍ အနောက်ဘက်သို့ မျက်နှာမူနေပုံဖြစ်သည်။ ပလ္လင်တော်မှာ ၃ ပေ ၉ လက်မရှိပြီး၊ ၂ ပေ ၁ လက်မမြင့်သည်။ တွေ့ရှိကြစဉ်က ပလ္လင်တော်မှာ တစ်စစီကျိုးပဲ့လျက် ရှိခဲ့သဖြင့် ပြန်လည်ဆက်စပ်ထားသည်။ သမားတော်ဇီဝကပုံ၊ အာနန္ဒာ၊ သုဘဒ္ဒတို့ပုံများကို ဖြစ်စဉ်နှင့် အံကိုက်ဖြစ်အောင် ပလ္လင်တော် ရှေ့မျက်နှာစာ နစ်တကျ နေရာပေးထုလုပ်ထားပါသည်။

ထိုရုပ်ပွါးတော်ကြီးအား မဏိတော်ဘက်ကဖူးပါက ပြုံးနေသည့်ဟန်၊ မျက်နှာတော်တည့်တည့်ဖူးပါက ကျိန်းစက်နေသည့်ဟန် ခြေရင်းဘက်မှဖူးပါက ဝေဒနာခံနေရသည့်ဟန် ( ၃ ) မျိုးဖူးမြင်ရသည်ဟု ဆိုပါသည်။ လျောင်းတော်မူတန်ဆောင်း အရှေ့ဘက်တွင် ပရိနိဗ္ဗာနစေတီတော် ရှိပါသည်။ ထိုမဟာပရိနိဗ္ဗာနစေတီအား (၁၉၁၂) ခုနှစ်တွင် မြန်မာနိုင်ငံ ဟင်္သာတမြို့မှ ဦးဘိုးကျူးကပြင်ဆင်သည်။ (၁၉၂၇) ခုနှစ်တွင် ထီးတော်တင်ခဲ့သည်။

ထို့ပြင် စေတီတော်ကြီး၏ အရှေ့တောင်ဘက် ခပ်ယွန်းယွန်းတွင် မြတ်ဗုဒ္ဓ တေဇောဓါတ်လောင်တော်မူရာ မကုဋဗန္ဓနခေါ် အင်္ဂါရစေတီကြီးတစ်ဆူရှိပါသည်။ ဒေသခံတို့က ရာမာဘာရ်ဟုခေါ် ဆိုကြပြီး အုတ်ကုန်းကြီးအဖြစ်သာ တွေ့ရပါတော့သည်။ မဟာပရိနိဗ္ဗာနစေတီ၏တောင်ဘက်လမ်းအကွေ့တွင် မြတ်ဗုဒ္ဓနောက်ဆုံးရေကြည်သောက်သုံးခဲ့ရာ အထိမ်းအမှတ် အုတ်တိုက်ငယ်တစ်ခုရှိပြီး အတွင်းတွင် ဘူမိဖဿမုဒြာဖြင့် တည်ထားသောရုပ်ပွါးတော်ရှိပြီး ဟင်္သာတမြို့မှ ဦးဘိုးကျူးတို့ လှူဒါန်းထားသည်ဟု ဆိုပါသည်။ ထိုနေရာကို မာထကုန်ဝ ( Marha kumwa ) သေသောမင်းသားဟု ခေါ်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



### ဖူးမြော်လေ့လာရန်ဌာနများ

ဘုရားကျောင်းတော်၊ မဟာပရိနိဗ္ဗာန စေတီတော်၊ ကျောင်း တော်ရာအုတ်ခုံများ၊ အင်္ဂါရစေတီ ( မကုဋ္ဌဗန္ဓနစေတီ )၊ မြတ်စွာ ဘုရားရေသပ္ပါယ်တော်မူရာ မာထကုန်ဝ၊ မဟာသုခံဒဒချမ်းသာကြီး စေတီ၊ ထိုင်းဗုဒ္ဓဘာသာကျောင်း၊ ပြတိုက်တို့ဖြစ်ကြပါသည်။

### (၁၁) ဝေသာလီ

ဝေသာလီမှာ လိစ္ဆဝီများ စုပေါင်းအုပ်ချုပ်သည့် နိုင်ငံတစ်ခု ဖြစ်သည်။ ဗုဒ္ဓသည် တခါတရံတွင် လိစ္ဆဝီတို့၏ ညီညွတ်ကြပုံကို အတုယူကြရန် ရဟန်းသံဃာအား သွန်သင်တော်မူလေ့ရှိသည်။ တစ် ထပ်နှင့်တစ်ထပ် တစ်ဂါဝုတ်စီ ဝေးကွာသောတံတိုင်း ၃ ထပ်ရှိပြီး တစ်ထပ်စီတွင် တံခါးတစ်ပေါက်စီနှင့် မျှော်စင်များပါဝင်သည်။ ကပ် ရောဂါဆိုးများ ဆိုက်ခဲ့စဉ်က အရှင်အာနန္ဒာသည် တံတိုင်း ၃ ထပ် အကြားတွင် ရတနသုတ်ပရိတ်တော် ရွတ်ဖတ်ပူဇော်သဖြင့် ကပ် ရောဂါများ ကင်းဝေးခဲ့ရသည်။ ဝေသာလီပြဿဒ်ကျောင်း ( ကူဋာ ဂါရသာလာ ) ၌ဘုရားရှင် သီတင်းသုံးတော်မူခဲ့သည်။ ဝေသာလီ အနီးရှိ ဝေဠုဝရွာ၌ နောက်ဆုံးဝါကပ်တော်မူပြီး အာယုသင်္ခါရလွှတ် တော်မူသည်။ တေဝဇ္ဇသုတ်၊ တေဝဇ္ဇဝစ္ဆဂေါတ္တသုတ်များကိုလည်း ဟောကြားခဲ့သေးသည်။

ဗုဒ္ဓ ပရိနိဗ္ဗာန်စံတော်မူပြီးနောက် နှစ်အနည်းငယ် အတွင်း မှာပင် ဝေသာလီသည် မာဂဓတိုင်း၏ လက်အောက်ခံဖြစ်သွားခဲ့ သည်။ ဒုတိယသင်္ဂါယနာကိုကာလာသောကမင်းလက်ထက် ဝေသာ လီရှိ ဝါဠုကာရုံကျောင်းတော်၌ တင်ခဲ့သည်။ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်ပြု



တော်မူပြီး နှစ် ၅၀၀ အတွင်း အရေးပါသော ဘုရားဖူးနေရာတော် ဖြစ်ခဲ့သည်။ မြတ်ဗုဒ္ဓဖြစ်တော်စဉ်၌ အရေးပါလှသောစေတီ ( အ ထိမ်းအမှတ် ) နေရာတော်များနှင့် ဝေသာလီမြို့တော်၏ ကျော်ကြား မှုတို့ကြောင့် ဘုရားဖူးများလာခဲ့ကြသည်။

ဝေသာလီမြို့တွင် မိထွေးတော်ဂေါတမီ၏ လျှောက်ထား တောင်းပန်မှုကြောင့် ဘိက္ခုနီသာသနာစတင်ခွင့်ပြုခဲ့ရာ ဒေသလည်း ဖြစ်သည်။ ဝေသာလီမြို့ဟောင်းကို ယခုအခါ (ရာဂျဗီဆလ်ကာဂရ်) ဟုခေါ်ကြသည်။ မူဇာဖာပူရ်မှ အရှေ့တောင်ဘက် ၂၂ မိုင် အကွာ တွင်တည်ရှိသည်။ မြို့ဟောင်းကိုစက်ဝိုင်းပုံ တူးဖော်ရာ ၈ ပေခန့် မြင့်သော မြို့ရိုးဟောင်းနှင့်အတူ လူနေအိမ်အုတ်ခုံနှင့် တံဆိပ်တုံး များတွေ့ရသည်။ ဝေသာလီမှ အနောက်မြောက်နှစ်မိုင်ကွာ ကိုလှာ အရပ်၌ ခြင်္သေ့ရုပ်ထိပ်ဖူးပါသော ၂၂ ပေမြင့်သည့် ကျောက်တိုင် ကြီးကိုတွေ့ရသည်။ ကမ္ပည်းစာရေးထိုးထားခြင်း မရှိပေ။

### ဖူးမြော်လေ့လာရန်ဌာနများ

ဝေသာလီဓါတ်တော်တိုက်၊ မျောက်မင်းရေကန်၊ ရှေးစေတီ ကုန်း၊ အသောကကျောက်တိုင်၊ အမ္ဗပါလီရေတွင်း တို့ဖြစ်ကြပါသည်။

*****

www.burmeseclassic.com

www.burmeseclassic.com



## " ၅။ လှည့်လည်ကြည့်ရှုဖူးမြော်မည့်အစီအစဉ် "

မြန်မာနိုင်ငံမှနေ၍ မဇ္ဈိမဒေသရှိ မြတ်ဗုဒ္ဓ၏မြတ်ဒေသများသို့သွားရောက်ဖူးမြော်လိုကြသော ဗုဒ္ဓဘာသာဝင်အပေါင်း သူတော်ကောင်းတို့အနေဖြင့် မြတ်ဗုဒ္ဓအလောင်းတော် မွေးဖွားရာမှ ထီးနန်းစိုးစံခဲ့ရာ ရပ်ဒေသ တို့ကိုလည်းကောင်း၊ ရှင်တော်ဗုဒ္ဓအဖြစ် ပွင့်ထွန်းပေါ်ပေါက်ခဲ့သော ဘုရားအဆူဆူတို့ ပွင့်တော်မူရာ ဘဂဝါဇိနအရှင်၏ တဏှာရှိသမျှ စင်သည့် အပရာဇိတပလ္လင်တော်မြတ်ရှိရာ ရပ်ဒေသ တို့ကို လည်းကောင်း၊ တရားဦးဓမ္မစက် မိန့်မြွက်ခဲ့ရာမိဂဒါဝုန်ဒေသတို့ကိုလည်းကောင်း၊ ၄၅ နှစ်တာ ကာလပတ်လုံး မနေမနား ခရီးသွားခဲ့ပြီး ကျွတ်ထိုက်သသူ နတ်လူဗြဟ္မာ သတ္တဝါတို့အားနိဗ္ဗာန်သောင်သို့ ဖောင်ကူးတို့ဖြင့် ဆောင်ပို့ပေးခဲ့ရာ ရပ်ဒေသအသီးသီးတို့ကိုလည်းကောင်း၊ ဒေသအလိုက် ကြည့်ရှုဖူးမြော်ကုသိုလ်တော်များရနိုင်စိမ့်သောငှာ အောင်ချမ်းသာ ဘုရားဖူးအဖွဲ့မှ ပို့ဆောင်ပေးမည့် ခရီးစဉ်များကို ဖော်ပြအပ်ပါသည်။

အချိန်နှင့်တပြေးညီ လှည့်လည်ဖူးမြော်ရမည့် ခရီးဖြစ်၍ အချိန်နှင့်အခြေအနေ ပေးသည့်အတိုင်း ပို့ဆောင်ပေးမည်ဖြစ်ပါသည်။ ပထမနေ့ ခရီးစဉ်တွင် ပို့ဆောင်ပေးရန် သတ်မှတ်ထားသော်လည်း အကြောင်းကြောင်းကြောင့် မသွားလာမဖူးမြော်ရပါက ဒုတိယနေ့တွင် ထပ်မံပို့ဆောင်ပေးနိုင်လိမ့်မည် မဟုတ်ပါ။ သူ့နေ့နှင့်သူ့အစီအစဉ် ကွက်တိစီစဉ်ထားပြီးဖြစ်၍ ထပ်မံသွားရောက်ရန် မလွယ်ကူကြောင်း သဘောပေါက်ကာ ရနိုင်သမျှအချိန်တွင် ဗုဒ္ဓဂုဏ်နှလုံးထုံ၍ ဖူးမြော်ကြည်ညို သံဝေဂပိုကြရန်ဖြစ်ပါသည်။



| ဒေသ | ကြည့်ရှုဖူးမြော်ရန်စေတီနှင့်နေရာများ |
| --- | --- |
| ဗုဒ္ဓဂယာ | မြန်မာဘုန်းတော်ကြီးကျောင်း၊ မဟာဗောဓိစေတီတော်၊ သတ္တဋ္ဌာန၊ နေရဉ္ဇရာမြစ်၊ သုဇာတာအိမ်ရာ၊ သုဇာတာ ယနာနို့ဆွမ်းကပ်ရာနေရာ၊ ရွှေခွက်မျှောရာနေရာ၊ မဟာနိုနန်းတော်၊ မင်းတုန်းမင်းဇရပ် နှင့်ကျောက်စာတိုက်၊ ဒုက္ကရစရိယာကျင့်ရာဥရုဝေလတော၊ ဂျပန်ဘုရား၊ ဂျပန်၊ တိဘက်၊ ထိုင်းကျောင်းများ။ |
| မိဂဒါဝုန် | မြန်မာဘုန်းတော်ကြီးကျောင်း၊ ဓမ္မစကြာတရားဦးဟောရာ ဓမ္မရာဇိကစေတီနေရာ၊ အနတ္တလက္ခဏာသုတ်ဟောကြားရာ ဓမ္မေခစေတီ၊ နန္ဒိယသုကြွယ်ကျောင်းတော်ရာ၊ ယသ သတို့သား တရားဟောရာပလ္လင်၊ အသောကကျောက်တိုင်၊ ကုမာရဒေဝီရေချိုးဆိပ်၊ ဘေးမဲ့သမင်တော၊ အနာဂါရိကဓမ္မပါလ၏ မူလဂန္ဓကုဋိတိုက်၊ ပဥ္စဝဂ္ဂီငါးပါးတို့ တရားဟောနေပုံရုပ်ပွားတော်၊ မိဂဒါဝုန်ပြတိုက်၊ ချောက်ကဏ္ဍီစေတီ။ |
| သာဝတ္ထိ | မြန်မာဘုန်းတော်ကြီးကျောင်း(ဟောင်း/သစ်)၊ ဇေတဝန်ကျောင်းတော်ရာနှင့် ဂန္ဓကုဋိတိုက်၊ အာနန္ဒာဗောဓိပင်၊ တန်ခိုးပြဋ္ဌိဟာပြသည့် သရက်ဖြူကုန်း၊ ကောသလမင်းကြီးနှင့် မလ္လိကာမိဖုရားတို့၏ နန်းတော်ဆောင်များ၊ သုဒတ္တစေတီနှင့် အင်္ဂုလိမာလ စေတီ၊ စိဉ္စမာနနှင့် ဒေဝဒတ်မြေမြိုရာနေရာများ။ |

www.burmeseclassic.com

www.burmeseclassic.com



| ဒေသ | ကြည့်ရှုဖူးမြော်ရန်စေတီနှင့်နေရာများ |
|---|---|
| လုမ္ဗိနီ | လောကမထိစူဠာစေတီတော်၊ အာနန္ဒာသိမ်တော်၊ မြန်မာရွှေကျောင်း၊ ဇရပ်တော်၊ ဓမ္မာရုံတော်၊ ဘုရားလောင်းတော်ဖွားမြင်သည့်နေရာ (အုတ်တိုက်)၊ အသောကကျောက်တိုင်၊ မယ်တော်မာယာ ဖွားမြင်တော်မူပုံ ရုပ်တု၊ ဘုရားလောင်းတော်၏ခြေရာ၊ ဘုရားလောင်းတော် ခြေလှမ်း(၇)လှမ်း လှမ်းသည့် အထိမ်းအမှတ်စေတီ၊ ရေသန့်စင်ရာ ရေကန်၊ နီပေါ ဘုန်းကြီးကျောင်း၊ တိဘက်ဘုန်းကြီးကျောင်း။ |
| ကပိလဝတ် | အနောက်မုခ်တံခါးဝ၊ အလောင်းတော်မင်းသားနန်းစံရာ နန်းတော်ရာ၊ တောထွက်ရာ အရှေ့မုခ်တံခါးဝ၊ နိဂြောဓါရုံကျောင်း။ |
| ကုသိနာရုံ | မဟာသုခံဒ ချမ်းသာကြီးစေတီ၊ မြန်မာဘုန်းတော်ကြီးကျောင်း၊ ပရိနိဗ္ဗာနစေတီ၊ လျောင်းတော်မူ ရုပ်ပွားတော်၊ တေဇောဓါတ်လောင်ကျွမ်းရာ နေရာ(အင်္ဂါရစေတီ)၊ နောက်ဆုံးရေသုံးသပ်သည့်နေရာရှိ မာထကုန်ဝ ရုပ်ပွားတော်၊ ထိုင်းဘုန်းကြီးကျောင်း၊ ပြတိုက်။ |
| ပတ္တနား/ ဝေသာလီ | မြန်မာဘုန်းတော်ကြီးကျောင်း၊ တတိယသင်္ဂါယနာတင် အသောကာရာမ ကျောင်းတော်ရာ၊ အသောကမင်းကြီးကျောက်တိုင်၊ ဒုတိယသင်္ဂါယနာ တင်ခဲ့သည့် ဝေသာလီ ကျောင်းတော်ရာ၊ ဓါတ်တော် တိုက်နေရာ၊ ဂျပန်စေတီ။ |



| ဒေသ | ကြည့်ရှုဖူးမြော်ရန်စေတီနှင့်နေရာများ |
|---|---|
| နာလန္ဒာ | နာလန္ဒာတက္ကသိုလ်အသစ်၊ နာလန္ဒာတက္ကသိုလ်အဟောင်း၊ နာလန္ဒာတက္ကသိုလ်အဟောင်းရှိ ရှင်သာရိပုတ္တရာဓါတ်တော်စေတီနှင့် သံဃာတော်များစာသင်ဆောင်/ ကျောင်းဆောင်များ။ |
| ရာဇဂြိုဟ် | မြန်မာဘုန်းတော်ကြီးကျောင်း၊ ဝေဠုဝန်ကျောင်းတော်ရာ၊ ဝေဘာရတောင်ပေါ်ရှိ ပထမသင်္ဂါယနာတင်ရာ သတ္တပဏ္ဏိလိုဏ်ဂူ၊ ရေပူစမ်း၊ ဂိဇ္ဈကုဋ်တောင်ထိပ် ကျောင်းတော်ရာ၊ ရတနာဂီရိတောင်ပေါ်ရှိ ဝိရှသျှန္တိဂျပန်စေတီ၊ ထိုင်ခုံစက်လှေခါး၊ ဗိမ္ဗိသာရမင်းကြီး၏ ဘဏ္ဍာတိုက်၊ အဇာတသတ်မင်းကြီး၏ဓါတ်တော်တိုက်၊ သမားတော်ဇီဝက၏သရက်ဥယျာဉ်၊ ဗိမ္ဗိသာရအကျဉ်းထောင်၊ ရှေးခေတ်ကျောက်လှည်းဘီးရာ။ |

www.burmeseclassic.com

www.burmeseclassic.com



## " ၆။ နေရာအလိုက် နှစ်ခြိုက်ရှင်ပျော် ကုသိုလ်တော် "

နေရာအသီးသီးအလိုက် မိမိတို့ သဒ္ဓါတရား အလျောက် လှူဒါန်းပူဇော်နိုင်မည့် အစီအစဉ်များကိုလည်း ဖော်ပြအပ်ပါသည်။

### ၁။ ဗုဒ္ဓဂယာ

- မဟာဗောဓိစေတီ
- မဟာဗောဓိစေတီအတွင်းရှိ ရုပ်ပွါးတော်
  ( ဆွမ်းခဲဘွယ်ဘောဇဉ်၊ သောက်တော်ရေ၊ ပန်း၊ ကြာသက်နှိုင်းကပ်ခြင်း။ )
- မဟာဗောဓိပင်နှင့်ပလ္လင်တော်
  ( အမွှေးတိုင်၊ ဆီမီးတိုင်၊ ညောင်ရေသွန်းလောင်းခြင်း )
  ( ကြာသက်န်း၊ ရွှေသက်န်း-ရွှေချခြင်း၊ ကနက္ကဒန်ထီး၊ တံခွန်၊ ကုက္ကား )
- ရတနာဃရစံအိမ်
  ( ဆီမီး၊ အမွှေးတိုင်၊ ပဒ္မာန်းဖြင့်ပူဇော်ခြင်း )
- ဒုက္ကရစရိယာတောင်ရှိ ဂူအတွင်းရုပ်ပွါးတော်
  ( ပန်း၊ ဆီမီး၊ အမွှေးတိုင်၊ ရွှေချခြင်း )
- ယနာနို့ဆွမ်းကပ်ရာဌာန
  ( ပန်း၊ ဆီမီး၊ အမွှေးတိုင်၊ ရွှေချခြင်း )
- သုဇ္ဇိယငစင် မြက်လှူသောနေရာ
  ( ပန်း၊ ဆီမီး၊ အမွှေးတိုင်၊ ရွှေချခြင်း )



### ၂။ မိဂဒါဝုန်

- ဓမ္မရာဇိကစေတီနေရာ
  (ဆီမီး၊ အမွှေးတိုင်၊ ရွှေသက်န်း။ ဓမ္မစကြာဖြင့်ပူဇော်ခြင်း)
- မူလဂန္ဓကုဋီဝိဟာရ
  *(ဆီမီး၊ အမွှေးတိုင်၊ ရွှေသက်န်း)*
- အနတ္တလက္ခဏာသုတ်ဟောရာဓမ္မေခစေတီ
  (ဆီမီး၊ အမွှေးတိုင်၊ ရွှေသက်န်း။ အနတ္တလက္ခဏာသုတ် ဖြင့်ပူဇော်ခြင်း)
- ယသ သတို့သားတရားဟောရာပလ္လင်
  (ဆီမီး၊ အမွှေးတိုင်၊ ရွှေသက်န်း)
- နန္ဒိယသူကြွယ်ကျောင်းတော်ရာ
  (ဆီမီး၊ အမွှေးတိုင်၊ ရွှေသက်န်း)
- ဓမ္မစကြာဟောကြားနေပုံဆင်းတုတော်များ
  (ဆီမီး၊ အမွှေးတိုင်၊ ရွှေသက်န်းအငယ်များ)
- ဘေးမဲ့ဥယျာဉ်တော
  (သမင်များအစာကျွေးရန်)

### ၃။ သာဝတ္ထိ

- ဇေတဝန်ကျောင်းတော်ရာရှိမူလဂန္ဓကုဋီကျောင်းတော်ရာ
  (ဆီမီး၊ အမွှေးတိုင်၊ ရွှေသင်္ကန်း။ မင်္ဂလသုတ်ပူဇော်ခြင်း)
- အာနန္ဒာဗောဓိပင်
  (ဆီမီး၊ အမွှေးတိုင်၊ ညောင်ရေသွန်းလောင်းခြင်း)

www.burmeseclassic.com

www.burmeseclassic.com



## ၄။ လုမ္ဗိနီ

- ဖွားတော်မူရာအုတ်တိုက်
  (ဆီမီး၊ အမွှေးတိုင်၊ စကားကြီး(၃)ခွန်းဖြင့် ပူဇော်ခြင်း)
- အသောကကျောက်တိုင်
  (ပန်း၊ဆီမီး၊ အမွှေးတိုင်၊ ရွှေသင်္ကန်း၊ ကနက္ကဒန်ထီး)
- လောကမဏိစူဠာစေတီ
  (ပန်း၊ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်)

## ၅။ ကုသိနာရုံ

- မဟာပရိနိဗ္ဗာနလျောင်းတော်မူရုပ်ပွားတော်
  (ဆီမီး၊ အမွှေးတိုင်၊ ဆွမ်းခဲဘွယ်၊ပန်း၊ ရေချမ်း၊ရွှေသင်္ကန်း)
  (ရိုးရိုးသင်္ကန်း၊ ကြာသင်္ကန်းလွှမ်းခြုံခြင်း၊ ကနက္ကဒန်ထီး)
  (ရုပ်ပွားတော်အပြည့်လွှမ်းလိုပါက ကေသီသင်္ကန်း (၃)ထည်ကိုဆက်ရန်လိုပါသည်။)
- တေဇောဓါတ်လောင်ရာအင်္ဂါရစေတီ
  (ဆီမီး၊ အမွှေးတိုင်၊ ရွှေသင်္ကန်း၊ ဓါတ်တော်ရှိခိုး)
  ရွှေသင်္ကန်း (ရွှေချခြင်း) ကပ်လှူလိုပါက ကော်ပုလင်း(သို့) သစ်စေးယူလာရန်လိုပါသည်။



## ၆။ ရာဇဂြိုဟ်

- ပထမသင်္ဂါယနာတင်သော သတ္တပဏ္ဏိလိုဏ်ဂူ
  (ဆီမီး၊ အမွှေးတိုင်၊ ရွှေသင်္ကန်း)
- ဇီဝကသင်္ခမ်းတောင်ထိပ်ကျောင်းတော်ရာ
  (ဆီမီး၊ အမွှေးတိုင်၊ ရွှေသင်္ကန်း၊ ပရိမိတ္တဇာလသုတ်ဖြင့် ပူဇော်ခြင်း)
- ဩဝါဒပါတိမောက်ပြသရာရုပ်ပွားတော်
  (ဆီမီး၊ အမွှေးတိုင်၊ ရွှေသင်္ကန်း၊ ဩဝါဒပါတိမောက်ဖြင့် ပူဇော်ခြင်း)

မိမိတို့သဒ္ဓါတရားအလျောက် လှူဖွယ်ဝတ္ထုများကိုလည်း အလှူခံပုံးများတွင် ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

**<u>သံဝေဇနီယလေးဌာန(သံဝေဂရစေမည့်ဌာန)</u>**

ဖွား၊ ပွင့်၊ ဟော၊ စံ၊ ဤလေးတန်
မှတ်ရန် သံဝေဇနီယလေးဌာန

ဖွား = ဘုရားလောင်းတော်ဖွားမြင်တော်မူရာ
လုမ္ဗိနီသာမော၊ အင်ကြင်းတော။
ပွင့် = မြတ်ဗုဒ္ဓပွင့်ထွန်းတော်မူရာ
ဗုဒ္ဓဂယာ ဗောဓိမဏ္ဍိုင်။
ဟော = မြတ်ဗုဒ္ဓတရားဦးဟောကြားတော်မူရာ
မိဂဒါဝုန် သားမျိုးစုံသည့်ရဂုံတော။
စံ = မြတ်ဗုဒ္ဓပရိနိဗ္ဗာန်စံဝင်တော်မူရာ
ကုသိနာရုံ အင်ကြင်းရဂုံ။

www.burmeseclassic.com

www.burmeseclassic.com

## ၇။ ဘုရားဖူးများသိရှိလိုက်နာရန်အချက်အလက်များ

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်၌ ထေရဝါဒ ဗုဒ္ဓသာသနာ စည်ပင်ထွန်းကားဆုံး နိုင်ငံဖြစ်သည့်ပြင် နိုင်ငံတော်အစိုးရမှလည်း ဗုဒ္ဓသာသနာရောင်ဝါ ကမ္ဘာသို့ပိုမိုထွန်းလင်းပြန့်ပွါးစေရန် ရည်သ ၍အဖက်ဖက်မှ ကြိုးပမ်းအားထုတ်လျက် ရှိပါသည်။ မြန်မာနိုင်ငံ နိုင်ငံသားတို့သည် ဗုဒ္ဓမြတ်စွာနှင့်ပတ်သက်သည့် သံဝေဇနီယ ဌာန၊ အဝိဇဟိတ **လေးဌာနတို့ရှိ** စေတီပုထိုးများ၊ သာသနိ အဆောက်အဦးများသို့ သွားရောက်ဖူးမြော် ကြည်ညိုရသော ရတောင့်ရခဲ အခွင့်အရေးကို ရယူလိုကြပေသည်။ ရဟန်း, ရှင်, ပြည်သူများ မိမိတို့အစီအစဉ်ဖြင့် မဇ္ဈိမဒေသသို့ ဘုရားဖူးသွ ရောက်ကြရာ အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲများ၊ အဆ မပြေမှုများ၊ စိတ်ဆင်းရဲမှုများနှင့် ကြုံတွေ့ရတတ်ပါသည်။

မဇ္ဈိမဒေသ သံဝေဇနီယလေးဌာနသို့ ဘုရားဖူးသွားလို များအဆင်ပြေ ချောမောစွာသွားရောက်ဖူးမြော် သဒ္ဓါတရားပွါးမ နိုင်ရန်၊ မြန်မာလူမျိုးတို့၏ ဘာသာရေးကိုင်းရှိုင်းမှု၊ အလှူရေစ လက်နှင့်မကွာ လှူဒါန်းမှုများအား ကမ္ဘာမှသိစေရန်၊ မြန်မာလူ များဒေသန္တရ၊ ဘာသန္တရ ဗဟုသုတများ ရှာမှီးနိုင်စေရန် ရည်ရွ လျက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လမ်းညွှန်မှုဖြင့် သာသနာရေးဝန်ကြီးဌာနမှ ဦးဆောင်ကာ မဇ္ဈိ ဒေသ သံဝေဇနီယလေးဌာန ဘုရားဖူးလုပ်ငန်းအား ရဟန်းရှင် ပြည်သူများ သွားရောက်နိုင်မည့် သက်သာသောနှုန်းထားဖြင့် နိုင်ငံ ကူးတို့ ပို့ဆောင်ပေးရန် **အောင်ချမ်းသာ** ဘုရားဖူးအဖွဲ့မှ စီစဉ်ခြ ဖြစ်ပါသည်။



သာသနာရေးဝန်ကြီးဌာန၏ ဆက်လက်တာဝန်ပေးချက် (၂၀၀၁-၂၀၀၂)ခုနှစ်မှ စတင်၍ ယနေ့တိုင် အပါယ်တံခါးပိတ် ဇ္ဈိမဒေသ၊ သံဝေဇနီယလေးဌာန (အိန္ဒိယ၊ နီပေါ)ဗုဒ္ဓဂယာ ရားဖူး ခရီးစဉ်များအား မဂ္ဂင်ဖောင်ကြီး အတူစီး၍ သွားနိုင်ကြစေ အောင်ချမ်းသာ ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး အဖွဲ့က၊ ကုသိုလ် သဒ္ဓါစိတ်အပြည့်ဖြင့် ပို့ဆောင်ပေးမည်ဖြစ်ပါသည်။

သို့ပါ၍ ဘုရားဖူးခရီးသည်များ မဇ္ဈိမဒေသ သံဝေဇနီယ ဌာနသို့ ဘုရားဖူးသွားရောက်ကြရာ၌ နိုင်ငံတော်နှင့် သာသနာ န်ကြီးဌာနတို့၏ ကြီးမားသောမေတ္တာနှင့် စေတနာတို့အား ထိန်း စောင့်နိုင်ရန် အလို့ငှာ ဘုရားဖူးခရီးသည်များ စောင့်ထိန်းလိုက် ဝ်သည်များကို ဖော်ပြလိုပါသည်။

**မဇ္ဈိမဒေသ ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားရောက်လိုသူ ယ်တို့သည် အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ တည် Power Palace Hotel အမှတ်(၁၆)၊ ပြည်သာယာ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ (တယ် နံ်းအမှတ်- ၅၅၉၇၁၉၊ ၅၄၄၂၈၇၊ ၀၉-၇၃၁၅၂၈၆၀၊ ၇၃၁၅၁၃၁၃ နှင့် ၀၉-၅၁၂-၈၆၂၁ ဖက်(စ်)၄၀၀၈၁၆) ဖြစ်စေ ဆက်သွယ်၍ အဆိုပြုလျှောက်လွှာများ တင်သွင်း ည် ဖြစ်ပါသည်။**

www.burmeseclassic.com

www.burmeseclassic.com



အဆိုပြုလွှောက်လွှာ တင်သွင်းရာတွင် ကိုယ်ရေးရာဇဝင်နှင့်အတူ အောက်ပါအချက်အလက်များတို့ကို တပါတည်းတင်ပြရပါမည်။

ဘုရားဖူးတစ်ဦးချင်းအတွက် အောက်ဖော်ပြပါ စာရွက်စာတမ်းများ လိုအပ်ပါသည်။

(က) ဘုရားဖူးသွားရောက်နိုင်ရေးအတွက် ကာယကံရှင်များကိုယ်တိုင် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ သတ်မှတ်ညွှန်ကြားချက်အတိုင်း၊ ရန်ကုန်မြို့ရှိမြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ ရုံးလက်အောက်ရှိ ဓါတ်ပုံဌာန၌ သတ်မှတ်ဓါတ်ပုံရိုက်ရန်၊ လ.ဝ.က ဌာနစိတ်၌ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းမူရင်းနှင့် မိတ္တူများတိုက်ဆိုင်စစ်ဆေးရန်နှင့် အမြတ်ခွန်ပုံစံ(၁၉)ကိုယ်တိုင်ထုတ်ယူရန် ကိစ္စများအတွက် ရန်ကုန်သို့ တစ်ကြိမ်လာရောက်ရပါမည်။

(ခ) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး၌ ရိုက်ထားသည့်ဓါတ်ပုံအပြင် ဗီဇာတင်ရန် ($1^1/_2$ x $1^1/_4$) ဓါတ်ပုံ(၈)ပုံထပ်မံပေးရပါမည်။

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူ(၅)ရွက်။ (ရှေ့/နောက်အား တစ်မျက်နှာတည်း၌ ကူးပေးရမည်)

(ဃ) အိမ်ထောင်စုဇယားမူရင်းနှင့် မိတ္တူ(၅)ရွက်။ (ရှေ့/နောက်အား ကူးပေးရမည်)

မှတ်ချက်

နိုင်ငံသားစိစစ်ရေး ကတ်ပြားနှင့် အိမ်ထောင်စုဇယားများတွင် ပြင်ရာ၊ ဖျက်ရာရှိက သက်ဆိုင်ရာ (လ.ဝ.က)ရုံး၌ အချိန်မီပြင် ဆင်ပေးရပါမည်။ မှတ်ပုံတင်၌ ပြင်ရာ၊ ဖျက်ရာ



မရှိသော် လည်း အိမ်ထောင်စုဇယားပါ အချက်အလက်များနှင့်ကွဲလွဲပါက သက်ဆိုင်ရာ(လ. ဝ. က)ရုံး၌ မှတ်ပုံတင်ပါအတိုင်း ပြင်ဆင်ပေးရပါမည်။ တရားဝင်ပြင်ဆင်ထားကြောင်း ပုံစံ(၁၀) နောက်ကျောတွင် သက်ဆိုင်ရာဌာနတံဆိပ်တုံး နှင့် ပြင်ဆင်သူအရာရှိ လက်မှတ်ပါရှိရမည်။

(င) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ပြည်ပခွင့်စာမူရင်းနှင့် မိတ္တူ (၅)ရွက်။

(စ) အငြိမ်းစားဖြစ်ပါက အငြိမ်းစားခွင့်ပြုအမိန့်စာ (သို့) ပင်စင်စာအုပ် မိတ္တူ (၅)ရွက်။

(ဆ) သံဃာတော်နှင့် သီလရှင်များအတွက် သာသနာဝင်မှတ်ပုံတင်မူရင်းနှင့် မိတ္တူ (၅)ရွက်။ (ရှေ့/နောက်အား တစ်မျက်နှာတည်းကူးပေးရမည်)

(ဇ) မိမိမြို့နယ်အခွန်ဦးစီးဌာနမှ (အမြတ်ခွန်ပုံစံ-၁၇) မူရင်း။ (သံဃာတော်နှင့်သီလရှင်များ၊ အသက်(၁၈)မပြည့် သူများအတွက် မလိုအပ်ပါ၊ အသက်(၆၀)ပြည့်ပြီး သူများလည်း ၁၇ပုံစံပေးရပါမည်။)

(ဈ) တက္ကသိုလ်/ကောလိပ်တစ်ခုခုမှ ဘွဲ့ရဖြစ်ခဲ့ပါက ပညာရေးကင်းရှင်းချက် (EC) မူရင်းနှင့် မိတ္တူ (၃)စုံတင်ပြရမည်။

(ည) သတ်မှတ်ထားသည့် ကိုယ်ရေးပုံစံ၌ ကိုယ်ရေးအချက်အလက်စုံလင်အောင် ဖြည့်စွက်ပေးရမည်။

(ဋ) အသက် (၆၅)နှစ်ကျော်သူများ ဆရာဝန်ဖြင့် မိမိကျန်းမာရေးအခြေအနေအား စစ်ဆေးပြီး ဆရာဝန်၏ ခရီးသွားခွင့်ပြုသူများသာ လျှောက်လွှာတင်သွင်းသင့်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပိုင်သုံးအဖြစ် ခရီးစဉ်အစအဆုံး နေ့-ည ( ၁၂ရက် ) ကြာမြင့်မည့်အချိန်ကို တွက်ဆ၍ယူရပါမည်။

ကိုယ်ပိုင်သုံးဆေးဝါးမျိုးစုံ ( သွေးဆေး၊ လျက်ဆား၊ အစာကြေဆေး၊ ပရုပ်ဆီ၊ အေးသောရာသီတွင် ခြေအိတ်၊ လက်အိတ်၊ ခေါင်းစွပ်၊ ရင်ဘတ်အနွေးထည်တို့ လိုပါသည်။ ခေါက်ထီး၊ လက်နှိပ်ဓါတ်မီး၊ သစ်သားမီးခြစ် ( ဂတ်စ်မီးခြစ် လေယာဉ်ပေါ်ယူခွင့်မရှိပါ ) မျက်နှာသုတ်ပုဝါ၊ သွားတိုက်ဆေး သွားပွတ်တံ၊ ရေအိမ်သုံးစက္ကူ၊ ဆပ်ပြာ၊ လက်သုတ်ပုဝါ၊ ဖွန်းခရင်း၊ လက်ပတ်နာရီ၊ ကင်မရာနှင့် ဖလင် ၅ လိပ်ခန့်၊ မိမိဆန္ဒအရ စားသောက်လိုသော လက်ဘက်၊ ငါးပိကြော်၊ ငါးခြောက်ကြော်၊ ကော်ဖီမစ်၊ ခေါက်ဆွဲခြောက်၊ ဟင်းခတ်မှုန့်၊ သရက်သီးသနပ် စသည်တို့ကို ဆီလုံအောင် ထုတ်ပိုး၍သယ်ယူရန်ဖြစ်ပါသည်။ ခြည်နှောင်ရန်ကြိုး၊ ဗောဓိညောင်ရွက်ထည့်ရန် စက္ကူဖူးအမာစား၊ အောင်မြေထည့်ရန် ပလပ်စတစ်အိတ်လေးများ၊ မှတ်စုစာအုပ်၊ ဘောပင်။

**လှူဖွယ်ပစ္စည်းများအဖြစ်** - သင်္ကန်းပရိက္ခရာ၊ ထီး၊ ယပ်၊ ဖိနပ်များ၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ သင်ဖြူးဖျာနှင့် မြက်တမြက်စည်းများ၊ ငါးပိ၊ ငါးခြောက်၊ ပုဇွန်ခြောက်၊ လက်ဘက်စုံနှင့် ဟင်းခတ်မှုန့်များ၊ ဗုဒ္ဓဘာသာဆိုင်ရာ ကျမ်းစာအုပ်များ၊ ဘုရားဆင်းတု (ကျောက်စိမ်းမှအပ) တံကဲ၊ ပလ္လင် (သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ခွင့်ပြုချက်ပါရှိရမည်။ )

မှတ်ချက် - ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား၊ လက်ဝတ်ရတနာများ၊ တရားဥပဒေနှင့် ဆန့်ကျင်သော ပစ္စည်းများ ( စာအုပ်



ဗီဒီယိုခွေ စသည်များ ) လုံးဝယူဆောင်ရန် ခွင့်မပြုပါ။ ကင်မရာ၊ နာရီ စသည့် အဖိုးတန်ပစ္စည်းများ ယူဆောင်ဝတ်ဆင်သွားပါက ခရီးစဉ်တလျှောက် မိမိပစ္စည်းများကို ပျောက်ရှခြင်းမရှိစေရန် သိမ်းဆည်းထားရန်လိုပါသည်။ ဗီဒီယိုကင်မရာယူဆောင်သွားလိုပါက အကောက်ခွန်ဦးစီးဌာန၏ Export Certificate ပါရှိရပါမည်။

အထက်ပါ ယူဆောင်သွားမည့် ပစ္စည်းများသည် လက်ဆွဲအလေးချိန် ( ၁၀ ) ပေါင်၊ တန်ဆာပစ္စည်း အလေးချိန် (၄၄)ပေါင်ထက် ပိုမိုသယ်ယူခွင့်မရှိပါ။ ယူဆောင်သွားမည့် စုပေါင်းလှူဖွယ်ရာများ၊ ပစ္စည်းများအား အကောက်ခွန်ဦးစီးဌာနမှ ကြိုတင်စိစစ်နိုင်ရေးအတွက် ခရီးမထွက်မီ ( ၁ ) ရက် အလို ၁၂း၀၀ နာရီအရောက်၊ သာသနာရေးဝန်ကြီးဌာန (သို့) အောင်ချမ်းသာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့တည်ရာသို့ မိမိတို့ပစ္စည်းများကို လုံခြုံစွာထုတ်ပိုးသော့ခတ်၍ လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်တစ်ဦးနှင့်ဖြစ်စေ၊ သော့နှင့်အတူလာရောက် အစစ်ဆေးခံရပါမည်။ ပစ္စည်းများသည် သတ်မှတ်အလေးချိန်ထက် မကျော်လွန်စေရန်အတွက်လည်းကောင်း၊ မော်တော်ယာဉ်၊ တည်းခိုကျောင်းများတွင် အတင်အချပြုလုပ်ရာ၌ လျင်မြန်လွယ်ကူမှုရှိရန် အတွက်လည်းကောင်း၊ အောင်ချမ်းသာဘုရားဖူးအဖွဲ့မှ တူညီသောလက်ဆွဲအိတ်တစ်လုံးနှင့် လွယ်ရန်အိတ်ငယ်တစ်လုံးကို ဘုရားဖူးများအားထုတ်ပေးပါမည်။ ယင်းလက်ဆွဲအိတ်များဖြင့်သာပစ္စည်းများကိုယူဆောင်ရန်ဖြစ်ပါသည်။ လေဆိပ်တွင်ပစ္စည်းများ

www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို သက်ဆိုင်ရာက ထပ်မံစစ်ဆေးမည်ဖြစ်ပါသည်။ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်မှာ မိုင်ပေါင်းများစွာမော်တော် ယာဉ်ဖြင့်လှည့်လည် သွားလာရမည့်ခရီးစဉ်ဖြစ်၍ ဘုရားဖူး များသည် ခရီးမထွက်ခွာမီ ကျန်းမာရေးစစ်ဆေးပြီးလိုအပ် သည့်ဆေးဝါးများနှင့် အမြဲစားသုံးလေ့ရှိသော ဆေးဝါးများ တပါတည်း ယူဆောင်လာကြရမည်။

### သတင်းပို့ရန်နှင့်စုရပ်

ဘုရားဖူး သွားရောက်ခွင့်ရသော ဘုရားဖူးများသည် ပြည်ပ ခရီးထွက်ခွာနိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ရ ဖြစ်ပါ၍ ပါဝါပဲလေ့စ်ဟိုတယ် အမှတ်-၁၆၊ ပြည်သာယာ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ (တယ်လီ

အမှတ် - ၅၅၉၇၁၉၊ ၅၄၄၂၈၇၊ ၀၉- ၇၃၁၅၂၈၆၀၊
၀၉-၇၃၁၅၁၃၁၃၊ နှင့် ၀၉-၅၁၂-၈၆၂၁ ဖက်(စ်)၄၀၀
ကို ဆက်သွယ်ရပါမည်။

ဘုရားဖူးများ ခရီးမထွက်ခွာမီ ၂ ရက်အကြို ချိန်းဆို နာရီတွင်ကြိုတင်၍ သာသနာရေးဝန်ကြီးဌာနနှင့်အောင်ချမ်း ဘုရားဖူးအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များက ဘုရားဖူးများ အား တို့အား တွေ့ဆုံအမှာစကားပြောကြားမည်ဖြစ်ရာ ဘုရား များသည် သတ်မှတ်ထားသော နေ့ရက်နှင့်အချိန်တို့ မပျက်မကွက်လာရောက်ကြရပါမည်။



ထွက်ခွာမည့်နေ့တွင် အမျိုးသားများသည် အမျိုးသား ဝတ်စုံ (ခေါင်းပေါင်းမပါ)၊ အမျိုးသမီးများသည် ယောဂီဝတ်စုံ (အပေါ်အဖြူ+အောက်ယောဂီအရောင်) ဝတ်ဆင်ရမည်ဖြစ်ပြီး ထုတ်ပေးထားသော ယောဂီတဘက်နှင့် ရင်ထိုးတံဆိပ်များ တပ်ဆင်လာရန်ဖြစ်ပါသည်။ (အမျိုးသမီးများ အဖို့ ယောဂီ ဝတ်စုံ ၂ စုံအပိုရှိရန်လိုအပ်ပါသည်။)

### ရန်ကုန်လေဆိပ်မှထွက်ခွာခြင်း

လေယာဉ်သို့တက်ရာတွင် စနစ်တကျ တစ်ဦးပြီးမှတစ်ဦး တက်ရောက်ရန်နှင့် အလုအယက်တိုးဝှေ့တက်ရောက်ခြင်း မပြုရန် ဖြစ်ပါသည်။ လေယာဉ်ပေါ်တွင် သက်သတ်လွတ်အစားအစာ (သို့) သက်သတ်လွတ်မဟုတ်သော အစားအစာများ ကျွေးမွေးမည်ဖြစ်ရာ နှစ်သက်ရာကို စားသုံးနိုင်ပါသည်။ ဇွန်း၊ ခရင်း၊ ဒါး စသည်များနှင့် နားထောင်ရန် နားကြပ်များပေးထားပါက ယူခွင့်မရှိကြောင်း သတိပြုရပါမည်။ လေယာဉ်အမြင့်သို့ တက်ရာတွင် လေအားနည်း သွားသဖြင့် နားအူတတ်ပါသည်။ လိုက်လံဝေငှသော (Cotton)ခေါ် ချွမ်းထုပ်မှ ဝါဂွမ်းများဖြင့် နားတွင်ဆို့၍ သကြားလုံးများကိုငုံပြီး တွေးမျိုချရန် ဖြစ်ပါသည်။ လေယာဉ်ပေါ်တွင် အိမ်သာပါပြီး ခါးပတ်ပတ်ခိုင်းထားစဉ် ထမသွားပါနှင့်။ ခါးပတ်ပတ်ထားပါ။ ခါး

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဖြုတ်ခွင့်ပြုမှ သွားပါ။ လေယာဉ်စီးနေစဉ် လက်ကိုင်ဖုန်းပြော ခြင်း၊ ဗီဒီယိုကင်မရာရိုက်ခြင်း။ ရိုးရိုးကင်မရာရိုက်ခြင်းနှင့် ဆေးလိပ် သောက်ခြင်းလုံးဝ ခွင့်မပြုပါ။

မိမိလေယာဉ်လက်မှတ်မှာ F/S (Free Seat) ဆိုပါက ကြို ရာခုံတွင်ထိုင်နိုင်၍ ခုံနံပါတ်နှင့်ဆိုပါက သတ်မှတ်ခုံနံပါတ်နေရာ တွင်သာထိုင်ရပါမည်။

မိမိခြေရင်းတွင် အိတ်များ၊ အထုပ်များ ထားခွင့်မပြုပါ။ ခေါင်း ပေါ်တွင်သာ ထားရှိရပါမည်။

### အိန္ဒိယလေဆိပ်များတွင် သတိထားရန်အချက်များ

ကိုလ်းကတ္တား၊ ပတ္တနား၊ ဗုဒ္ဓဂယာ၊ ဒေလီ လေဆိပ်တို့ ကိုယ်နှင့်အတူယူလာသည့် လက်ဆွဲအိတ်ငယ်များကို ဓါတ်မှန် ကိရိယာထဲသို့ ဖြတ်သန်းစစ်ဆေးရာ ဓါတ်ခဲများ၊ ချွန်ထက်သော များပါဝင်ပါက အခက်အခဲတွေ့ရှိရပြီး ယင်းပစ္စည်းများကို ကိုယ် အတူဆောင်ယူခွင့်မပြုပါ။ ထိုပစ္စည်းများကို (Luggage) ပြုလုပ် လက်ဆွဲအိတ်ကြီးထဲသို့ ထည့်ထားရန် လိုအပ်ပါသည်။ မနိုင်မနင်း ပစ္စည်းများကို လက် ၂ ဖက်ဖြင့် မသယ်ယူရပါ။ လေဆိပ်တွ စက်လှေခါး အဆင်းအတက် ပြုလုပ်ရာ၌ အန္တရာယ်မဖြစ်ရန် အ ဂရုပြု သွားလာဆောင်ရွက်ရန် လိုပါသည်။

### တည်းခိုရေး

ဘုရားဖူးများသည် ခရီးစဉ်တလျှောက် အိန္ဒိယနိုင်ငံနှင့်နီ နိုင်ငံတို့ရှိ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများ၌ ညအိပ်တည်း



ကြရမည်ဖြစ်ပြီး ဘုရားဖူးအဖွဲ့ဝင် ဘုရားဖူးများမှလည်း မိမိတို့ စေတနာအလျောက်၊ လှူဒါန်းနိုင်ပါသည်။ ဘုန်းတော်ကြီးကျောင်း များတွင်တည်းခိုကြရာ၌ ကြီးကြပ်ရေးအဖွဲ့ကစီစဉ်ပေးသည့်အတိုင်း တည်းခိုကြရမည်ဖြစ်ပါသည်။

ညဉ့်အိပ်တည်းခိုမည့် ကျောင်းများတွင် အိပ်စက်ရန်အခန်း များကို အမျှတဆုံးဖြစ်အောင် သက်ကြီးရွယ်အိုများအား ဦးစားပေး ၍စီစဉ်သတ်မှတ်ပေးထားပါသည်။ တစ်ခါတစ်ရံ တည်းခိုသည့် ကျောင်းတစ်ကျောင်း၌ ကြိုတင်၍သတ်မှတ်ထားသည့် အခန်းမှာ အကြောင်း တစ်စုံတစ်ရာကြောင့် မအားလပ်ပါက အစားထိုးစီစဉ် ပေးမည်ဖြစ်ပါသည်။ အမျိုးသားဘုရားဖူးများအနေဖြင့် မိမိသား ချင်းများရှိရာ အမျိုးသမီးများစုပေါင်းတည်းခိုသည့်အခန်း/ခန်းမသို့ သွားရောက်ရာ၌ အခြားအမျိုးသမီးများ အနှောက်အယှက် မဖြစ်စေရန် ဂရုပြုစေလိုပါသည်။

### စားသောက်ရေး

ခရီးစဉ်တလျှောက် ဘုရားဖူးများ၏ စားသောက်ရေးကို သာသနာရေး ဝန်ကြီးဌာနမှ တာဝန်ပေးထားသော အောင်ချမ်းသာ ဘုရားဖူးအဖွဲ့က သက်ဆိုင်ရာဘုန်းကြီးကျောင်းများဖြင့် ညှိနှိုင်း၍ အစားအစာများကို ကျွေးမွေးမည်ဖြစ်သဖြင့် သင့်လျော်သောနံနက် စာ ( လက်ဖက်ရည်၊ ကော်ဖီ၊ မုန့် )၊ နေ့လည်စာ ( ထမင်း၊ဟင်း )၊ မွန်းလွဲစာ ( လက်ဖက်ရည်၊ ကော်ဖီ၊ မုန့် )နှင့် ညစာ ( ထမင်း၊ဟင်း ) တို့ကို ဘုန်းတော်ကြီးကျောင်းတွင်ဖြစ်စေ၊ လမ်းခုလတ် မော်တော် ယာဉ်ပေါ်တွင်ဖြစ်စေ၊ ကျွေးမွေးမည်ဖြစ်ပါသည်။

www.burmeseclassic.com



နေ့စဉ် နံနက်စာ၊ နေ့လည်စာ၊ မွန်းလွဲစာ၊ ညစာများ ကျွေးမွေးမည်ဖြစ်ရာ မိမိတို့ဆန္ဒအလျောက် အကြော်အလျော် ယူဆောင်နိုင်ပါသည်။ လမ်းခရီးနားသည့်နေရာများတွင် လမ်းဘေး ဈေးဆိုင်များမှ ဝယ်ယူစားသောက်သောအခါ အစားမမှားစေ သတိဖြင့် ဝယ်ယူစားသောက်ရန် အထူးလိုအပ်ပါသည်။

### လှည့်လည်ကြည့်ရှုခြင်းနှင့်ခရီးထွက်ခွါခြင်း

ဘုရားဖူးများသည် ဘုရားဖူးချိန်နှင့် ခရီးသွားချိန်တွင် မြန် အမျိုးသားဝတ်စုံနှင့် ယောဂီဝတ်စုံ ဝတ်ဆင်ရပါမည်။

အဖွဲ့ဖြင့်သွားလာသောခရီးဖြစ်ခြင်းကြောင့် ဘုရားဖူးမျ သည် သတ်မှတ်ထားသော ခရီးစဉ်များအရ ကြီးကြပ်ရေးအဖွဲ့ နေ့စဉ်သွားလာ စားသောက်ရေးအစီအစဉ်များကို လိုက်နာရမ ဖြစ်ပြီး အဖွဲ့မှခွဲထွက်၍ မိမိအစီအစဉ်ဖြင့် ဒေသတစ်ခုခုတွင် ထိုင်ခဲ့ခြင်း၊ ခွဲထွက်သွားခြင်း လုံးဝမပြုလုပ်ရပါ။

ဘုရားဖူးများအနေဖြင့် ခရီးလှည့်လည်စဉ် အဖွဲ့ဖြင့်ကွဲ ပါကနိုင်ငံခြားဒေသ၌ ဘာသာစကား၊ ဓလေ့ထုံးစံများမတူညီသ အလျောက်အခက်အခဲ တွေ့နိုင်ပါသည်။ အကယ်၍ ခွဲထွက်ပါ ခွဲထွက်သူ၏တာဝန်သာ ဖြစ်ပါသည်။ ထို့ပြင်ဒေသတစ်ခုသို့ ထွ ခွါရန် သတ်မှတ်သည့်အချိန်တွင် ကျန်ရှိခဲ့ပါက တာဝန်ယူမည် ဟုတ်ပါ။

ခရီးစဉ်တလျှောက်တွင် မော်တော်ယာဉ်ကြီးဖြင့် သွားလာ မည်ဖြစ်၍ ထိုင်ခုံနေရာတွင် အသက်အရွယ်အလိုက် သတ်မှ ထားသောထိုင်ခုံများ၌သာ ထိုင်ရပါမည်။ ဘုရားဖူးများအချင်းချ သဘောတူညီချက်နှင့် လဲလှယ်ထိုင်နိုင်ပါသည်။



ခရီးထွက်ခွါသောနေ့များ၌ သတ်မှတ်ထားသည့်အချိန်များ အချိန်မီအိပ်ရာမှထ၍ မော်တော်ယာဉ်များတွင် သတ်မှတ်သည့် ထိုင်ခုံ၌နေရာယူရန် ဖြစ်ပါသည်။ လှည့်လည်ကြည့်ရှုရာတွင် အုပ်စု အလိုက်၊ ကြည့်ရှုနိုင်ပါသည်။ တစ်ဦးချင်းလှည့်လည် ကြည့်ရှုသော အခါ လမ်းမမှားစေရန် အချိန်မီပြန်ရောက်ရန်လိုအပ်ပြီး ကျန်ရှိ ခဲ့ပါက ကြည့်ရှုသူ၏တာဝန်သာ ဖြစ်ပါသည်။

ခရီးစဉ်တလျှောက် ခရီးလှည့်လည်ရာတွင် ဘုရားဖူးများကို ခေါ်ဆောင်၍ လိုက်လံပို့ဆောင်မည့် ကြီးကြပ်ရေးအဖွဲ့က ရောက်ရှိ သည့်ဒေသများ၏ အကြောင်းအရာနှင့် ဗုဒ္ဓဖြစ်စဉ်များကို ရှင်းလင်း ပြောကြားမည်ဖြစ်ပါသည်။

ဤခရီးစဉ်မှာ ဘုရားဖူးခရီးစဉ်သာဖြစ်၍ ဈေးဝယ်ရန်စီစဉ် ထားသောခရီးစဉ် မဟုတ်ပါ။ မိမိသဘောအလျောက် ဈေးဝယ်ထွက် ရာတွင် ဖြစ်ပေါ်လာသော ပြဿနာများအတွက် မိမိတာဝန်သာ ဖြစ်ပါသည်။ ပစ္စည်းများ အဆမတန်ဝယ်၍အပြန် လေဆိပ်၌ သတ်မှတ်ပေါင်ချိန်ထက်ပိုပြီး ပေါင်ပိုပေးရပါက သက်ဆိုင်ရာ ဘုရားဖူးမှ ကျခံရပါမည်။

ဘုရားဖူးများပေးသွင်းသော ခရီးစဉ်အတွက် ကျသင့်ငွေများ မှာ ရန်ကုန်-အိန္ဒိယ-ရန်ကုန် အသွား/အပြန် လေယာဉ်ခ၊ နီပေါ နိုင်ငံဗီဇာကြေး၊ ရန်ကုန်လေဆိပ်ခွန်၊ အိန္ဒိယလေဆိပ်ခွန်၊ လှည့်လည် ပြသရန် မော်တော်ယာဉ်ငှားရမ်းခများ၊ ဘုန်းတော်ကြီးကျောင်း များ၌ တည်းခိုနေထိုင်စရိတ်၊ အိုးခွက်ပန်းကန်ခွက်ယောက်များ အတွက်ကုန်ကျငွေ၊ စားသောက်စရိတ်၊ အိပ်ရာ, ခြင်ထောင်များ သယ်ဖွပ်ခနှင့် သယ်ယူခ၊ အထွေထွေအလုပ်သမားစရိတ်၊ အိန္ဒိယ

www.burmeseclassic.com

www.burmeseclassic.com



နှင့်နီပေါနိုင်ငံအတွင်း ကုန်ကျမည့် ဝန်ဆောင်ကြေးများ၊ ဘုန်းတော
ကြီးကျောင်းများသို့ လှူဒါန်းငွေ၊ နိုင်ငံကူးလက်မှတ်နှင့် ပုံစံ (၁၉
ပုံစံ ဒီပုံစံ၊ အကောက်ခွန်ဌာနများအတွက် ကုန်ကျငွေများ၊ ရန်ကု
လေဆိပ် ကြို/ပို့ခနှင့် ပစ္စည်းတင်/ချခ၊ ခရီးစဉ်အလိုက်ကြီးကြ
သူများအတွက် ခရီးစရိတ်နှင့် စားသောက်စရိတ်များ ပါဝင်ပါသည်
သို့ရာတွင် ရပ်ဝေးမြေခြား တိုင်းတပါး၌ သွားလာနေစဉ် မတေ
တဆထိခိုက် ဒဏ်ရာရမှုအတွက်လည်းကောင်း၊ မခန့်မှန်းနိုင်သေ
ကိစ္စပေါ်ပေါက်လာခဲ့လျှင် သော်လည်းကောင်း၊ ဆေးကုသမှုဆိုင်ရ
အသုံးစရိတ်သည် ဘုရားဖူးခရီးသည်၏ ကိစ္စသာဖြစ်ပါသည်။
စရိတ်စက မပါဝင်ပါ။

ဘုရားဖူးများ စုပေါင်းကောက်ခံရရှိသည့် အလှူငွေများဖြ
ညဥ့်အိပ်တည်းခိုမည့်၊ ကုလ်းကတ္တား၊ ရာဇဂြိုဟ်၊ ဗုဒ္ဓဂယာ၊ မိဂဒ
ဝုန်၊ သာဝတ္ထိ၊ လုမ္ဗိနီ၊ ကုသိနာရုံ တို့ရှိဘုန်းတော်ကြီးကျောင်းများနှ
နာလန္ဒာတက္ကသိုလ်ရှိ မြန်မာစာသင်သား သံဃာတော်များအတွ
အဓိကထား၍ လှူဒါန်းနိုင်ပါသည်။ ဘုန်းတော်ကြီးကျောင်းမျာ
အတွက် အဓိကလိုအပ်သည်မှာ ဝတ္ထုငွေသာဖြစ်ပါသည်။

နိုင်ငံတော်အစိုးရက တည်ထားကိုးကွယ်သည့် လုမ္ဗိနီရှိ လော
ကမဏိစူဠာစေတီတော်နှင့် သာသနိကအဆောက်အဦးမျာ
အတွက်လည်း လှူဒါန်းနိုင်ပါသည်။ လောကမဏိစူဠာစေတီတော
တွင်လိုအပ်သည့်ငွေ၊ ပစ္စည်းများကို တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်
ဖြစ်စေလှူဒါန်းနိုင်ပါသည်။

လှူဒါန်းမည့်ပစ္စည်းများကို တစ်နေရာစီအတွက် အထုပ်ကြ
(သို့)အထုပ်သေး တစ်ခုစီသာ သယ်ယူသွားရန် ဖြစ်ပါသည်။ ယ
ပစ္စည်းများကို အလှူရှင်အမည်နှင့် လိပ်စာများရေးထိုးပေးပါ



အဆောင်ပြေ ကောင်းမွန်ပြီး ရန်ကုန်မှမထွက်ခွာမီ ( ၃ ) ရက်အလို
အောင်ချမ်းသာ ဘုရားဖူးအဖွဲ့သို့ လာရောက်ပေးအပ်ရန် လိုပါ
။ ပစ္စည်းများမလှူဒါန်းဘဲ ငွေလှူဒါန်းလိုပါကလည်း လှူဒါန်း
ပါသည်။

သံဝေဇနိယ လေးဌာနနှင့် ဗုဒ္ဓဝင် နေရာတော်များရှိရာ
ည်းခိုမည့် မြန်မာဘုန်းတော်ကြီးကျောင်း ( ၈ )ကျောင်းနှင့်
ရောက်ရှိသော ( ၇ ) ကျောင်းဖြစ်၍ စုစုပေါင်း ( ၁၅ ) ကျောင်း
ပါသည်။ မြန်မာသံဃာတော်များသည် မြန်မာဘုရားဖူးများအား
သဟဲပြုနေကြရပါသည်။ သို့ဖြစ်ပါ၍ ၎င်းကျောင်း ( ၁၅ )
ကျောင်း၌ လှူဖွယ်ပစ္စည်းများ လှူဒါန်းနိုင်ရေးအတွက် တိုက်တွန်း
ဆော်အပ်ပါသည်။ လှူဒါန်းလိုသည့် ပစ္စည်းများအား ခရီးမ
ထွက်ခွါမီ ( ၁ )ရက်အလို အကောက်ခွန်ဌာနမှပစ္စည်းများ စစ်ဆေး
အမိ သာသနာရေးဝန်ကြီးဌာန၊ အောင်ချမ်းသာ ဘုရားဖူးအဖွဲ့
သို့ဆောင်ရပါမည်။

တစ်ဦးချင်းလှူဒါန်းသူ၏ လှူဖွယ်ဝတ္ထုများကို သတ်မှတ်ပေး
သည့်အိတ်များဖြင့်သာ သယ်ယူခွင့်ပြုပါသည်။ လူကြုံပေးပစ္စည်းများ
နှင့်လှူဖွယ်ပစ္စည်းများကို သီးခြားအထုပ်ဖြင့် ယူဆောင်သွားမည်
ဖြစ်ပါက အောင်ချမ်းသာ အဖွဲ့၏ ခွင့်ပြုချက်ကို တောင်းခံရန်လိုပါ
သည်။

ကင်မရာနှင့် ဗီဒီယိုယူခဲ့လျှင် တချို့နေရာများ၌ ကိုင်ဆောင်
အခွန်ကို သက်ဆိုင်သူဘုရားဖူးက ပေးရပါမည်။ တားမြစ်ထား
သည့်နေရာများ၌ ဘိနပ်မစီးရ၊ ဘိနပ်မယူရပါ။ ဗုဒ္ဓဂယာ မဟာ
ဘောဓိပင်ခြေရင်းရှိ မြေမတူးရပါ။ ညောင်ရွက်လည်းမခူးရပါ။

www.burmeseclassic.com

www.burmeseclassic.com



ခရီးသည်များ အန္တရာယ်ကင်းစွာ သွားလာကြစေနိုင်ရန် ဗာရာဏသီ၊ ကိုလ်းကတ္တား၊ ပတ္တနား စသည့်မြို့များတွင် ဈေးဝယ် ထွက်ရန် မသွားလာသင့်ပါ။

မိမိကိုယ်ပိုင် ယူဆောင်သွားသော ဗွီဒီယိုကင်မရာ၊ ဓါတ်ပုံ ကင်မရာနှင့် အခြားပစ္စည်းပစ္စယများကို မပျောက်ပျက်ရအောင် ထိန်းသိမ်း ကိုင်တွယ်ရန်လိုအပ်ပါသည်။ ပစ္စည်းများပျောက်ဆုံးမှု ကိစ္စအဝဝကို အောင်ချမ်းသာ ဘုရားဖူးအဖွဲ့မှ လိုက်လံဆောင်ရွက် ပေးနိုင်မည် မဟုတ်ပါ။ မိမိတာဝန်သာဖြစ်ပါသည်။

ဘုရားဖူးများသည် ခရီးစဉ်တွင် ရဟန်းခံခြင်း၊ ရှင်ပြုခြင်း၊ သီလရှင်ဝတ်ခြင်း စသည့်ကုသိုလ်ကောင်းမှုများ ပြုလုပ်လိုပါက ခရီး မထွက်ခွါမီ အောင်ချမ်းသာဘုရားဖူးအဖွဲ့သို့ ကြိုတင်တင်ပြထား ပါမည်။ ယင်းကိစ္စရပ်များအတွက် သက်ဆိုင်ရာ ဘုန်းတော်ကြီး ကျောင်းနှင့် ညှိနှိုင်းစီစဉ်ရပါမည်။

ခရီးစဉ်တလျှောက်တွင် ကြီးကြပ်ရေးအဖွဲ့၏ အစီအစဉ် ဆောင်ရွက်မှုများ၊ အခါအားလျော်စွာသတ်မှတ်ထားသောစည်းကမ်း ချက်များကို လိုက်နာရပါမည်။ မိမိအတွက် ဘုရားဖူးတဖွဲ့လုံးအ နှောက်အယှက်၊ အခက်အခဲ၊ ကြန့်ကြာမှုများမဖြစ်စေရန်၊ အထူးဂရု ပြုဆောင်ရွက်ရပါမည်။

ဘုရားဖူးခရီးလှည့်လည်စဉ် မိမိတိုင်းပြည်၊ လူမျိုးနှင့် ဂုဏ် သိက္ခာကို အထူးအလေးအနက်ထား၍ ထိန်းသိမ်းစောင့်ရှောက်ကြ ရပါမည်။ ဝတ်စားဆင်ယင်မှုနှင့် အနေအထိုင်အပြောအဆို စသည် များကို မြန်မာယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံနှင့်အညီ လိုက်နာ ဆောင်ရွက်ရပါမည်။ ဤခရီးစဉ်မှာ ဗုဒ္ဓမြတ်စွာဘုရား၏ သမိုင်းဝင်



ရနေရာတော်မြတ်များကို ကြည့်ရှုပြီး ကြည်ညိုရန်အဓိကဖြစ်ပါ ဖြင့် မွန်မြတ်သည့်ရည်ရွယ်ချက်နှင့် ဆန့်ကျင်သောလုပ်ရပ်များကို အထူးရှောင်ကြဉ်ကြရပါမည်။

ဘုရားဖူးခရီးသည် အချင်းချင်းမိသားစု စိတ်ဓါတ်ဖြင့်အရာ သိမ်း ရိုင်းပင်းကူညီဆောင်ရွက်ရပါမည်။ တစ်ဦးနှင့်တစ်ဦးလည်း များအယွင်းရှိပါက မေတ္တာရှေ့ထား၍ ခွင့်လွှတ်သည်းခံကြရန် ပါသည်။

ဘုရားဖူးများ ရန်ကုန်မှ ယူဆောင်သွားမည့် ပစ္စည်းများနှင့် ပြန်တွင် ယူဆောင်လာမည့် ပစ္စည်းများအားလုံးကို ရန်ကုန် ဆိပ်တွင် သက်ဆိုင်ရာက စစ်ဆေးမည်ဖြစ်၍ တရားဥပဒေနှင့် ဆန့်ကျင်သည့် ပစ္စည်းများနှင့်သက်ဆိုင်ရာက ယူဆောင်ခြင်းမပြုရန် ားမြစ်ကန့်သတ်ထားသည့် ပစ္စည်းများကို လုံးဝယူဆောင်ခြင်း ပြုရန် အထူးအသိပေးအပ်ပါသည်။ တစ်ပါးသူမှ လူကြုံပေးသော ည်းများယူဆောင်လာပါက နိုင်ငံတော်နှင့် မဆန့်ကျင်သော ည်းဖြစ်ကြောင်း သေချာစွာစိစစ်ပြီးမှ ယူဆောင်သင့်ပါသည်။ နိုင်ငံတော်အစိုးရ စည်းကမ်းနှင့်ဆန့်ကျင်သော နိုင်ငံရေး၊ စီးပွါးရေး များအပါအဝင် မည်သည့်ကိစ္စအဝဝကိုမျှ ဆောင်ရွက်ခွင့်မရှိပါ ကြောင်းအသိပေးအပ်ပါသည်။

မဇ္ဈိမဒေသဘုရားဖူးခရီးစဉ်တွင် လိုက်ပါရန်အထူးဆန္ဒ ပြင်းပြခြင်း၊ ကုန်ကျမည့်ငွေကြေးတတ်နိုင်ခြင်း၊ ကျန်းမာရေးနှင့် ညွတ်ခြင်း၊ သွားရောက်ရန် အချိန်အခါပေးခြင်းစသော အကြောင်း ကျိုးတရား တိုက်ဆိုင်မှုသာ ရနိုင်သည့်အခွင့်အလမ်း တစ်ရပ် ပါသည်။ သို့ဖြစ်ပါ၍ ရခဲလှသည့် အခွင့်အလမ်းကို ပေါ့ပေါ့

www.burmeseclassic.com



တန်တန်သဘောမထားပဲ အလေးအနက် တန်ဖိုးထားရန် လိုအပ်ပါသည်။ သို့ပါ၍ မဇ္ဈိမဒေသ ဘုရားဖူးခရီးစဉ်သည် သာမန်အလည်အပတ် ခရီးစဉ်မျိုးမဟုတ်၊ သာမန် ဒေသန္တရ ဗဟုသုတရှာမှီးရန်သွားခြင်းမဟုတ်ပါ။ မိမိတို့၏ ကျေးဇူးရှင်မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးနှင့်သက်ဆိုင်သည့် ဗုဒ္ဓဝင်နေရာများသို့သွား၍ ဗုဒ္ဓါနုဿတိဂုဏ်ကိုပွါးများရန် သတိသံဝေဂယူရန်သာ ဖြစ်သည်ကို အလေးအနက်နှလုံးသွင်းကြရန် လိုအပ်ပါသည်။

ဘုရားဖူးခရီးစဉ်များသည် နီပေါနိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့ဖြစ်ရာ တိုင်းပြည်ခြားသည်နှင့်အမျှ လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှုယုံကြည်ချက်၊ ခံယူချက်၊ သိနားလည်မှုနှင့် ဓလေ့ထုံးစံများခြားနားမှုရှိသည်ကို ဘုရားဖူးများအနေဖြင့် အထူးသတိပြုရန် လိုအပ်ပါသည်။ ဘုရားဖူးခရီးစဉ်တွင် အခြေအနေအမျိုးမျိုး အကြောင်းအရာအဖုံဖုံတို့ကို တွေ့ကြုံကြရမည်ဖြစ်ပါသည်။ လူမျိုးကွဲဘာသာတူတို့ အမူအကျင့်၊ လူမျိုးတူဘာသာကွဲတို့၏ အမူအကျင့်များ၊ လူမျိုးတူဘာသာတူဖြစ်သော်လည်း ယုံကြည်ယူဆချက်သိနားလည်မှု မတူသူတို့၏အမူအကျင့်များစသည့် အတွေ့အကြုံများ တွေ့ကြုံကြလိမ့်မည်ဖြစ်ပါသည်။ ယင်းအခြေအနေမျိုး၌ ဘုရားဖူးများအနေဖြင့် ဗုဒ္ဓဘာသာဝင် သူတော်စင်များပီသစွာ နိုင်ငံနှင့်လူမျိုးတို့၏ ဂုဏ်သိက္ခာများနှင့် သာသနာရေးဝန်ကြီးဌာန၏ ဂုဏ်သိက္ခာကိုထိန်းသိမ်း၍ယဉ်ကျေးသော၊ အဆင့်အတန်းမြင့်သော၊ နိုင်ငံကြီးသားပုဂ္ဂိုလ်များဖြစ်ကြောင်းပေါ်လွင်အောင် သွားလာနေထိုင်ပြုမူကြရန် အထူးလိုအပ်ပါသည်။

ထို့ပြင် မဇ္ဈိမဒေသ ဘုရားဖူးခရီးစဉ်မှာ အစုအဖွဲ့ဖြင့် စနစ်တကျအစီအစဉ်ချ၍ သွားရသောခရီးဖြစ်၍ မိမိတို့၏ ပုဂ္ဂလိကဆန္ဒ



တန်းမတင်ဘဲ အများအကျိုးကို ရှေးရှု၍သတ်မှတ်ထားသော
စည်းကမ်းများအတိုင်း အတိအကျလိုက်နာကြရန်လည်း
လိုအပ်ကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။ စားသောက်
သာနေထိုင် တည်းခိုကြရာ၌ ချို့ယွင်းချက်များ၊ အားနည်းချက်၊
င်မပြေမှုများ ကြုံတွေ့ရလျှင်လည်း နားလည်မှုရှိစွာဖြင့် ခွင့်
သည်းခံရန် တိုက်တွန်းအပ်ပါသည်။

လေယာဉ်ဖြင့် သွားလာရာတွင် လေယာဉ်ခရီးစဉ်ပယ်ဖျက်
ထွက်ခွါချိန်ရွှေ့ဆိုင်းခြင်း၊ စသည့်အခြေအနေများ ကြုံတွေ့
သည်။ ထို့အတူ မော်တော်ယာဉ်ဖြင့် သွားလာရာတွင် လမ်း
ပေါက်ခြင်း၊ စက်ချို့ယွင်းခြင်း၊ စသည့်ဖြစ်ရပ်များ လမ်းခရီး
ပိတ်ဆို့မှုများ၊ ရာသီဥတုဆိုးဝါးမှုများ၊ အတားအဆီးဂိတ်များ
အခြားအနှောက်အယှက်များကို ကြုံတွေ့ရတတ်ပါသည်။ ဤ
နှောက်အယှက်များ လုံးဝကြုံတွေ့ခြင်းမရှိပဲ ချောမောအဆင်ပြေ
နိုင်ရန်အတွက် ခရီးစဉ်တလျှောက်လုံး ပရိတ်တရားတော်များ
ခြင်း၊ ရွတ်ဖတ်ခြင်းများ ပြုလုပ်ရန်၊ ရတနာသုံးပါးအား အာရုံ
မပြတ်ထား၍ သွားလာရန် အထူးတိုက်တွန်းပါသည်။

**********

www.burmeseclassic.com

www.burmeseclassic.com



## '' ၈။ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံရှိ မြန်မာဘုန်းတော်ကြီးကျောင်းများနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်များ''

| စဉ် | တည်နေရာ | အမည် | ဖုန်းနံပါတ် |
|---|---|---|---|
| ၁ | ဗုဒ္ဓဂယာ (မြန်မာကျောင်း) | ဦးဉာဏိန္ဒ<br>ဦးတေဇိန္ဒ | ၀၀၉၁-၆၃၁၂၂၀၀၇၂<br>၀၀၉၁-၉၉၃၄၄၃၂<br>၀၀၉၁-၉၉၃၄၄၃၂ |
| ၂ | ဗုဒ္ဓဂယာ ဗောဓိမဏ္ဍိုင်သာ (မြန်မာကျောင်းသစ်) | ဦးစန္ဒမုနိ<br>ဦးဝံသပါလ | ၀၀၉၁-၉၉၃၄၆၆၉၁<br>၀၀၉၁-၉၇၇၁၈၈၁၉ |
| ၃ | မိဂဒါဝုန် (မြန်မာကျောင်း) | ဦးဝဏ္ဏဓဇ<br>ဦးပညာစက္ကု<br>ဦးဉာဏဗလ | ၀၀၉၁-၉၄၅၀၉၆၅<br>၀၀၉၁-၉၄၅၀၅၂၇၄<br>၀၀၉၁-၉၄၅၀၉၆၅ |
| ၄ | သာဝတ္ထိ (မြန်မာကျောင်း) | ဦးဩဘာသ<br>ကျောင်း | ၀၀၉၁-၉၇၉၃၁၃၅၆<br>၀၀၉၁-၅၂၅၂၂၆၅၂ |
| ၅ | လုမ္ဗိနီ (နီပေါ) (မြန်မာကျောင်း) | ဦးကောဝိဒ(ကျောင်း)<br>ဦးစီးတာဝန်ခံ | ၀၀၉၇၇၇၁-၅၈၀၀၇၉<br>၀၀၉၇၇-၉၈၀၇၄၃၉ |
| ၆ | ကုသိနာရုံ (မြန်မာကျောင်း) | ဦးဉာဏိဿရ<br>(တိုက်အုပ်)ဦးနန္ဒက | ၀၀၉၁-၉၉၁၈၆၈၅၃<br>၀၀၉၁-၉၉၃၅၈၃၉၄ |
| ၇ | ပတ္တနား (မြန်မာကျောင်း) | ဦးဝိလာသတ္တ<br>ကျောင်း | ၀၀၉၁-၉၉၃၁၆၆၀၅<br>၀၀၉၁-၉၉၃၅၈၃၉၄ |
| ၈ | နာလန္ဒာ | နာလန္ဒာတက္ကသိုလ် | ၀၀၉၁-၆၁၁၂၂၈၁၈၉၇ |
| ၉ | နာလန္ဒာ (တရုတ်ကျောင်း) | ဦးပညာလင်္ကာရ<br>(တိုက်အုပ်)ဦးနန္ဒက | ၀၀၉၁-၆၁၁၂၂၈၁၈၀၈<br>၀၀၉၁-၉၉၃၁၈၁၆၀၅၆ |
| | ရာဇဂြိုလ် (မြန်မာကျောင်း) | ဦးဇယန္တ | ၀၀၉၁-၆၁၁၂၂၂၅၀၂၄<br>၀၀၉၁-၉၄၃၀၄၄၄၈၉၉<br>၀၀၉၁-၉၄၃၀၄၉၀၁၀၆ |
| ၁၀ | ဗုဒ္ဓဂယာ (မဟာအောင်မြေ) | ဦးဇဝန<br><br>ဦးသုနန္ဒရ | ၀၀၉၁-၆၃၁၂၂၀၀၆၇၁<br>၀၀၉၁-၉၉၇၃၄၅၄၅၀၃<br>၀၀၉၁-၉၉၃၄၀၅၅၀၅၄ |



မှတ်ချက်။ ။ မြန်မာပြည်မှ အိန္ဒိယနိုင်ငံသို့ ဖုန်းဆက်သည့်ပါက ရှေ့မှ သုည (၀)တစ်လုံးဖြုတ်၍ ရှေ့မှ (၀)အစား ၀၀၉၁ ထည့်၍ မိမိဆက်လိုသည့်နံပါတ်များ ထည့်၍ဆက်ပါ။ အိန္ဒိယနိုင်ငံအတွင်း ဖုန်းခေါ်ဆိုပါက ၀၀၉၁ အစား (၀) ထည့်၍ ဆက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



( ဒုတိယပိုင်း )

## " စကားအမှာပါးစရာ "

မဇ္ဈိမဒေသ သံဝေဇနီယလေးဌာနနှင့် မြတ်ဗုဒ္ဓ၏ ဗုဒ္ဓဝင်နေရာတော်မြတ်များဖြစ်ကြသော လုမ္ဗိနီ၊ ဗုဒ္ဓဂယာ၊ မိဂဒါဝုန်၊ ကုသိနာရုံနှင့် ရာဇဂြိုလ်၊ သာဝတ္ထိ၊ ဝေသာလီနေရာတော်မြတ်များသို့ ရောက်ရှိကြရာတွင် သက်တော်ထင်ရှား မြတ်ဘုရားအားမှန်းဆ၍ ကြည်ညိုပူဇော်ရန် ရွတ်ဖတ်လိုသော သုတ်တော်ပရိတ်တော်တို့မှာ များပြားလှပါသည်။ ရတတ်သမျှသော အချိန်တိုလေးအတွင်း နေရာစုံလင်အောင်လည်း ရွတ်ဖတ်ပူဇော်လိုကြသည်။ သို့သော် အချိန်အတိုင်းအတာနည်းပါးသဖြင့် အပြည့်အစုံရွတ်ဖတ်ရန် မလွယ်ကူပါ။ ဘုရားဖူးများတို့တွင် ပရိတ်စာအုပ်၊ ဘုရားရှိခိုးစာအုပ်ကလေးများ ပါလာတတ်သော်လည်း ရသည့်အချိန်အတွင်း ရောက်ရှိနေရာနှင့် အံဝင်ခွင်ကျ ထိထိမိမိ အကျိုးရှိရှိအာရုံရရဖြင့် ပူဇော်နိုင်ရန် အလွတ်မရသောပရိတ်တော်များ၊ ဘုရားရှိခိုးများကို စာအုပ်များတွင် လှန်လှောရှာဖွေကြရပါသည်။ ရွတ်ဖတ်ခါနီး ရှာဖွေနေကြရသဖြင့် အချိန်ကုန်ပြီး နှောင့်နှေးကြန့်ကြာခဲ့ကြရပါသည်။ ထိုသို့ ရှာဖွေရာ၌ မိမိစာအုပ်တွင် လိုအပ်သောဘုရားရှိခိုး ပရိတ်တော်များ ပါချင်မှပါပေမည်။ ထိုအခါ ရသည့်အချိန်တိုအတွင်း အလျဉ်းသင့်သလို ရွတ်ဖတ်ပူဇော်သွားကြရသည်။ စိတ်ထဲအပြည့်အဝကျေနပ်မှု မရနိုင်တော့ပေ။ ဥပမာအားဖြင့် ရာဇဂြိုဟ်ရှိ ဂိဇ္ဈကုဋ်တောင်ထိပ်ကျောင်းတော်ရာနေရာတွင် ပရိမိတ္တဇာလသုတ်ဖြင့် ပူဇော်ချင်သော်လည်း အလွတ်ကလည်းမရ။ မိမိစာအုပ်တွင်လည်း ပရိမိတ္တဇာလသုတ်မပါခဲ့လျှင် ရွတ်ဖတ်ပူဇော် ခွင့်မရ၍ စိတ်တိုင်းမကျဖြစ်တတ်ပါသည်။



ဤသံဝေဇနီယဌာနနှင့် ဗုဒ္ဓဌာနနေရာတော်များသို့ ဘုရားဖူးခရီးသည်များ ခရီးစဉ်အတိုင်းရောက်ရှိသည့် မြတ်ဗုဒ္ဓ၏နေရာတော်ဌာနများတွင် အချိန်မလစ်ဟင်းစေဘဲ နေရာဌာနနှင့် လိုက်လျောညီညွတ်စွာအာရုံမိမိအံဝင်ခွင်ကျ ရွတ်ဖတ်ပူဇော်နိုင်ကြရန် ရည်ရွယ်၍ ဤစာစောင်ကိုပြုစုပါသည်။

ယခင် သာသနာရေးဝန်ကြီးဌာနမှ တွဲဖက်ညွှန်ကြားရေးမှူး (ငြိမ်း) ဦးတင်ဦးပြုစုသော ဗုဒ္ဓဂယာပဒေသာ ဘုရားရှိခိုး စာအုပ်မှာလည်းရှာမရအောင် ရှားပါးနေပြီဖြစ်သဖြင့် ယခုတဖန်ဘုရားဖူးများအတွက်အကျိုးများစေရန် ယခုစာအုပ်ငယ်လေးအား စီစဉ်ရခြင်းဖြစ်ပါသည်။

ယခု စာအုပ်ပြုစုရာတွင် ဘုရားဖူးစတင်ထွက်ခွာချိန်မှစ၍ ဗုဒ္ဓဂယာမိဂဒါဝုန်၊ ကုသိနာရုံတို့တွင် စီတန်းလှည့်လည်၍ အများစုပေါင်းရွတ်ဆိုရန် အစီအစဉ်ဖြင့် စတင်ထားပါသည်။ ထို့ပြင် လေယာဉ်စီးရာ၊ ကားယာဉ်စီးရာ၊ ခြေလျှင်ခရီးများသွားလာစဉ် အန္တရာယ်ကင်းစေရန် ရွတ်ဖတ်သရဇ္ဈာယ်ရမည့် ဂါထာတော်တို့ကိုလည်းရှာဖွေဖော်ပြထားပါသည်။

ဘုရားရှိခိုးအမျိုးမျိုးဆိုသည့်အတိုင်း ကန်တော့ချိုး မူကွဲအမျိုးမျိုးရှိရာ မူမှန်ဖြစ်သောနိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏မူကြိုကာသကန်တော့ချိုးဖြင့် ရိုသေမြတ်နိုးရှိခိုးနိုင်ကြစေရန် ဖော်ပြထားပါသည်။အထူးသဖြင့် နေရာဌာနအလိုက် မြတ်ဗုဒ္ဓဂုဏ် နှလုံးထုံလျက် ကြည်ညိုမြတ်နိုး၊ ရှိခိုးနိုင်ကြစေရန် ဗုဒ္ဓဂယာနေရာတွင် သယ်တီဆရာတော် ဘုရားကြီး၏ သတ္တဌာနဘုရားရှိခိုးအပြင် ဆရာတော်ဦးဇယန္တ၏ သတ္တဌာနဘုရားရှိခိုးကိုလည်း ရှာဖွေဖော်ပြ

www.burmeseclassic.com

www.burmeseclassic.com



ပေးထားပါသည်။ ကျေးဇူးတော်ရှင်၊ သက်တော်ရှည်ရွှေကျင် သာသနာပိုင် ရွှေဟင်္သာဆရာတော် ကြီးအားပူဇော်သော အနေဖြင့် ဆရာတော်ကြီး ကိုယ်တော်တိုင် ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်တွင် ရေးသားပူဇော်ရွတ်ဆိုတော်မူခဲ့သော သံဝေဇနီယလေးဌာန ဘုရား ရှိခိုးကိုလည်း ရှာဖွေဖော်ပြထားပါသည်။ ထို့ပြင် ဘုရားအဆူဆူ တိုင်းတို့၏ ဘဂဝါဇိနအရှင်၏ တဏှာရှိသမျှ စင်သည့် အပရာဇိတ ပလ္လင်အနီး ဗောဓိပင်ရှိခိုးကိုလည်း ပရိဘောဂစေတီအဖြစ် မှန်းဆ ကြည်ညိုသဒ္ဓါပို၍ ရှိသေမြတ်နိုးရှိခိုးနိုင်ရန် ဖော်ပြထားပါသည်။ နာလန္ဒာ တက္ကသိုလ်ဟောင်းကြီးရောက်ခိုက် အရှင်သာရိပုတ္တရာ၏ စေတီတော်တွင် ရှိခိုးရန်လည်း ဖော်ပြထားပါသည်။ မြတ်ဗုဒ္ဓ၏ နိဗ္ဗာန်ရွှေဘုံ ခိုဝင်လှုံရာ ကုသိနာရုံ၌မြတ်ဗုဒ္ဓ၏ ဓါတ်တော်များ ကျန်ရစ်သည်ကို ရည်မျှော်တမ်းတ၊ လွမ်းမဝစွာနှင့် ဖူးကြစေရန် စိတ်ရည်သန်၍ ဓါတ်တော်ရှိခိုးကိုလည်း ထပ်မံဖော်ပြထားပါသေး သည်။

အတတ်နိုင်ဆုံး၊ အပြည့်ဝဆုံးဖြစ်အောင် ကြိုးပမ်းအားထုတ် ထားသော်လည်း ချို့ယွင်းချက်များ တွေ့ရှိပါက ဝေဖန်ထောက်ရှု စာနာမှုဖြင့် လမ်းညွှန်ပြသဆိုဆုံးမရန် မေတ္တာရပ်ခံအပ်ပါသည်။

ပရိတ်တော်များ ရွတ်ပွါးပူဇော်ကုသိုလ်တော်ယူကြရာတွင် မိမိနှုတ်တိုက် အလွတ်ရွတ်ဆို ပူဇော်နိုင်သော ပရိတ်တော်များလည်း ပါဝင်ပါမည်။ သို့ရာတွင် အကျိုးရှိရှိ ထိထိမိမိရှိကြစေရန် ပူဇော်နိုင် ရန်အတွက် အလွတ်ရသောပရိတ်တော်များကိုလည်း အလွတ်မရွတ် မူ၍ စာအုပ်ကိုကြည့်ကာ ပုဒ်, ပါဠိ အက္ခရာ မှန်ကန်ပီသစွာ ရွတ်ဆို ကြည်ညိုကြရန် အကြံပြုလိုပါသည်။



စာရေးသူကိုယ်တိုင် ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် တလျှောက် တွင် အလွတ်ရွတ်ဆိုနိုင်သော ပရိတ်တော်များကို အလွတ်မရွတ် ဘဲ စာအုပ်ကိုကြည့်ရှုရွတ်ဖတ် ပူဇော်ခဲ့ရခြင်းအတွက် အကျိုးထူး များရှိပြီး အာရုံမိမိ ကြည်ကြည်နူးနူးဖြင့် ရွတ်ဆိုပူဇော်နိုင်ခဲ့ပါသည်။

ဤစာအုပ်ငယ်သည် ဗုဒ္ဓဂယာဘုရားဖူးများအတွက်သာ ထိ မိမိအကျိုးရှိအောင် ပူဇော်နိုင်ရန်ရည်ရွယ်သဖြင့် ကျန်ပရိတ် အုပ်များနှင့် မတူဘဲဖြစ်နေပါလိမ့်မည်။

မည်သို့ပင်ဆိုစေ- ဗုဒ္ဓဂယာဘုရားဖူးတစ်ဦးအဖို့ မြတ်ဗုဒ္ဓ အမိန့်ချွေခဲ့သလို သံဝေဇနီယလေးဌာနသို့ သံဝေဂရစွာဖြင့် ကြည်ညိုစွာ ဖူးမြော်ပြီး ဤစာအုပ်ပါ ပရိတ်တော်များဖြင့် ရွတ်ဖတ် ဇော်ခွင့် ရခြင်းအတွက် သံဝေဇနီယလေးဌာနအပါအဝင် မြတ်ဗုဒ္ဓ၏ နေရာတော်မြတ်များတွင် ဖူးမြော်ကြည်ညို သဒ္ဓါပိုခဲ့ကြပုံ အား အာရုံမိမိဖြင့် အမြဲတမ်းသတိရကာ နောက်ဆုံးအချိန်၊ နောက်ဆုံးဘဝ၊ နောက်ဆုံးထွက်သက်အထိ သယ်ဆောင်ရင်း ကူးကောင်း၍ သူတော်ကောင်းဖြစ်ခါ ဘဝချုပ်ဆုံးနိဂုံးဘဝဝယ် ဗ္ဗာနအအေးဓါတ်ဖြင့် လွှမ်းပတ်ရစ်ခြုံကာ သံသရာမီးတောက် အပြီးတိုင် ငြိမ်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက် ပါသည်။

(သတ္တဝါမှန်သရွေ့၊ တရားတွေ့၊ ချမ်းမြေ့သာယာရှိကြပါစေ)

**အောင်မြင်၍ ချမ်းသာကြပါစေ၊**

လုမ္ဗိနီအင်ဂျင်နီယာ

( ဦးမောင်မောင်လေး )

အမှတ်-၆၆(A')၊ သီရိလမ်း၊ စမ်းချောင်း၊

ရန်ကုန်မြို့။

၀၉-၅၀၅၂၈၆၄

www.burmeseclassic.com

www.burmeseclassic.com



## " ၉။ စုပေါင်းရွတ်ဆိုရန်ပန်ကြားလွှာ "

သာသနာရေးဝန်ကြီးဌာနမှ ကြီးမှူး၍ အိန္ဒိယနိုင်ငံ မဇ္ဈိ ဒေသသံဝေဇနီယလေးဌာနသို့ ဘုရားဖူးသွားရောက်ကြမည့် ဘာသာဝင် သူတော်စဉ်အပေါင်းတို့ ခင်ဗျား။

သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရား ပွင့်တော်မူ ဖြစ်သော ဗုဒ္ဓဂယာမြေမြတ်မဟာရှိ မဟာဗောဓိစေတီတော်ကြီးတွ လူမျိုးအသီးသီးတို့က မိမိတို့ဘာသာအလိုက် ဘုရားရှိခိုးများ စုပေါင်းရွတ်ဆို ပူဇော်ကြလေ့ရှိပါသည်။ သံပြိုင်ညီညာ ရှိခိုးပူဇေ သံများမှာ ကြည်နူးစရာလည်း ကောင်းလှပါသည်။ သို့ပါ၍ အော ချမ်းသာ ဗုဒ္ဓဂယာ ဘုရားဖူးများလည်း ထိုကဲ့သို့ စုပေါင်းရွတ် ပူဇော်ကြစေလိုပါသည်။ ကားစတင်ထွက်ခွါသည့် အခါတိုင်း သော်လည်းကောင်း၊ တစ်ဖွဲ့လုံး စုပေါင်းရွတ်ဆိုကြရန် ဖြစ်ပါသည်

အတူတကွ စုပေါင်းရွတ်ဆိုပူဇော်ရခြင်း၊ အတူတကွ စုပေ ကုသိုလ်ပြုရခြင်း၊ စုပေါင်းရေစက်ချ အမျှပေးဝေရခြင်းသ သံသရာခရီးသည်များအတွက် အလွန်အားကောင်းသောအထော အပံ့ထူးကို ရစေနိုင်ပါသည်။ အထူးသဖြင့် ဗုဒ္ဓဂယာမဟာဗော စေတီတော်ကြီး ရောက်သည့်အခါ လက်အုပ်ချီတန်းစီ၍ စေတီတော နှင့်ဗောဓိပင်၊ အပရာဇိတပလ္လင်တော်တို့ကို အနည်းဆုံးတစ်ပါ လှည့်လည်ပူဇော်ရန် ဖြစ်ပါသည်။

တိတ်ခွေသွင်းထားလျှင်ရသော်လည်း မဇ္ဈိမဒေသ ဘုရားဖူ ရာအရပ်မှာ ဘုရားဖူးများ၏ နှုတ်မှကိုယ်တိုင်ရွတ်သည့် အသံမျာ ကျန်ခဲ့စေလို၍ ဖြစ်ပါသည်။ ထို့ကြောင့် အောင်ချမ်းသာ ဘုရား အဖွဲ့ဝင် ဘုရားဖူးမိသားစုအားလုံး အဖွဲ့လိုက် ရွတ်ဆိုရန်များ သံပြိုင် ညီညီညာညာ စုပေါင်းရွတ်ဆို ပူဇော်တော်မူကြပါရ လေးမြတ်စွာ ပန်ကြားအပ်ပါသည်။



## " ၁၀။ အဖွဲ့လိုက်စုပေါင်းရွတ်ဆိုရန် "

၁။ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓ ဿ ( သုံးကြိမ် )

၂။ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ။

၃။ ဒုတိယမ္ပိ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံသရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံသရဏံဂစ္ဆာမိ။

၄။ တတိယမ္ပိ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံသရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံသရဏံဂစ္ဆာမိ။

၅။ ဗုဒ္ဓံ ▪ မြတ်စွာဘုရားကို ပူဇေမိ ▪ ပူဇော်ပါ၏ အရှင်ဘုရား။

၆။ ဓမ္မံ ▪ တရားတော်မြတ်ကို ပူဇေမိ ▪ ပူဇော်ပါ၏ အရှင်ဘုရား။

၇။ သံဃံ ▪ သံဃာတော်မြတ်ကို ပူဇေမိ ▪ ပူဇော်ပါ၏အရှင်ဘုရား။

၈။ **ပဋ္ဌာန်းပါဠိတော် ( ၂၄ ) ပစ္စည်း**

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



၉။ **အရပ် ( ၁၀ ) မျက်နှာမေတ္တာပို့။**

(၁) အရှေ့အရပ်၌ရှိသော-

အနန္တစကြဝဠာ အနန္တသတ္တဝါတို့ -
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

(၂) အနောက်အရပ်၌ရှိသော -

အနန္တစကြဝဠာ အနန္တသတ္တဝါတို့ -
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

(၃) မြောက်အရပ်၌ရှိသော -

အနန္တစကြဝဠာ အနန္တသတ္တဝါတို့ -
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

(၄) တောင်အရပ်၌ရှိသော-

အနန္တစကြဝဠာ အနန္တသတ္တဝါတို့ -
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။



ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

(၅) အရှေ့တောင်ထောင့်အရပ်၌ရှိသော -

အနန္တစကြဝဠာ အနန္တသတ္တဝါတို့ -
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

(၆) အနောက်မြောက်ထောင့်အရပ်၌ရှိသော -

အနန္တစကြဝဠာ အနန္တသတ္တဝါတို့ -
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

(၇) အရှေ့မြောက်ထောင့်အရပ်၌ရှိသော -

အနန္တစကြဝဠာ အနန္တသတ္တဝါတို့ -
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

(၈) အနောက်တောင်ထောင့်အရပ်၌ရှိသော -

အနန္တစကြဝဠာ အနန္တသတ္တဝါတို့ -
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။

www.burmeseclassic.com

www.burmeseclassic.com



ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

(၉) အောက်အရပ်၌ရှိသော ထက်ဝန်းကျင် –
အနန္တစကြဝဠာ အပါယ်ဘုံသားအနန္တသတ္တဝါတို့
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

(၁၀) အထက်အရပ်၌ရှိသော ထက်ဝန်းကျင် –
အနန္တစကြဝဠာ၊ အနန္တနတ်ပြဟ္မာတို့ –
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

ကျွန်ုပ်တို့တတ်အားသမျှပြုခဲ့သော ကုသိုလ်အားလုံးတို့ကို (၃၁)ဘုံသားအားလုံးတို့က ( အမျှ–အမျှ–အမျှ ) ယူတော်မူကြပါကုန်လော့ ( သာဓု–သာဓု–သာဓု )

ဗုဒ္ဓသာသနံစိရံတိဋ္ဌတု (သုံးကြိမ်)

*********

ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်မှာ လေယာဉ်ခရီး၊ မော်တော်ယာဉ်ခရီးများဖြင့် လှည့်လည်သွားလာရမည် ဖြစ်ပါသဖြင့် အခက်အခဲ ... အဆီး၊ အနှောင့်အယှက်များ ကျော်လွှားလွတ်မြောက်၍ ... အရာရာအဆင်ပြေ ချောမောစေရန် အဖွဲ့လိုက်စုပေါင်း၍ ... တစ်ဦးချင်းဖြစ်စေ၊ ရွတ်ဖတ်သရဇ္ဈာယ်ရန်အတွက် ဘုရား... နှင့် ဂါထာမန္တာန်များကို အောက်တွင်စုစည်းဖော်ပြထား... သည်။

*********

## " ၁၁။ လေကြောင်းခရီးအန္တရာယ်ကင်းဂါထာ "

( ဟမ္ဗုရာယန သရဏဂုံ ဂါထာတော်ကြီး )
သောအဟံ ဝိစရိဿာမိ၊
ဂါမာ ဂါမံ ပုရာ ပုရံ၊
နမဿမာနော သမ္ဗုဒ္ဓံ၊
ဓမ္မဿစ သုဓမ္မတံ။

- ဤဂါထာတော်သည် သဂါထာဝဂ္ဂသံယုတ် (နှာ-၂၁၇) ...ဠာဝကသုတ္တလာဂါထာဖြစ်သည်။
- ခုဒ္ဒကနိကာယ သုတ္တနိပါတပါဠိအာဠဝကသုတ္တ (နှာ-၃၀၇) ...ဂါထာဖြစ်သည်။
- အာဠာဝက၊ သာတာဂီရိနှင့် ဟေမဝတစသည့် နတ်မင်း...များ ကောင်းကင်ခရီးဖြင့်သွားလာကြစဉ် ရွတ်ဖတ်ပူဇော်လေ့...သည်။
- ကျေးဇူးရှင်မာန်လည်ဆရာတော်ဘုရားကြီး အမြဲရွတ်ဖတ်...ဇ္ဈာယ်တော်မူသော ဂါထာတော်ကြီးလည်း ဖြစ်ပါသည်။

www.burmeseclassic.com



* လေကြောင်းခရီးဖြင့် အထူးသင့်တော်ပြီး သမ္ဗုဒ္ဓေဂါထာ (

ခေါက်ဖြည့်စွက် ရွတ်ဆိုရန် လိုအပ်ပါသည်။

***********

## ၁၂။ယာဉ် ( ကား၊ ရထား ) ဖြင့် သွားစဉ်ရွတ်ပွါးရန်

( **မဟာသရဏဂုံဂါထာတော်** )

ဗုဒ္ဓေါ တိလောက သရဏော၊
ဗုဒ္ဓေါ သုရိယော တမော နုဒေါ၊
ဂစ္ဆတော သရဏံ ခေမံ၊
ဗုဒ္ဓေါ မေ သရဏံ ဝရံ။

* ဒုဋ္ဌဂါမဏိမင်းကြီးအား ရဟန္တာရှင်မြတ်များ သင်ကြားပေး

အမြဲမပြတ်ရွတ်ဆိုသော ဂါထာတော်ဖြစ်သည်။

* ခရီးသွားနေစဉ် ယာဉ်, ရထားပေါ်၌ရွတ်ဆိုရန်ဖြစ်သည်

**********

## " ၁၃။ ခြေလျင်ခရီးသွားအန္တရာယ်ကင်းဂါထာ "

ကတာ မေ ရက္ခာ
ကတံ မေ ပရိတ္တံ
ပဋိက္ကမန္တု ဘူတာနိ၊
သောဟံ နမော ဘဂဝတော၊
နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ၊



* ဤဂါထာသည် ခန္ဓသုတ်ပရိတ်တော်လာဂါထာဖြစ်သည်။

* မြွေ၊ ကင်း စသည့်အဆိပ်ရှိသော သတ္တဝါများပေါ်များသော အရပ်သို့ ခြေလျင်ခရီးသွားသောအခါရွတ်ဆိုရသည့် ဂါထာတော်ဖြစ်သည်။

* ပခုက္ကူမြို့ မဟာဝိဇယာရာမကျောင်းတိုက်မှ အဘိဓဇမဟာရဋ္ဌဂုရုဆရာတော်ကြီး ခရီးသွားရာတွင် အမြဲရွတ်ဆိုလေ့ရှိသည်။

**********

## " ၁၄။ မဟာကပ္ပိနမင်းကြီး၊ ဘုရားရှင်ထံသွားစဉ် ရွတ်ပွါးသောရတနတ္တယ ဂုဏဝဏ္ဏနာသစ္စာဂါထာတော် "

၁။ ဘဂဝသောတံ ဟဝေဗုဒ္ဓေါ၊
တိဏ္ဏော လောကန္တ ဂူဝိဒူ
ဧတေန သစ္စဝဇ္ဇေန၊ ဂမနံ မေ သမိဇ္ဈတု။

၂။ ယဒိ သန္တိဂမော မဂ္ဂေါ၊
မောက္ခော စစ္စန္တိတံ သုခံ၊
ဧတေနသစ္စဝဇ္ဇေန၊ ဝမနံ မေ သမိဇ္ဈတု။

၃။ သံဃော ဝေ တိဏ္ဏကန္တာရော၊
ပုညက္ခေတ္တော အနုတ္တရော
ဧတေနသစ္စဝဇ္ဇေန၊ ဂမနံ မေ သမိဇ္ဈတု။

* ဂေါတမဘုရားရှင်လက်ထက် မဟာကပ္ပိနမင်းကြီးအမတ် (၁၀၀၀)နှင့် တကွမြင်းကိုယ်စီစီး၍ ဘုရားထံသို့ အသွားလမ်းခရီး

www.burmeseclassic.com

www.burmeseclassic.com



အကြားဝယ် မြစ်သုံးတန်ခြားနေသဖြင့် ရွတ်ဆိုဖြတ်သန်းခဲ့သော ဂါထာ ဖြစ်သည်။

* မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး ခရီးမထွက်မီ အနည်းဆုံး ( ၃၂ ) ခေါက်မျှသရဇ္ဈာယ်လေ့ရှိပါသည်။

* ဆရာတော်ဘုရားကြီး ကိုယ်တိုင်ရေးသားပြုစုသော မဟာဗုဒ္ဓဝင် ( ဆဋ္ဌမတွဲ-ပထမပိုင်း ) မဟာကပ္ပိနမထေရ် အကြောင်း (နှာ-၅၅၄) လာ ဂါထာတော်ဖြစ်သည်

* မြစ်ကူး၊ ချောင်းကူးခရီးသွားရာတွင် ရွတ်ဆိုသင့်ပြီး သမ္ဗုဒ္ဓေ ( ၈ ) ခေါက် ဖြည့်စွက်ရန်လိုသည်။

*********

## " ၁၅။ ကုန်းလမ်း အန္တရာယ်ကင်း ခရီးသွားဂါထာ "

**( ဒလုတ်မထိ သူးမငြိနိုင်သောဂါထာတော် )**

ပါသာဏာ သက္ခရာစေဝ၊
ကထလာ ခါဏုတဏ္ဍကာ၊
သဗ္ဗေမဂ္ဂါ ဝိဝဇ္ဇန္တိ၊
ဂစ္ဆန္တေ လောက နာယကေ၊
ဧတေန သစ္စဝဇ္ဇေန၊ ဝမန်မေ သမိဇ္ဈတု။

* မဇ္ဈိမနိကာယ၊ မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ ဂဟပတိဝဂ် ( နှာ-၁၆ ) သေခသုတ်လာ ဂါထာဖြစ်သည်။

* လယ်တီဆရာတော်ဘုရားကြီး ရေးသား စီရင်တော်မူအပ်



သော " သာသနသမ္ပတ္တိ ဒီပနီကျမ်း " ( နှာ-၂၂၇ ) တွင်ဖော်ပြ ထားသည်။

* ဤဂါထာရွတ်ဆိုပြီး သမ္ဗုဒ္ဓေဂါထာတော်ကြီးကို (၈)ခေါက် ရွတ်ဆိုရမည်။

* ခရီးမထွက်မီ ( ၃ ) ရက်ကြိုတင်၍သွားမည့်မြို့၊ သွားမည့် နေရာဌာန၊ သွားမည့်ခရီးစဉ်တလျှောက်ရည်မှန်း၍ နတ်အပေါင်း တို့ကိုလည်းကောင်း၊ လူပုဂ္ဂိုလ်အကြီးအကဲတို့ကိုလည်းကောင်း မေတ္တာပို့သရပါမည်။

*********

## " ၁၆။ သမ္ဗုဒ္ဓေဂါထာတော်ကြီး "

၁။ သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ ဒွါဒသဉ္စ သဟဿကေ၊
ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာမဟံ။
၂။ အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ၊
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။
၃။ နမက္ကာရာ နုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ၊
အနေက အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

* ဗုဒ္ဓဘာသာဝင်တိုင်းအများဆုံး ရွတ်ဆိုလေ့ရှိသည်။ နေ့ညဉ့် ပြတ် ရွတ်ဖတ်သရဇ္ဈာယ်သော် သူတစ်ထူးမကောင်း မကြံနိုင်၊ စိတ် အကြံတိုင်း ပြည့်ဝစေနိုင်၏။

* ကွမ်းစားလျှင် ( ၇ ) ခေါက်၊ ခေါင်းလျှော်လျှင် ( ၁၀ )

www.burmeseclassic.com

www.burmeseclassic.com



ခေါက်၊ ထမင်းစားလျှင် ( ၃ ) ခေါက်၊ ပန်းပန်နံ့သာလိမ်းလျှင် ( ၉ ) ခေါက်၊ အိပ်ရာဝင်သောအခါ ( ၉ ) ခေါက်၊ ရန်သူတွေ့လျှင် (၁၁) ခေါက်၊ စစ်တိုက်သောအခါ (၉) ခေါက်၊ မီးမဖွါးနိုင်သောအခါ ရေကိုသမ္မုဒ္ဒေ ( ၉ ) ခေါက် မန်းတိုက်၊ အချုပ်အနှောင်ခံရလျှင် အခေါက် ( ၁၀၀၀ )၊ ခရီးသွားနေစဉ် မပြတ်ရွတ်ဖတ်ပူဇော်သင့်သည်။

*********

## " ၁၇။ အကာဂါထာတော်ကြီး "

( သက်တော်မြဲဂါထာ )

အဋ္ဌာနမေတံ ဘိက္ခဝေ၊ အနဝကာသော၊
ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ၊
အနုပက္ကမေန ဘိက္ခဝေ၊ တထာဂတာပရိနိဗ္ဗာယန္တိ၊
ဧတေန သစ္စဝဇ္ဇေန သောတ္ထိမေ ဟောတု သဗ္ဗဒါ။

* ဤဂါထာတော်သည် စူဠဝါပါဠိတော် သံဃဘေဒက ကွန္ဓ ( နှာ-၃၅၅ )လာ ဂါထာဖြစ်သည်။

* မြတ်ဗုဒ္ဓအား ဒေဝဒတ်ကရာဇဂြိုဟ်တွင် ကျောက်တုံးဆင်၍ လုပ်ကြံသတ်ဖြတ်သောအခါ ဘုရားရှင်ကရဟန်းတို့အား ဟောကြား သောဂါထာဖြစ်သည်။

* နောက်ဆုံးဧတေနမှာ ဂါထာရွတ်ဆိုသူအတွက် ထပ်မံဖြည့်စွက် ထားခြင်းဖြစ်သည်။



* ယုံယုံကြည်ကြည်ရွတ်ဖတ်ပါက " ဥပဒ္ဒဝေဒကမရဏ " မှ ကင်းလွတ်ပါသည်။

*********

## " ၁၈။ အလုံးစုံအောင်မြင်သော သဗ္ဗဇယမင်္ဂလာ ဂါထာ "

၁။ ဒိဝါတပတိအာဒိစ္စော၊ ရတ္တိမာဘာတိစန္ဒိမာ၊
သန္နဒ္ဓေါခတ္တိယောတပတိ၊ ဈာယီတပတိဗြာဟ္မဏော၊
၂။ အထသဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါတပတိတေဇသာ၊
တာဒိသံ တေဇသမ္ပန္နံ၊ ဗုဒ္ဓံဝန္ဒာမိအာဒရံ၊
၃။ ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိမေ ဟောတုသဗ္ဗဒါ။

* ဓမ္မပဒပါဠိတော် ဗြာဟ္မဏဝဂ်၊ အာနန္ဒတ္ထေရဝတ္ထု ( နှာ-၆၉ ) လာဂါထာဖြစ်သည်။

* သက်တော်ရှည် အဘိဓဇစ်ကင်း ဆရာတော်ဘုရားကြီးသည် ၁၃၂၀ ပြည့်နှစ်က ဇာတိ ( လင်းယဉ်ရွာ )၌ တရားအမွေပေးသော အားဖြင့် ဓမ္မစေတီကျောက်စာတိုင်ကို စိုက်ထူပေးတော်မူခဲ့သည်။ ယင်းကျောက်စာတိုင်တွင် ဒိဝါတပတိဂါထာနှင့် အဋ္ဌာနမေတံ ဂါထာတော်တို့ကို ရေးထားသည်ကိုတွေ့ရ၏။

* မကောင်းကျိုးဟူသမျှ ကင်းပျောက်ပ၍၊ ကောင်းကျိုးချမ်းသာကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါလိမ့်မည်။ အရာရာ ကြံတိုင်းအောင်၍ဆောင်တိုင်းမြောက်နိုင်သော ဂါထာတော်ကြီး ဖြစ်ပါသည်။

www.burmeseclassic.com



* ဂါထာတကာထဲတွင် အတိုဆုံးဖြစ်၍ မင်္ဂလာအလုံးစုံနှင့် ပြည့်ဝဆုံးသော ( သဗ္ဗဇယမင်္ဂလာ ) ဂါထာဖြစ်၍ အဘိုးတစ်သိန်းထိုက်သောဂါထာတော်ကြီး ဖြစ်ပါသည်။

*********

## " ၁၉။ အကျဉ်းအကျပ်၊ အခက်အခဲပျောက်ဂါထာတော် "

**( နမောတေဂါထာတော် )**

နမောတေ ဗုဒ္ဓဝီရတ္ထု၊ ဝိပ္ပမုတ္တောသိသဗ္ဗဓိ၊
သမ္ဗာဓပ္ပဋိပန္နောသ္မိ၊ တဿမေသရဏံဘဝ။
တထာဂတံအရဟန္တံ၊ စန္ဒိမာ သရဏံဂတော၊
ရာဟုစန္ဒံပမုဉ္စဿု၊ ဗုဒ္ဓါလောကာနု ကမ္ပကာ။

* ဤဂါထာသည် သဂါထာဝဂ္ဂသံယုတ်ပါဠိ ( သံ-၁၊ ၄၈ ) စန္ဒိမသုတ်လာဂါထာဖြစ်သည်။

* ဒုက္ခဝက်ပါမှ လွတ်မြောက်စေသော ဂါထာဖြစ်သည်။

* ဘေးအန္တရာယ်တစ်ခုခုနှင့် ရင်ဆိုင်နေရခြင်း၊ လွတ်လမ်းမမြင်၊ ထွက်ပေါက်မရှိ၊ အကျဉ်းအကျပ်နှင့်တွေ့နေရခြင်း၊ ကိုယ်စိတ်နှစ်ပါး ပင်ပန်းဆင်းရဲညှင်းဆဲခံနေရခြင်း၊ အနှောင်အဖွဲ့ခံနေရခြင်းတို့အတွက် အဓိဋ္ဌာန်ရွတ်ဆိုဖော်နိုင်သည်။

* လမင်းအား လငပုတ်ဖမ်းစဉ် လနတ်သားမှ အသူရိန်မည်သော ရာဟုဖမ်းစားနှောင်ဖွဲ့မှုပြေပျောက်ရန် ဘုရားရှင်အား တိုင်တည် ရှိခိုးပန်ကြားသဖြင့် အကျဉ်းအကျပ်မှ လွတ်မြောက်ခြင်းဖြစ်ပါသည်။



## " ၂၀။ မကြံစည်နိုင်သောအကျိုးထူးများပေးနိုင်သောဂါထာ "

**( အစိန္တေယျအကျိုးပြုဂါထာ )**

ဧဝံအစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဓမ္မော အစိန္တိယာ၊
အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော၊

* ဤဂါထာသည် ခုဒ္ဒကနိကာယ် ဗုဒ္ဓအပဒါန်ပါဠိတော် ( ဂါထာ ပါတ် ၈၂ ၊ နှာ - ၇ ) လာဂါထာတော်ဖြစ်သည်။

* အိန္ဒိယနိုင်ငံ၊ မိဂဒါဝုန် ဆရာတော်ဦးဝဏ္ဏဓဇ အမြဲရွတ်ဆို ဆုပေးလေ့ရှိသည်။

* အနည်းဆုံး ( ၉ )ခေါက်ရွတ်ပြီးနောက် မိမိနှစ်သက်ရာ ဂုဏ်တော် တစ်ပါးပါးကို အဓိဋ္ဌာန်၍ပုတီးစိပ်နိုင်သည်။

* မကြံစည်နိုင်သော အကျိုးထူးများရမည်။ ဖြစ်သင့်တာဟူသမျှဖြစ်မည်။ ဥပမာ-စာမေးပွဲအောင်မည်။ အလုပ်ရမည်။ စီးပွါးရေး တိုးတက်မည်။

* ဤမျှဆိုလျှင် **အောင်ချမ်းသာ** ဗုဒ္ဓဂယာဘုရားဖူးများအဖို့ သွား ရင်းလာရင်း ရွတ်ဖတ်ပူဇော်သွားလာကြရန် လုံလောက်ပါပြီ။ "မန္တန် မန္တရားဟု မပြောနိုင်သော အက္ခရာမရှိ၊ ဆေးဖက်မဝင်သော သစ်မြစ် သစ်ပင်ဟူ၍မရှိ၊ အသုံးမဝင်သောသူဟူ၍မရှိ၊ အသုံးချတတ်သောသူသာရှား၏ " ဟု ၁၉၈၆-ခု ဧပြီလထုတ် ကလျာမဂ္ဂဇင်းတွင် ဆရာကြီးဦးဆန်းထွန်းက ရေးသားဖော်ပြခဲ့ဘူးပါသည်။

* အနက်အဓိပ္ပါယ်မသိသော မန္တန်ပင်ဖြစ်သော်လည်း ရွတ်ပါများလျှင် အကျိုးအာနိသင်ရှိလာပါသည်။ အဓိပ္ပါယ်သိရှိစွာဖြင့် ရွတ်ပါလျှင် ပို၍အာနိသင်ရှိမည်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်ချမ်းသာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ဝင် အပေါင်း သူတော်ကောင်းတို့ အနေဖြင့် ပရိတ်တော်များကို ရွတ်ပွါးပူဇော်ကြရာ တွင်ပရိတ်တော်တန်ခိုးကို ယုံကြည်၍အထုံရရှိစေရန် မပြတ်ရွတ်ဖတ် ပူဇော်ကြစေလိုပါသည်။

ယုံလည်း ယုံစေချင်ပါသည်။

ထုံလည်း ထုံစေချင်ပါသည်။

*********

## " ၂၁။ ကန်တော့ချိုး "

အောင်ချမ်းသာ ဗုဒ္ဓဂယာဘုရားဖူးများအနေဖြင့် ဗုဒ္ဓ မြတ်နေရာတော်များသို့ ရောက်တိုး ရောက်ခိုက် ဩကာသ ကန်တော့ချိုးဖြင့် ရှိခိုးပြီး ပဉ္စသီလခေါ် ငါးပါးသီလကို ခံယူဆော တည်လိုကြမည်သာ ဖြစ်ပါသည်။ မူကွဲအမျိုးမျိုး ရှိသည့်အန သံဃမဟာနာယကအဖွဲ့မှ မူတစ်မူတည်းဖြင့်သာ ညီည ဖြဖြရှိခိုးကြရန် ဆက်လက် ဖော်ပြအပ်ပါသည်။

### ကန်တော့ရန်

ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယကံ၊ ဝစီကံ မနောကံ၊ သဗ္ဗဒေါသ၊ ခပ်သိမ်းသော အပြစ်တို့ကိုပျောက်ပါစေခြင်း အကျိုးငှာပထမ၊ ဒုတိယ၊ တတိယ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ် မြောက်အောင်၊ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ရတနာမြတ်သုံးပါးတို့ကို အရိုအသေ၊ အလေးအမြတ်၊ လက်အုပ်ချီ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့၊ ကန်တော့ပါ၏ အရှင်ဘုရား။



### ဆုတောင်းရန်

ကန်တော့ရသော၊ အကျိုးအားကြောင့်၊ အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါး တို့မှ အခါခပ်သိမ်း၊ ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်မြတ်ကိုရပါလို၏ အရှင် ဘုရား။

*********

## " ၂၂။ သီလတောင်း "

အဟံ ဘန္တေ၊ တိသရဏေန သဟ၊ ပဉ္စသီလံ၊ ဓမ္မံ ယာစာမိ၊
အနုဂ္ဂဟံ ကတွာ သီလံ ဒေထ၊ မေ ဘန္တေ။
ဒုတိယမ္ပိ အဟံ ဘန္တေ၊ တိသရဏေန သဟ၊ ပဉ္စသီလံ၊
ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ၊ မေ ဘန္တေ။
တတိယမ္ပိ အဟံ ဘန္တေ၊ တိသရဏေန သဟ၊ ပဉ္စသီလံ၊
ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ၊ မေ ဘန္တေ။

### ဘုရားရှိခိုး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ (သုံးခေါက်ဆို )

### သရဏဂုံ ဆောက်တည်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ ၊ သံဃံ သရဏံ ဂစ္ဆာမိ၊

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ ၊

တတိယမ္ပိ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံသရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံသရဏံ ဂစ္ဆာမိ ၊

**သီလဆောက်တည်**

၁။ ပါဏာတိပါတာ၊ ဝေရမဏီ၊ သိက္ခာပဒံ သမာဒိယာမိ၊

၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊

၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

**********

## ၂၃။ ဆွမ်း၊ ပန်း၊ ရေချမ်း၊ အမွှေးတိုင်ကပ်လှူရန်

အရဟတာဒိ နဝဂုဏောဟိ = အရဟံ အစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်၊ သမန္နာဂတံ = ပြည့်စုံတော်မူသော နာထံ = လူနတ်တို့၏ ကိုးကွယ်ရာဖြစ်တော်မူသော၊ ဗုဒ္ဓံ = သက်တော်ထင်ရှား သဗ္ဗညု မြတ်စွာဘုရားကို၊ ဥဒ္ဒိဿ = ရည်မှတ်၍ စေတိယဿ= ဓါတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီတော်မြတ်အား

၁။ ဝဏ္ဏဂန္ဓရသ သမ္ပန္နံ = အဆင်း၊ အနံ့၊ အရသာနှင့် ပြည့်စုံသော၊ ဣမံ ပိဏ္ဍပါတ ခါဒနီယဘောဇနီယံ = ဤဆွမ်းခဲဖွယ်ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာကိုလည်းကောင်း၊



၂။ ဝဏ္ဏ ဂန္ဓရသ သမ္ပန္နံ အဆင်း၊ အနံ့၊ အရသာနှင့် ပြည့်စုံသော၊ ဣမံ ပုပ္ဖံ = ဤပန်းကိုလည်းကောင်း၊

၃။ သုဒ္ဓ သီတလ ပသန္နံ = သန့်ရှင်းအေးမြ ကြည်လင်လှသော ဣမံ ပါနီယ ပရိဘောဇနီယံ = ဤသောက်တော်ရေ၊ သုံးဆောင်တော်ရေကို လည်းကောင်း၊

၄။ ပဘာ ဝဏ္ဏောဟိ = အရောင်အဆင်းတို့ဖြင့်၊ အန္ဓကာရံ = အမိုက်မှောင်ကို၊ ဝိနာသကံ = ပယ်ပျောက်တတ်သော၊ ဣမံဒီပဓာလံ = ဤဆီမီး လျှံကိုလည်းကောင်း၊ ဣမံ ဝန္ဒံ = ဤဒုမွှေး၊ အနံ့ကိုလည်းကောင်း၊ ဒေမိ = နိဗ္ဗာန်ရည်မှန်း လှူဒါန်းပါ၏ အရှင်ဘုရား၊ ပူဇေမိ = နိဗ္ဗာန်ရည်မျှော်ပူဇော်ပါ၏ အရှင်ဘုရား၊

ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံဟောတု။

မေ = တပြည့်တော်၏ ဣဒံပုညံ = ဤကောင်းမှုသည်၊ အာသဝက္ခယံ = အာသဝေါတရားလေးပါးတို့၏ ကုန်ရာ၊ ကုန်ကြောင်းဖြစ်သောမဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို၊ ဝဟံ-ဝဟန္တော = ရောက်အောင်ရွက်ဆောင်နိုင်သည်၊ ဟောတု = ဖြစ်ပါစေသတည်း။

**********

မြတ်ဗုဒ္ဓ၏ ဌာနတော်များ ရောက်တုံးရောက်ခိုက် နေရာဒေသအားလျော်စွာ ကန်တော့ချိုးဖြင့်ရှိခိုး၍ ငါးပါးသီလများခံယူပြီး သင့်တော်ရာ ပရိတ်တော်များကို ရွတ်ဖတ်ပူဇော်ကြရန် ဖြစ်ပါသည်။ ထိုသို့ ရွတ်ဖတ်ပူဇော်ကြရာတွင် အချိန်ရပါက နတ်၊ ဗြဟ္မာများအား ပင့်ဖိတ်ပြီးပရိတ်ရွတ်ပြီးပါက နတ်ပို့ဂါထာတော်များ ရွတ်ဆိုလိုပါကလည်း အဆင်ပြေလွယ်ကူစေရန် နတ်၊ ဗြဟ္မာများပင့်ဖိတ်ခြင်းနှင့် နတ်၊ ဗြဟ္မာများပြန်ပို့ရန် ဂါထာတော်များတို့အား ဆက်လက်ဖော်ပြအပ်ပါသည်။

www.burmeseclassic.com



## "၂၄။ နတ်၊ ဗြဟ္မာများ ဖိတ်ကြားရန် နတ်ဖိတ်အမွှန်း"

သမန္တာ စက္ကဝါဠေသု၊
အတြာ ဂစ္ဆန္တု ဒေဝတာ။
သဒ္ဓမ္မံ မုနိရာဇဿ၊
သုဏန္တု သဂ္ဂမောက္ခဒံ။
ဓမ္မဿဝန ကာလော အယံ ဘဒန္တာ၊
ဓမ္မဿဝန ကာလော အယံ ဘဒန္တာ၊
ဓမ္မဿဝန ကာလော အယံ ဘဒန္တာ၊

**သမန္တာ** = မြေမဟီချာ ရေသီတာနှင့် ဒီပါလေးကျွန်းမြင်းမိုး ထွန်းသား၊ စက်ဝန်းအသွင် ဤစကြဝဠာ၏ ထက်ဝန်းကျင်မှ။ **စက္ကဝါဠေသု** = ယုဇနာပေါင်းရှစ်သောင်းနှစ်ထောင် အမြင့်ဆောင်သော တောင်စကြဝဠာကာရံ ကျောက်စိုက်ဝန်း၍ဝိုက်သော၊ တိုက်ဇာ ပေါင်းတစ်သောင်းသော လောကဓါတ်တို့၌၊ **ဝသန္တာ** = ဒေဝိဒ္ဓိဂုဏ် အင်စုံညီမျှနေထိုင်ကြကုန်သော၊ **ဒေဝတာ** = အာဏာလွှမ်းမိုးတန်ခိုး ကြီးမြတ်အနတ်နတ်တို့သည် **အတြ** = ပရိတ်တော်မြတ်၊ ရွတ်ဖတ် သရဇ္ဈာယ်ရာဤနေရာသို့၊ **အာဂစ္ဆန္တု** = အားလုံး အားလုံး ပေါင်း အများသဒ္ဒါပွါးလျက် တရားတော်နာလာရောက်ကြပါကုန်လော့၊ **မုနိရာဇဿ** = အရဟန္တသာဝကနှင့် ပစ္စေကမုနိအစရှိသော မုနိတကာတို့၏ ထိပ်ပန်း၊ ရဟန်းတကာတို့၏ သရဖူ၊ လူတကာတို့၏ သင်းကျစ်၊ နတ်တကာတို့၏အဆင်တန်ဆာ၊ ဗြဟ္မာတကာတို့၏ ဥဿျှောင် ငါးမာရ်ရှုံး အောင်သော မင်းခေါင်မင်းဖျား၊ မင်းတရားကြီး ဘုရား၏၊ **သဂ္ဂမောက္ခဒံ** = နတ်ဝေဇယန် ငွေကာဒဏ်နှင့် နေရာ



ရွှေဘုံဇေယျခုံသို့ လှုံစေလသေား အကျိုးကိုပေးတတ်သော၊ **သဒ္ဓမ္မံ** = သံဝိဇ္ဇမာန သဒ္ဓမ္မနှင့် ပသဗ္ဗဂုဏ်၊ အင်စုံ ညီညွတ် တုလွတ်အကျော် ပရိတ်တော်ဟုဆိုအပ်သော တရားတော်ကို၊ **သုဏန္တု** = မိစ္ဆာဝိတက် မငြိယှက်ဘဲ ပြည့်နှက် အာရုံမှတ်သားနာခံကြပါကုန် လော့။ **ဘဒန္တာ** = သောင်းထိုက်စက္ကဝါ ထက်ဝဠာမှ ညီညာဖျဖျ ရောက် လာကြသော ဒေဝဒေဝါ အိုနတ်ဗြဟ္မာတို့၊ **အယံကာလော** = ဓမ္မသဘင် ဆင်ယင် ပါရ ဤအခါ သမယသည်၊ **ဓမ္မဿဝနကာလော** = ကုသိုလ် စိတ်ယှဉ် ဇောအစဉ်နှင့် ကြည်ရွှင်လေးမြတ်၊ နာကြားအပ်ရာ မင်္ဂလာ အခါကြီး ပါပေတည်း။

ပရိတ်တော်များ ရွတ်ဆိုပူဇော်ပြီးပါက နတ်၊ ဗြဟ္မာများ မြန်ပို့ ရန်နတ်ပို့အမွှန်းကို ဆက်လက်ဖော်ပြအပ်ပါသည်။

**********

## ၂၅။ နတ်ပို့အမွှန်း

ဧတ္တာဝတာစ အမှေဟိ၊
သမ္ဘတံ ပုည သမ္ပဒံ။
သဗ္ဗေ ဒေဝါ နုမောဒန္တု ၊
သဗ္ဗသမ္ပတ္တိ သိဒ္ဓိယာ။
ဒါနံ ဒဒန္တု သဒ္ဓါယ၊
သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာ ဘိရတာ ဟောန္တု ၊
ဂစ္ဆန္တု ဒေဝတာ ဂတာ။

**ဧတ္တာဝတာစ** = ဤမျှ အတိုင်းအရှည်ရှိသော ပါဠိမြောက်၊ အနက်မချွတ် နှုတ်သံလွှတ်၍ ရွတ်ဖတ်အပ်သောအစဉ်ဖြင့် **အမှေဟိ**

www.burmeseclassic.com

www.burmeseclassic.com



= ပရိတ်တရား ရွတ်ပွါးအားထုတ် အကျွန်ုပ်တို့သည်၊ သမ္ဗတံ = ပါရမီပြည့်ကြောင်း သဒ္ဓါလောင်း၍ ကောင်းစွာဖြည့်ကျင့် ဆည်းပူး အပ်သော၊ ပုညသမ္ဘဝံ = ကိလေသာကြေးညှော်ကို ဆေးလျှော် သန့်ရှင်းဖြူစင်သော ကောင်းမှု၏ ပြည့်စုံခြင်းကို၊ သဗ္ဗဒေဝါ = ခပ်သိမ်းကုန်သော နတ်တို့သည်၊ သဗ္ဗသမ္ပတ္တိ သိဒ္ဓိယာ = လောကုတ္တရာ လောကီ နှစ်လီဆုံးကုန် အလုံးစုံသော၊ ဂုဏ်သိန်တန်ခိုး စည်းစိမ် ချမ်းသာ၏ ပြီးစီးခြင်း အကျိုးငှာ၊ အနုမောဒန္တု = ပါရမီပြည့်ကြောင်း သူတော်ကောင်းတို့ နှစ်ဆောင်းအားရမ်းပြုနိုင်စွမ်း ကြသည်ဟု ဝမ်းမြောက် နှစ်သက် ကြပါစေကုန်သတည်း၊

သဒ္ဓါယ = ရတနာ သုံးတန်ကံ၊ ကံ၏အကျိုးကို မြတ်နိုးယုံကြည် တတ်သော သဒ္ဓါတရားဖြင့်၊ ဒါနံ = မိမိနှင့် ထိုက်တန်သော လှူဒါန်း ရန်အစုစု ဆွမ်းစသော ဒါနဝတ္ထုကို၊ ဒဒန္တု = နှစ်သက် ရွှင်ပျ လှူဒါန်းကြစေကုန်သတည်း။ သဗ္ဗဒါ = နေ့ ညဉ့်မခြား အခါခပ်သိမ်း သီလံ = ကောင်းကျင့် ကောင်းကြံ၊ မြဲမြံစွာ ကျင့်သုံးအပ်သော သီလကို၊ ရက္ခန္တု = သီလကျေးဇူး ဂုဏ်အထူး၌ နှူးညွတ်အာရုံ စောင့်ရှောက်ကြပါစေကုန်သတည်း။ ဘာဝနာဘိရတာ = သမထ ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်း၌ ရွှင်လန်းမွေ့လျော်ကြကုန်သည် ဟောန္တု = ဖြစ်ကြပါစေ ကုန်သတည်း။ အာဂတာ = ပရိတ်တော် ကိုနာခံလို၍ ထိုထိုအရပ်မှ လာရောက်ကြကုန်သော၊ ဒေဝတာ = သမ္မာဝါဒီ ပါရမီမွေ့လျော် နတ်သူတော်တို့သည်။ ဂစ္ဆန္တု = ကိုယ်စီ ကိုယ်စီ၊ ထိုဤရပ်ဘောင် ဓါတ်တန်ဆောင်နှင့် လျှပ်ရောင်လျံသန်း ဗိမာန်နန်းသို့ စံမြန်းပြန်သွားကြပါကုန်လော့။

*********



"၂၆။ စစ်ကိုင်းတောင်ရိုး၊ ရွှေကျောင်းသာသနာပိုင်၊ ရွှေဟင်္သာ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင်ရေးသားတော်မူသော သံဝေဇနီယဋ္ဌာနဘုရားရှိခိုး၊ ဂါထာတော်များ"

**( ဖွါးမြင်တော်မူရာ၌ ရှိခိုးဂါထာ )**

* ပုဒ္ဓေါ ဇာတောသိ ဣမမှိ၊
သာလ ရုက္ခဝနေ ရမေ။
တသောဝ ဂုဏ ဝိသေသော၊
သရိတ္ဝာ တံ နမာမဟံ။

ပုဒ္ဓေါ = သစ္စာလေးအင်၊ ကိုယ်တိုင်မြင်သည့်၊ တို့ရှင် ထွတ်ဘား မြတ်ဘုရားသည်၊ ရမေ = သာယာဆန်းကြယ် လွန်တင့်တယ်၍ မွေ့လျော်ဖွယ်ရှိသော၊ ဣမမှိသာလရုက္ခဝနေ = ဤအင်ကြင်းပင် တောအုပ်၌၊ ဇာတောသိ = လူတွင်ထင်ရှား၊ ရှေ့ဆောင်သွားရန်၊ မွေးဖွားကြည်လင် ဖွါးမြင်တော်မူလေပြီ၊ တသောဝပုဒ္ဓဿ = ထိုသို့ သောမြတ်စွာဘုရား၏ သာလျှင်၊ ဂုဏဝိသေသော = နတ်၊ လူ၊ ဗြဟ္မာ၊ သတ္တဝါထက်ကဲသာ သကတ်ဂုဏ်ထူးမြတ်တို့ကို၊ သရိတ္ဝာ = အာရုံ ဆောက်မှုဆင်ခြင် အောက်မေ့ခြင်း ကိုပြု၍၊ အဟံ = အကျွန်ုပ်သည်၊ နမာမိ=ရိုသေညွတ်ကျိုး၊ ဦးထိပ်မိုး၍ ရှိခိုးပါ၏ဘုရား။

**( ဘုရားအဖြစ်သို့ ရောက်တော်မူရာ ဗောဓိပင်၌ရှိခိုးဂါထာ )**

ပုဒ္ဓေါ ပုဗ္ဗတိ ဣမမှိ၊ ရုက္ခမှိ ဓမ္မ မုတ္တမံ။
သုပုဒ္ဓံတံ နမဿာမိ၊ သဗ္ဗည္ဍု လောကနာယကံ။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓေါ = သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင် သိမြင်တော်မူသော မြတ်စွာဘုရားသည်၊ ဣမမှိ ရုက္ခမှိ = ဘုရားရှင်တို့ မချိုပွင့်ရာ ရတနာမြေမင်း၊ ဤမဟာ ဗောဓိပင်ရင်း၌၊ ဥတ္တမံ = သိဋ္ဌည်း၊ ကဿပ အစေလတရား အစားစားတို့ထက် လွှမ်းတက်ကျော်လတ်ထူးမွန်မြတ်သော၊ ဓမ္မံ = သစ္စာလေးပါး မြတ်တရားကို၊ ဗုဇ္ဈတိ = ဆရာမရှိကိုယ်တိုင်ကြည့်၍ သိရှိတွေ့မြင်တော်မူ၏။ သဗ္ဗညုံ = ဥယျဥသုံ၊ သိအပ်သမျှသော တရားစုံကို အကုန်အစင် သိမြင်တော်မူသော၊ သုဗုဒ္ဓံ = သစ္စာ လေးပါး မြတ်တရားကို ကောင်းစွာသိမြင်တော်မူသော၊ တံဗုဒ္ဓံ = ထိုမြတ်စွာဘုရားကို၊ အဟံ = အကျွန်ုပ်သည်၊ နမဿာမိ = ရှိသေ မြတ်နိုး သဒ္ဓါမိုးကို ရွာဖြိုးလျက်သာရှိခိုးပါ၏ အရှင်ဘုရား။

**( ဓမ္မစကြာ တရားတော်ကို ဟောတော်မူရာ မိဂဒါဝုန်၌ရှိခိုးဂါထာ )**

ဗုဒ္ဓေါ ဣမမှိဒါယမှိ၊<br>
ဓမ္မ စက္က မဒေသယိ၊<br>
နိဗ္ဗာန ပါပကံ ဓမ္မံ၊<br>
တံ နမဿာမိ သာဒရံ။

ဗုဒ္ဓေါ = သစ္စာလေးခွင် တရားအင်ကို ကောင်းစွာ သိမြင် တော်မူသော မြတ်စွာဘုရားသည်၊ ဣမမှိ ဒါယမှိ = သားသမင် တို့မြူးရွှင်သဘာဝ ဘေးကင်းကြ၍ ချမ်းမြအတွေ့မွေ့လျော်ရာ ဖြစ်သော ဤမိဂဒါဝုန်တော၌ နိဗ္ဗာနပါပကံ = နိဗ္ဗာန်ရွှေမြို့သို့ ပို့ဆောင်ပေးတတ်သော ဓမ္မစက္ကံ = ဒုက္ခ၊ သမုဒယ၊ နိရောဓနှင့် မဂ္ဂလေးဖြာ ဓမ္မစကြာဟုဆိုအပ်သော၊ ဓမ္မံ = တရားတော်ကို



အဒေသယိ = ပဥ္စဝဂ္ဂီ ဤငါးလီအား မနသိကာရသနားလှ၍ ကျန သွန်သင် မြင်အောင် သဘော ဦးစွာစော၍ ဟောကြားတော်မူလေပြီ၊ တံဗုဒ္ဓံ = ထိုမြတ်စွာ ဘုရားကို၊ သာဒရံ = အာရုံရှေ့သွား၊ ရိုသေ လေးစားခြင်းနှင့်တကွ၊ နမဿာမိ = ဦးညွတ်ဝပ် လျှိုး၊ လွန်မြတ် နိုးကာ ရှိခိုးပါ၏ဘုရား။

**( ဇေတဝန်ကျောင်းတော်ရာဒေသသို့ရှိခိုးရန်ဂါထာ )**

ဣဓ ဗုဒ္ဓေါ နိဝါသောသိ၊<br>
ဣဓေ ကဒါဝ ဝါသကော။<br>
ဇေတဝနာဒိ ဌာနေသု၊<br>
ဌတွာ ဗုဒ္ဓံ ဝန္ဒာမဟံ။

ဗုဒ္ဓေါ = သစ္စာသိမြင်၊ ဉာဏ်၌ထင်သည့် ဂေါတမမည်တွင် ဘုရားရှင်သည်၊ ဣဓ = ဤသည့်မြို့ပြဤဌာန၌၊ နိဝါသော = ဝါတော် ကာလနှစ်ဆယ်ကျအောင် ထာဝရရွှင်ပြုံး နှလုံးမွေ့လျော်သီတင်း သုံးနေတော်မူ၏။ ကဒါဝ ကဒါစေ = ကာလမကြာရံခါရံခါ၌ သာလျှင် ဝါသကော = အလှည့်အလည်ကြည့်ရှုကျိုးဖလ ခေတ္တမျှ သာလျှင် ရွှင်ကြည်နှလုံး သီတင်းသုံးတော်မူ၏၊ ဣတိ = ဤသို့လျှင် ဇေတဝနာဒိ ဌာနေသု = ဇေတဝန် ပုဗ္ဗာရုံဝေဠုဝန်အစရှိသော ဌာနတို့၌ ဌတွာ = အခိုက်အတန့်မကြန့်မကြာရပ်ခါရပ်ခါနားနေ၍ အဟံ = အကျွန်ုပ်သည်၊ ဗုဒ္ဓံ = မြတ်စွာဘုရားကို၊ ဝန္ဒာမိ = အတိတ် အာရုံပြန်ခြုံ မျှော်ကိုး လွန်မြတ်နိုးကာ ရှိခိုးကန်တော့ပါ၏ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



( ပရိနိဗ္ဗာန်ပြုကြရာကုသိနာရုံ၌ ရှိခိုးသောဂါထာ )

သမ္ဗုဒ္ဓေါ ကုသိနာ နိဗ္ဗုတော၊
ဇာတျာဒိ ဒုက္ခ ကွန္တကံ။
ဩဟာယ သန္တိ မာရဗ္ဘ၊
နိဗ္ဗုတံ တံနမာမဟံ။

သမ္ဗုဒ္ဓေါ = သစ္စာလေးခွင်တရားအင်ကို ကောင်းစွာသိမြင်တော်မူသော မြတ်စွာဘုရားသည်၊ ဇာတျာဒိ ဒုက္ခကွန္တကံ = ဇာတိအစရှိသော ဒုက္ခခန္ဓာအပေါင်းကို ဩဟာယ = ပယ်စွန့်တော်မူ၍၊ သန္တိံ = သန္တိသုခနိဗ္ဗာနကို၊ အာရဗ္ဘ = အာရုံပြု၍ (ဝါ) အကြောင်းပြု၍၊ ကုသိ = ကုသိနာရုံအမည်သာစွ ဤမြို့ပြင်၌၊ နိဗ္ဗုတော = ခန္ဓာငါးဝကွယ်ပျောက်ကြ၍ ကာမတဏှာ ဝိတဏှာတို့ ရှင်းကွာချုပ်သိမ်း၍ငြိမ်းအေးတော်မူလေပြီ။ နိဗ္ဗုတံ = အငြိမ်းကြီးငြိမ်းတော်မူပြီးသော တံဗုဒ္ဓံ = ထိုမြတ်စွာဘုရားကို၊ အဟံ = အကျွန်ုပ်သည်၊ နမာမိ = ရိုသေမြတ်နိုး ဦးညွှတ်လျှိုးကာရှိခိုးပါ၏ဘုရား။

( သတ္တဝါတို့အား တရားအရသာကို တိုက်ကျွေးတော်မူပြီး၍ ပရိနိဗ္ဗာန်ပြုတော်မူသည်ကို အာရုံပြု၍ရှိခိုးသောဂါထာ )

ဇနဿ ဓမ္မမေဒဿ၊
ရသံ ဒတွာန အာယုကံ။
နိဗ္ဗုတော ယော တထာဂတော၊
နမာမိ တံ သုနိဗ္ဗုတံ။

ယော တထာဂတော = ရှေးရှေးဘုရားရှင်တို့ကဲ့သို့ ကောင်းစွာ ကြွသွားခြင်း ရှိတော်မူသော မြတ်စွာဘုရားသည်၊



အာယုကံ = ခေတ် ကာလတည် သက်တော်ရှည်သမျှ ကာလပတ်လုံး၊ ဇနဿ = လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါဟူသုံးဘုံလူအပေါင်းအား၊ ဓမ္မမေဒဿ = ဓမ္မ အစစ်တရားတော် အဆီအနှစ်၏၊ ရသံ = ဩဇဉ်အရသာ အဖြာဖြာထက် ကဲသာထူးချွန်မွန်မြတ်သော ဓမ္မအရသာကို၊ ဒတွာန = ထုတ်ဖော် ဟောကြားပေးသနားတော်မူပြီး၍၊ နိဗ္ဗုတော = ပရိနိဗ္ဗာန်ဝင်စံချုပ်သိမ်း ၍ငြိမ်းတော်မူလေပြီ၊ တံတထာဂတံ = ထိုသို့သဘောရှိသော မြတ်စွာဘုရားကို၊ အဟံ = အကျွန်ုပ်သည်၊ နမာမိ = စိတ်စဉ်အလိုက်အာရုံ စိုက်၍ ဦးခိုက်ရိုကျိုး ညွှန်မြတ်နိုးကာ ရှိခိုးပါ၏ အရှင်ဘုရား။

( နိဗ္ဗာန်ချမ်းသာကို ခံစားတော်မူသော မြတ်စွာဘုရားကို ရည်မှန်း၍ ရှိခိုးသောဂါထာ )

နိဗ္ဗာန သုခ ဝေဒိတော၊
သဗ္ဗ ဒုက္ခေဟိ ဝိမုတ္တော။
နာမရူပေဟိ နိဗ္ဗုတော၊
နမာမိ တံ သုသုခိတံ။

ယောဘဂဝါ = ဘုန်းတော်ခြောက်ပါး ဂုဏ်တော်အားဖြင့် ...င်ရှားပြည့်စုံတော်မူသော အကြင်မြတ်စွာဘုရားသည်၊ နိဗ္ဗာန ...ခ ဝေဒိတော = နိဗ္ဗာန်တည်းဟူသော သန္တိသုခကိုကောင်းစွာ ...ရှိ၍၊ ကိုယ်တော်တိုင်ခံစားတော်မူ၏၊ သဗ္ဗဒုက္ခေဟိ = ခပ်သိမ်း ...လှ ဒုက္ခဟူသမျှတို့မှ၊ ဝိမုတ္တော = အထူးအားဖြင့် လွတ်မြောက် ...တော်မူ၏။ နာမ ရူပေဟိ = နာမ်ရုပ်နှစ်ပါး သင်္ခါရသဘောတရားတို့မှ ...တော = အမြစ်ပြတ်၍ နောက်ထပ်မဖြစ်စင်စစ်ငြိမ်းအေးတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



သုသုခိတံ = အငြိမ်းအေးကြီး ငြိမ်းအေးတော်မူခြင်းရှိသော၊ တံဘဂဝန္တံ = ဘုန်းတော်ကြီးမားထို မြတ်စွာဘုရားကို၊ အဟံ = အကျွန်ုပ်သည်၊ နမာမိ = သတိရှေ့သွား အာရုံထား၍ ညွတ်တွားမြတ်နိုး ဦးထိပ်မိုး၍ ရှိခိုးပါ၏ဘုရား။

*********

## ၂၇။ ရာဇဂြိုဟ်တွင် ရွတ်ပတ်ပူဇော်ရန်

### ဂိဇ္ဈကုဋ်တောင်ထိပ်တွင် ရွတ်ဖတ်ပူဇော်ရန်

မြတ်စွာဘုရားရှင်ကိုယ်တော်ကြီးသည် ရာဇဂြိုဟ်ပြည်အနီး ဂိဇ္ဈကုဋ်တောင်ကြီးတွင် သီတင်းသုံးတော်မူစဉ် ရဟန်း၊ သံဃာ နတ်၊ ဗြဟ္မာ၊ လူပရိသတ်တို့နှင့်တကွ မဥ္ဇူသက သတ္တဝါအား ပရိမိတ္တဇာလသုတ်တော်ကို ဟောကြားတော်မူခဲ့ပါသည်။ ပွင့်တော်မူပြီးကြကုန်သော ဘုရားရှင်အပေါင်းတို့သည်လည်း ဤပရိမိတ္တဇာလ သုတ်ပရိတ်တော်ကို တစ်ကြိမ်စီ ဟောကြားတော်မူခဲ့ကြသည်။

ဤပရိမိတ္တဇာလသုတ် ပရိတ်တော်ကြီးအား ရွတ်ပွါးပူဇော်သူတို့အဖို့ အသက်တစ်ရာကျော်ရှည်နိုင်ပါသည်။ မရေတွက်နိုင်သော ကုသိုလ်အကျိုးတရားများ ရရှိစေမည်ဖြစ်ပါသည်။

#### ပရိမိတ္တဇာလသုတ္တ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ ဧဝံ မေ သုတံ - ဧကံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဂိဇ္ဈကူဋေ ပဗ္ဗတေ။ တေန ခေါ ပန သမယေန ကုမ္ဘဏ္ဍေန ယက္ခေန ဒေဝေန ယက္ခေန, ကုမ္ဘဏ္ဍေန ယက္ခေန, ဂြာဟေန ယက္ခေန, သုပဏ္ဏေန ယက္ခေန, နာဂေန ယက္ခေန, ဂန္ဓဗ္ဗေန ယက္ခေန, ပုဗ္ဗဒိသေန ယက္ခေန, အဂ္ဂိဒိသေန ယက္ခေန, ဒက္ခိဏဒိသေန ယက္ခေန, နရတိမဒိသေန ယက္ခေန, ပစ္ဆိမဒိသေန ယက္ခေန, ပါရပ္ပဒိသေန ယက္ခေန, ဥတ္တရဒိသေန ယက္ခေန, ဧသန္နဒိသေန ယက္ခေန, သမုဒ္ဒဒိသေန ယက္ခေန, အာကာသဒိသေန ယက္ခေန, ဘူမဒိသေန ယက္ခေန။



၂။ အပ္ပမေယျော ဗုဒ္ဓေါ၊ အပ္ပမေယျော ဓမ္မော၊ အပ္ပမေယျော သံဃော၊ ဘယသန္တံ မဟာမောဂ္ဂလ္လာနံ။

၃။ ယတ္ထ ယတ္ထ အပါဒကာ၊ ယတ္ထ ယတ္ထ ဒွိပါဒါ၊ ယတ္ထ ယတ္ထ စတုပ္ပါဒါ၊ ယတ္ထ ယတ္ထ ဗဟုပ္ပါဒါ၊ ပါဒအန္တံ ဥဒရအန္တံ စက္ခုအန္တံ မုခအန္တံ ဝိဇ္ဇါအန္တံ။

၄။ နမော ဗုဒ္ဓဿ၊ နမော ဓမ္မဿ၊ နမော သံဃဿ။ သကလလောကဓာတုမာတာပိတုဗုဒ္ဓရက္ခနံ ကတံ၊ သကလလောက- ဓာတုမာတာပိတုဓမ္မရက္ခနံ ကတံ။ သကလလောကဓာတု- မာတာပိတုသံဃရက္ခနံ ကတံ၊ ရတ္တိံ ဝါ ဒိဝါဝါသဒါမံ ရက္ခန္တု။

၅။ သဗ္ဗဒေဝတာယ ဣမဿ ပရိမိတ္တဇာလဿ တေဇေန ဣမသ္မိံ အပါကရာ သရီရေ ယေကေစိ ဥပဒ္ဒဝါ အာနုဘာဝေန တေဇေန ဣမသ္မိံ လောကေ,ဣမသ္မိံ ဇမ္ဗုဒီပေ, ဣမသ္မိံ ပဗ္ဗတေ, ဣမသ္မိံ နဂရေ, ဣမသ္မိံ ဂေဟေ သဗ္ဗသတြူ ဝိနဿန္တု၊ သဗ္ဗေ ဥပဒ္ဒဝါ ဝိနဿန္တုတိ။

ပရိမိတ္တဇာလသုတ္တံ နိဋ္ဌိတံ။

××××××××××

www.burmeseclassic.com

www.burmeseclassic.com





## ဩဝါဒပါတိမောက်

မြတ်စွာဘုရားအား ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရက ဇမ္ဗူဒိပ်ကျွန်းတွင် ရှေးဦးသောကျောင်းကို ဆောက်လှူခဲ့ပါသည်။ ထိုကျောင်း လှူဒါန်းစဉ်က မြေငလျင်များတုန်လှုပ်ခဲ့ရပါသည်။ ထိုရာဇဂြိုဟ်ပြည်မှန် ဝေဠုဝန်စံကျောင်းတော်တွင် မြတ်ဗုဒ္ဓသီတင်းသုံးစဉ် ရှင်သာရိပုတ္တရာအလောင်း ဥပတိဿပရိဗိုဇ် နှင့် ရှင်မောဂ္ဂလာန်အလောင်း ကောလိတပရိဗိုဇ် တို့ရောက်လာခဲ့ပြီး ရဟန်းပြုခဲ့ကာ ရဟန္တာဖြစ်တော်မူခဲ့ကြပါသည်။ တပို့တွဲလပြည့်နေ့ဖြစ်ခြင်း၊ မည်သူမျှမပင့်ဖိတ်ရပဲ ရဟန်းပေါင်း ၁၂၅၀ တို့ စည်းဝေးမိခြင်း၊ ထိုရဟန်းအားလုံးတို့သည် ဧဟိဘိက္ခု ရဟန်းချည်းဖြစ်ခြင်း ထိုရဟန်းအားလုံးပင် ဆဠဘိည ( အဘိညာဏ် ခြောက်ပါးရရှိကြသည် ) ရဟန်းချည်းဖြစ်ခြင်းစသော အင်္ဂါလေးပါးနှင့်ပြည့်စုံသော သန္နိပါတ(သာဝကအစည်းအဝေးကြီး) ကိုပြုတော်မူပြီးလျှင် အရှင်သာရိပုတ္တရာနှင့်အရှင်မဟာမောဂ္ဂလာန် မထေရ်ကြီးနှစ်ပါးတို့အား အဂ္ဂသာဝကရာထူးကို အပ်နှင်းပေးတော်မူခဲ့ပါသည်။

ထိန်းသိမ်းစောင့်ရှောက်လိုက်နာသူကို အပါယ်ဒုက္ခဘေးစသည်မှ လွတ်မြောက်စေတတ်သောကြောင့် မြတ်စွာဘုရားတို့၏ အကျဉ်းချုပ်အဆုံးအမဩဝါဒနှင့် ပညတ်တော်မူအပ်သော သိက္ခာပုဒ် များကို " ပါတိမောက် " ဟုခေါ်ပါသည်။ ထိုပါတိမောက်သည် (၁) ဩဝါဒပါတိမောက် (၂) အာဏာ ပါတိမောက်ဟူ၍ နှစ်ပါးအပြားရှိပြီး ဩဝါဒပါတိမောက်ကို မြတ်စွာဘုရားတို့သာလျှင် ပြတော်မူဟောတော်မူကြရပါသည်။

ဘုရားတိုင်း ဘုရားတိုင်း ဩဝါဒပါတိမောက်ကို ဟောကြား



ပြသတော်မူလေ့ရှိပါသည်။ ဝိပဿီမြတ်စွာဘုရားသည် ခုနစ်နှစ်တစ်ကြိမ်၊ သိခီမြတ်စွာဘုရား၊ ဝေဿဘူမြတ်စွာ ဘုရားတို့သည်ခြောက်နှစ်တစ်ကြိမ်၊ ကကုသန်မြတ်စွာဘုရား၊ ကောဏာဂုံမြတ်စွာဘုရားတို့သည်တစ်နှစ်တစ်ကြိမ်၊ ကဿပမြတ်စွာဘုရားသည် ခြောက်လတစ်ကြိမ် ဩဝါဒပါတိမောက်ကို ပြသတော်မူခဲ့သည်သာ ဖြစ်ပါသည်။

ထိုဩဝါဒပါတိမောက်သုံးဂါထာတို့ကို သက်တော်ရှည် မြတ်စွာဘုရားတို့သည် သာသနာအဆုံးတိုင် ပြတော်မူကုန်၏။ အသက်တမ်း တိုတောင်းတော်မူကြသည့် ဘုရားရှင်တို့သည်ကား ပဌမဗောဓိခေါ်သော ရှေ့ပိုင်းနှစ်ပရိစ္ဆေဒ ကာလအတွင်း၌သာ ပြတော်မူကြကုန်၏။ ထိုသက်တမ်းတိုတောင်းတော်မူကြသည့် မြတ်စွာ ဘုရားတို့သည် သိက္ခာပုဒ်ကို ပညတ်သောအခါမှစ၍ ဩဝါဒပါတိမောက်ကို ပြတော်မမူကြကုန်။ တပည့်၊ ရဟန်းတို့သည်သာလျှင်အာဏာပါတိမောက်ခေါ်သော ဝိနည်းသိက္ခာပုဒ်များကို ၁၅-ရက် တပက္ခတစ်ကြိမ် ပြတော်မူကြကုန်၏။ ထို့ကြောင့် အကျွန်ုပ်တို့၏ အစိန္တေယျသုံးလောက ဘွတ်ထားမြတ်စွာဘုရားသည်လည်း ပထမဗောဓိခေါ်သော ရှေ့ပိုင်းဝါနှစ်ဆယ်အတွင်း၌သာလျှင် ယခုဖော်ပြပါရွတ်ပွါးပူဇော်ရမည့် ဩဝါဒပါတိမောက်ကို ပြတော်မူပါသည်။

(သံဃာတော်များပါလာပါက သံဃာတော်များမှ ရှေ့ကတိုင်ပေးပြီး ဘုရားဖူးများက နောက်ကလိုက် ရွတ်ဆိုပူဇော်သင့်ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



## ဩဝါဒပါတိမောက်

၁။ ခန္တီ ပရမံ တပေါ တိတိက္ခာ၊
နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ၊
နဟိ ပဗ္ဗဇိတော ပရူပဃာတီ၊
နသမဏော ဟောတိပရံဝိဟေဌယန္တော

၂။ သဗ္ဗပါပဿ အကရဏံ၊
ကုသလဿ ဥပသမ္ပဒါ၊
သစိတ္တ ပရိယောဒပနံ၊
ဧတံ ဗုဒ္ဓါန သာသနံ။

၃။ အနူပဝါဒေါ အနူပဃာတော၊
ပါတိမောက္ခေစ သံဝရော၊
မတ္တညုတာစ ဘတ္တသ္မိံ၊
ပန္တဉ္စ သယနာသနံ၊
အဓိစိတ္တေ စ အာယောဂေါ၊
ဧတံ ဗုဒ္ဓါန သာသနံ။

ထိုဩဝါဒပါတိမောက်ကိုရွတ်ပွါးပူဇော်ပြီးလျှင် အမှတ်စဉ် ( ၂ ) မြန်မာပြန်ဖြစ်သော အောက်ပါလင်္ကာကို ရွတ်ပါ။

မကောင်းမှုရှောင်၊
ကောင်းမှုဆောင်၊
ဖြူအောင်စိတ်ကိုထား၊
ဘုရားတိုင်းသာ၊ ဟောမိန့်မှာ၊
သုံးဖြာဤစကား။



ယခု ကာလန္တက ရေကန်ကြီးအနီးတွင် ဩဝါဒပါတိမောက် ဟောကြားခဲ့ရာ အထိမ်းအမှတ် ရုပ်ပွါးတော်ရှိပါသည်။

### ပိပ္ဖလိလိုဏ်ဂူတွင် ရွတ်ပွါးပူဇော်ရန် ဗောဇ္ဈင်သုတ်တော်

မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရှင်မဟာမောဂ္ဂလာန်နာမကျန်းဖြစ်၍ ဗောဇ္ဈင်သုတ်တော်ကို ဟောကြားတော်မူခဲ့ပါသည်။ ငယ်နာမည် ပိပ္ပလိလုလင်ဟုအမည်ရှိသော အရှင်မဟာကဿပကိုယ်တော်မြတ်ကြီးသည်လည်း ရာဇဂြိုဟ်ပြည်ရှိ ပိပ္ပလိလိုဏ်ဂူ၌ သီတင်းသုံးတော်မူစဉ်နာမကျန်းဖြစ်ခဲ့ပါသည်။ ထိုအခါ ဘုရားမြတ်စွာကိုယ်တော်တိုင်ကြွတော်မူလာပြီး ဗောဇ္ဈင်သုတ်တော်ကို ဟောကြားတော်မူခဲ့ပါသည်။ ရှင်မဟာကဿပ နေထိုင်သောလိုဏ်ဂူမှာ ယခုရေချိုးဆိပ်အတက်တွင် ရှိပါသည်။ မြတ်ဗုဒ္ဓဟောကြားသော ဗောဇ္ဈင်တရားကို နာယူမှတ်သားရသော ရှင်မဟာမောဂ္ဂလာန်နှင့် ရှင်မဟာကဿပတို့မထေရ်ကြီး နှစ်ပါးတို့မှာ ရောဂါဝေဒနာများမှ ချက်ချင်းပင်ပျောက်ကင်းခဲ့ကြရပါ သည်။ မြတ်ဗုဒ္ဓကိုယ်တိုင်ပင် ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် မမာမကျန်းဖြစ်တော်မူခဲ့၍ စုန္ဒမထေရ်မှ ဗောဇ္ဈင်တရားတော်ကို ရိုသေစွာလျှောက်ထားရွတ်ဆိုခဲ့ပါသည်။

ဘုရားရှင်လည်း အလွန်နှစ်သက် ဝမ်းမြောက်ခြင်းရှိသည်ဖြစ်၍ ဝေဒနာမှကင်းစင် လွှင့်ပျောက်ချမ်းသာခြင်းသို့ ရောက်တော်မူခဲ့ရပါ သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဗောဇ္ဈင်သုတ်တော်ကို ပိပ္ပလိလိုဏ်ဂူ ရောက်ခိုက်တွင် ရွတ်ပွါးပူဇော်နိုင်ကြပါသည်။

*********

## ဗောဇ္ဈင်သုတ် ပရိတ်တော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(က) သံသာရေ သံသရန္တာနံ၊ သဗ္ဗဒုက္ခ ဝိနာသနေ။
သတ္တ ဓမ္မေ စ ဗောဇ္ဈင်္ဂေ၊ မာရသေနာပမဒ္ဒနေ။

(ခ) ဗုဇ္ဈိတွာ ယေစိ မေ သတ္တာ၊ တိဘဝါ မုတ္တကုတ္တမာ။
အဇာတိမ,ဇရာဗျာဓိ၊ အမတံ နိဗ္ဘယံ ဂတာ။

(ဂ) ဧဝမာဒိဂုဏူပေတံ၊ အနေကဂုဏသင်္ဂဟံ။
ဩသဓဉ္စ ဣမံ မန္တံ၊ ဗောဇ္ဈင်္ဂဉ္စ ဘဏာမ ဟေ။

၁။ ဗောဇ္ဈင်္ဂေါသတိသင်္ခါတော၊ ဓမ္မာနံဝိစယောတထာ။
ဝီရိယံ ပီတိ ပဿဒ္ဓိ၊ ဗောဇ္ဈင်္ဂါစ တထာပရေ။

၂။ သမာဓုပေက္ခာ ဗောဇ္ဈင်္ဂါ၊ သတ္တေတေ သဗ္ဗဒဿိနာ။
မုနိနာ သမ္မဒက္ခာတာ၊ ဘာဝိတာ ဗဟုလီကတာ။

၃။ သံဝတ္တန္တိ အဘိညာယ၊ နိဗ္ဗာနာယစ ဗောဓိယာ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

### မောဂ္ဂလ္လာနဗောဇ္ဈင်

သတ္တိမေ မောဂ္ဂလ္လာန ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

ကတမေ သတ္တ-

သတိသမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလ္လာန မယာ သမ္မဒက္ခာတော



ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလ္လာန မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဝီရိယသမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလ္လာန မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ပီတိသမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလ္လာန မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလ္လာန မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

သမာဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလ္လာန မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလ္လာန မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဣမေ ခေါ မောဂ္ဂလ္လာန သတ္တ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

www.burmeseclassic.com

www.burmeseclassic.com



## ကဿပဗောဇ္ဈင်

သတ္တိ မေ ကဿပ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

ကတမေ သတ္တ-

သတိသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

